မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၄၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ ကြာသပတေးနေ့။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄)အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၅ ခုနှစ် တပေါင်းလပြည့် (၂၀၁၄ ခုနှစ်၊ မတ်လ ၁၅ ရက်၊ စနေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ကုန်းမြေ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၂ ▲

သောက်သုံးရေ၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Yang Houlan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာစန်းလွင်၊ ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း သောက်သုံးရေ၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ တရုတ်-မြန်မာ နှစ်နိုင်ငံဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစီမံချက် လက်တွေ့အကောင်အထည်ဖော်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Yang Houlan အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာငါးတန်မျိုး နိုင်ငံတကာဈေးကွက်တန်းဝင်ရန် အဆင့်မြှင့်တင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

သတင်း
မောင်စိန်လွင်
ဓာတ်ပုံ
မင်းထက်

မြန်မာငါးတန်ငါးမျိုး နိုင်ငံတကာဈေးကွက်တန်းဝင်ရန် အဆင့်မြှင့်တင်မှုများကို ဒိန်းမတ်နိုင်ငံ အယ်လာအကွာ (Alleraqua) **မှ မြန်မာနိုင်ငံ ပြည်တွင်းငါးလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းပြီး နိုင်ငံတကာဈေးကွက်သို့ တန်းဝင်ရောင်းချနိုင်ရေး ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အကြံပေးကော်မတီအဖွဲ့ဝင် ဒေါက်တာ ပီတင်က ပြောကြားသည်။**

နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်ရောင်းချနိုင်ခြင်းမရှိသေးသည့် ပြည်တွင်းငါးတန်ငါးမျိုးများကို နိုင်ငံတကာသို့ ဈေးကွက်တန်းဝင်ပြီး ထိုးဖောက် ရောင်းချနိုင်ရေးအတွက် ဒိန်းမတ်နိုင်ငံ အယ်လာအကွာ စီးပွားရေးလုပ်ငန်းက မကြာမီကာလအတွင်း ပြည်တွင်း ရေလုပ်ငန်းရှင်များနှင့် အကျိုးတူ လာရောက်ပူးပေါင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အပတ်စဉ် အင်္ဂါနေ့တိုင်းပြုလုပ်သည့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးတွင် ဒေါက်တာပီတင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ယနေ့ကမ္ဘာတွင် အဆီအသားမျှပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ငါးတန်ငါးမျိုးများကို ရုရှားနိုင်ငံက စားသုံးမှုအများဆုံးဖြစ်ပြီး ဗီယက်နမ်နှင့်တရုတ်နိုင်ငံတို့မှ ဝယ်ယူတင်သွင်းလျက်ရှိသည်။ မြန်မာနိုင်ငံ၌ ငါးတန် မွေးမြူရေးလုပ်ငန်းကို သီးသန့် ငါးကန်အနေဖြင့် မွေးမြူခြင်းမရှိဘဲ ငါးမြစ်ချင်း၊ ပါကူးငါးများဖြင့် တွဲဖက်ပြီး ဧက နှစ်သိန်းကျော်အထိ မွေးမြူလျက်ရှိသည်။ ဈေးကွက်အနေဖြင့်လည်း ပြည်တွင်းဈေးကွက်သာ ထိုးဖောက်နိုင်ခဲ့ပြီး ပြည်ပနိုင်ငံများသို့ အဆင့်အတန်းမီ ထိုးဖောက်ရောင်းချနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

“ အခုလာမယ့် ဒိန်းမတ်နိုင်ငံ အယ်လာအကွာ(Alleraqua) စီးပွားရေးလုပ်ငန်းစုက မြန်မာငါးတန်ငါးမျိုး အဆင့်မြှင့်တင်ဖို့ နည်းပညာပိုင်းဆိုင်ရာရော၊ ဈေးကွက်ပိုင်းဆိုင်ရာပါ ဧပြီ ၁ရက်ကစပြီး လာရောက် အကျိုးတူ ပူးပေါင်းလုပ်ဆောင်မှာပါ။ ဒါမှလဲ ကျွန်တော်တို့ရဲ့ ငါးတန်ငါးမျိုး အဆင့်မြင့် ဈေးကွက်ဝင်မှာဖြစ်ပါတယ်။ နိုင်ငံခြားဈေးကွက်အနေနဲ့ အခွင့်အလမ်းကောင်း အလားအလာရှိလာရင် ပြည်တွင်းမွေးမြူရေးလုပ်ငန်းရှင်တွေ တိုးချဲ့မွေးမြူလာကြမှာပါ။ တိုးချဲ့မွေးမြူလာတာနဲ့အမျှ နိုင်ငံခြားငွေ ပိုမိုရရှိလာတဲ့အပြင် တစ်ဖက်ကလည်း နည်းပညာပိုင်းဆိုင်ရာကအစ စက်ရုံ၊ အလုပ်ရုံ ပြည်တွင်းအလုပ်သမားတွေပါ အခွင့်အလမ်းကောင်းတွေ ရရှိလာမှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အကြံပေးကော်မတီအဖွဲ့ဝင် ဒေါက်တာပီတင်က ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ◆

ရှားပါးလာပြီဖြစ်သည့် မြန်မာငါးတန်ငါးများကို ကြည့်မြင်တိုင် စံပြငါးဈေး၌ တွေ့ရစဉ်။

သ တင်း မာ တိ ကာ

အာရှဒေသစီးပွားရေးအသိုက်အဝန်း ဖွံ့ဖြိုးရေးရည်ရွယ် မဲခေါင်ဒေသ ငါးနိုင်ငံအား ဂျပန်ကူညီမည် စာမျက်နှာ - ၄

ရင်ခုန်ရဦးမယ့် ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၂) စာမျက်နှာ - ၅

ယာဉ်မောင်းလိုင်စင်ထုတ်ပေးမှုစနစ် ဆောင်းပါး စာမျက်နှာ - ၆

ကျောက်ဆည်နယ်မှ ကျောက်သခွားမွှေးများ တရုတ်ပြည်သို့တင်ပို့ စာမျက်နှာ - ၁၂

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကျေးလက်အိမ်တိုင်း လျှပ်စစ်မီးလင်းရမည်

ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ကျေးရွာတိုင်း လျှပ်စစ်မီးရရှိရေးသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်တွင် မြို့ပြများနှင့် နီးကပ်သော ဒေသများ၌ ဓာတ်အားလိုင်းများမှ မီးသွယ်တန်းပြီး လျှပ်စစ်မီးရနိုင်သော်လည်း မြို့ပြနှင့် အလှမ်းဝေးသော ကျေးလက်ဒေသများ၊ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသောဒေသများအတွက် ငွေကြေးကုန်ကျစရိတ် အလွန်များပြားမည်ဖြစ်၍ အခက်အခဲများ ရှိနိုင်ပါသည်။

ကျေးလက်ဒေသများ မီးလင်းရေးလုပ်ငန်းစဉ်တွင် လုပ်ကိုင်သင့်သော စွမ်းအင်နှစ်မျိုးမှာ နေစွမ်းအင်နှင့် လေစွမ်းအင်ပင်ဖြစ်သည်။ ဤစွမ်းအင်နှစ်မျိုးသည် ကျေးလက်ဒေသများ မီးလင်းရေးအတွက် အဆင်ပြေဆုံး ဖြစ်လိမ့်မည်ဟု ယူဆမိပါသည်။ နေရောင်ခြည်ကောင်းစွာရရှိသော မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသည် နေစွမ်းအင်ထုတ်ယူသုံးစွဲရန် အကောင်းဆုံးအနေအထား ရှိပါသည်။ ယခုအခါ ဈေးကွက်များ၌ နေစွမ်းအင်ထုတ်ယူနိုင်သည့် ဆိုလာပြားများကို အလွယ်တကူဝယ်ယူရရှိနေပြီဖြစ်ပါသည်။ အိမ်တိုင်းအိမ်တိုင်း တစ်ပိုင်တစ်နိုင် ဆိုလာပြားများဖြင့် မီးလင်းနိုင်ပါသည်။ အနည်းဆုံး ဆိုလာမီးဖြင့် အိမ်မီးထွန်းခြင်းနှင့် ရုပ်မြင်သံကြားစက်များ ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

ထို့အတူ လေစွမ်းအင်ကို လေတိုက်နှုန်းအားကောင်းသည့် ဒေသများနှင့် ကမ်းရိုးတန်းဒေသများ၌ ကောင်းစွာထုတ်ယူနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအောက်ပိုင်း၌ ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ကျေးလက်ဒေသများတွင် လေစွမ်းအင်ကို ထုတ်ယူသုံးစွဲသင့်ပေသည်။ လေတိုက်နှုန်းအားကောင်းသည့် မြစ်ရိုး၊ ချောင်းရိုး၊ ဆည်တမံဝန်းကျင်တို့တွင် လေစွမ်းအင်ထုတ်ရန် အကောင်းဆုံးနေရာများ ဖြစ်ပါသည်။

မဟာဓာတ်အားလိုင်း လက်လှမ်းမမီသည့် ကျေးလက်ဒေသများတွင် အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးတာဘိုင်များ တည်ဆောက်ပေးခြင်း၊ ဆိုလာစနစ်သုံးခြင်း၊ ဇီဝဓာတ်ငွေ့မီးစက်များ ထုထောင်ခြင်း၊ လေရဟတ်များ အသုံးပြုခြင်း စသည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိသည့်အနက် နှစ်သောင်းကျော်ကို ထိုနည်းလမ်းများဖြင့် မီးလင်းအောင် ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်းဖြင့် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ တောင်ညိုရေလှောင်တမံသို့ရောက်ရှိစဉ် ဒေသခံများနှင့် တွေ့ဆုံရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကျေးလက်မီးလင်းရေးလုပ်ငန်းစဉ်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသော လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ ယင်းအတွက် နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ ဒေသန္တရအဖွဲ့အစည်းများ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ၊ ကျေးလက်နေပြည်သူများ ပူးပေါင်းကာ မြို့နယ်လုံးကျွတ်၊ ကျေးရွာလုံးကျွတ် မီးလင်းရေးအတွက် ဝိုင်းဝန်းအားထုတ်ကြရမည် ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ရာတွင် နေစွမ်းအင်နှင့် လေစွမ်းအင်မှ လျှပ်စစ်မီးရရှိရန် ထိထိရောက်ရောက် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားသင့်ပါသည်။ သို့မှသာ ကျေးရွာတိုင်း မီးလင်းပြီး လူမှုဘဝများ တိုးတက်လာမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မြန်မာ့သမဝါယမမိတ်သဟာယ ဖွံ့ဖြိုးတိုးတက်ရေးအသင်း အလုပ်အမှုဆောင်အဖွဲ့များနှင့် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဧည့်ခန်းမ၌ မြန်မာ့သမဝါယမမိတ်သဟာယ ဖွံ့ဖြိုးတိုးတက်ရေးအသင်း အလုပ်အမှုဆောင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ မြန်မာ့သမဝါယမမိတ်သဟာယ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်းက သမဝါယမ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများ၊ ဗဟိုသမဝါယမအသင်းအပါအဝင် အသင်းအဆင့်ဆင့်မှ အမှုဆောင်ဝန်ထမ်းများ စုစုပေါင်း အသင်းသားဦးရေ ၅၅၄ ဦးနှင့်စတင်ဖွဲ့စည်းခဲ့ကြောင်း၊ အသင်း၏ရည်ရွယ်ချက်ဖြစ်သည့် အသင်းသားများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကိစ္စရပ်များတွင် ကူညီရိုင်းပင်း ဆောင်ရွက်နိုင်စေရန်နှင့် အသင်းအချင်းချင်း ချစ်ကြည်ရင်းနှီးစွာတွေ့ဆုံနိုင်စေရန် ဆောင်ရွက်နေမှု၊ လူမှုရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုတို့ကို ရှင်းလင်းဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သမဝါယမဝန်ကြီးဌာနအနေဖြင့်လည်း သမဝါယမလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတကာတွင် အောင်မြင်နေသော သမဝါယမအသင်းများကဲ့သို့ အနာဂတ်တွင် မိမိဘာသာ ရပ်တည်နိုင်မည့် အဆင့်ရောက်အောင် တည်ဆောက်လျက်ရှိပါကြောင်း၊ သမဝါယမအသင်းတစ်ခု ထုတ်ကုန်တစ်ခု ထုတ်လုပ်နိုင်သည်အထိ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမကျောင်းများတွင် အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ်အခြေခံပြည့်ဝသော အသက်မွေးဝမ်းကျောင်းပညာတတ်များ မွေးထုတ်ပေးခြင်းတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် Micro-finance လုပ်ငန်းများ အောင်မြင်ရေးအတွက် Mind set ပြောင်းလဲခြင်းအား အဓိကထားဆောင်ရွက်နေပြီး Risk Management System ကိုလည်း တဖြည်းဖြည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဝန်ကြီးဌာန၏ ဆောင်ရွက်ရန်လုပ်ငန်းစဉ်များအဖြစ် အသေးစားချေးငွေလုပ်ငန်း ဆောင်ရွက်ခြင်း၊ သမဝါယမလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်း၊ ငွေကြေးအရင်းအမြစ် တည်ဆောက်ခြင်း၊ နည်းပညာသွင်းအားစုသတင်းအချက်အလက် အရင်းအမြစ်တည်ဆောက်ခြင်း၊ ကုန်ထုတ်ခြင်း၊ အရည်အသွေး စစ်ဆေးတွက်ချက်ခြင်း၊ ထိုက်တန်သောဈေးရရှိအောင် ဈေးကွက်တည်ဆောက်ခြင်း၊ ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းအား တည်ဆောက်ခြင်း၊ ဆုံးရှုံးမှုသို့မဟုတ် စွန့်စားရမှုအပေါ် ကာကွယ်ပေးမည့်စနစ် တည်ဆောက်ခြင်း၊ အခြားဆက်စပ်သော ကဏ္ဍများ တည်ဆောက်ခြင်းဟူသည့် လုပ်ငန်းစဉ်ခုနစ်ရပ်အား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက်ဝန်ထမ်းများမှ ကြိုးစားဆောင်ရွက်စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးအား ညနေ ၃ နာရီက ဗဟိုသမဝါယမအသင်း ဧည့်ခန်းမ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ACCU ဌာနေကိုယ်စားလှယ် ရာဂျစ်က လာရောက်တွေ့ဆုံရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အသေးစားချေးငွေလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လက်ရှိဆောင်ရွက်နေသော အသေးစားချေးငွေလုပ်ငန်းသည် ငွေကျပ် ၃၀၀၀၀ လောက်သာ ထုတ်ချေးပေးသောလုပ်ငန်းဖြစ်သော်လည်း ၂၀၁၄ ခုနှစ်တွင် အသင်းသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ မှ ငွေကျပ် ၅၀၀၀၀၀ အထိ ထုတ်ချေးပေးရန် စီစဉ်ထားရှိပါကြောင်း၊ အသေးစားချေးငွေလုပ်ငန်း အောင်မြင်ရန်အတွက် တစ်ဦးချင်းထိန်းသိမ်းနည်းစနစ်၊ အဖွဲ့လိုက်ထိန်းသိမ်းနည်းစနစ်၊ အသင်းမှထိန်းသိမ်းနည်းစနစ် စသည်ဖြင့် ကျင့်သုံးဆောင်ရွက်လျက် ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ သမဝါယမ အခြေခံအုတ်မြစ်ချနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်နေပါကြောင်း ACCU အဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွင်း အသေးစားချေးငွေလုပ်ငန်း ပူးပေါင်းလုပ်ကိုင်စေလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့ရှောင်လမ်း ဖောက်လုပ်

ကလေး ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် မြို့ရှောင်လမ်းကို အောင်သစ္စာရပ်ကွက်နှင့် မြို့လှရပ်ကွက်တို့ကို ဆက်သွယ် ဖောက်လုပ်လျက်ရှိရာ အဆိုပါလမ်းပြီးစီးပါက ယာဉ်မတော်တဆမှုများ လျော့ကျသွားနိုင်သည်ဟု သိရသည်။

ကလေးမြို့သည် လမ်းဆုံမြို့ဖြစ်ရာ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များပေါများပြီး ယာဉ်မတော်တဆမှုများ မြင့်တက်လာသောကြောင့် ယာဉ်တိုက်မှုများ လျှော့ချနိုင်ရန် အရှည်၁၀၈၈၃ ပေရှိ မြို့ရှောင်လမ်းကို ဖောက်လုပ်ရန် လမ်းအူကြောင်းရှာဖွေခြင်းလုပ်ငန်းကို ၂၀၁၁ ခုနှစ် ဧပြီ ၁၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မြို့ရှောင်လမ်းကို ယခုအခါ Rose Wood ကုမ္ပဏီက ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၂ ရက်တွင် အရှည်ပေ ၂၂၀၀ အထိ ဖောက်လုပ်ပြီးစီးခဲ့ကြောင်းသိရသည်။ ဒေသခံတစ်ဦးက "ဒီမြို့ကိုဖြတ်သန်းပြီး မောင်းနှင်သွားမယ့် ကုန်တင်ယာဉ်ကြီးတွေ မြို့ရှောင်လမ်းအတိုင်း မောင်းနှင်သွားကြမယ်၊ နောက်ပြီးတော့ မြို့ရှောင်လမ်းက ကလေးမြို့ရဲ့ အဓိကအားထားရာ လမ်းမကြီးတစ်ခုဖြစ်တဲ့ ဗိုလ်ချုပ်လမ်းမပေါ် ယာဉ်ကြောရှုပ်ထွေးမှုကို သိသိသာသာ လျော့ကျသွားနိုင်တာမို့ ယာဉ်မတော်တဆမှုတွေလည်း လျော့ကျသွားမှာပါ"ဟု ပြောသည်။

မြို့ရှောင်လမ်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ဖေဖော်ဝါရီ ၁၅ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

သျှင်နေမင်း

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား

ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် Mr. Robert Cooper နှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် (I-1) ၌ လာရောက်တွေ့ဆုံပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် အရာထမ်းများအား လေ့လာရေးခရီးစဉ်များ၊ သင်တန်းပေးရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့နှစ်ရပ်ကြား ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးမြှင့်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်အား ဖင်လန်နိုင်ငံခြားရေးဝန်ကြီး၏ စေ့စပ်ညှိနှိုင်းရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်အား ဖင်လန်နိုင်ငံခြားရေးဝန်ကြီး၏ စေ့စပ်ညှိနှိုင်းရေးဆိုင်ရာ အထူးကိုယ်စားလှယ် ဒေါက်တာကင်မိုကေးဂျူနန်နှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီဆောင် (I-1) ၌ လာရောက်တွေ့ဆုံပြီး ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များ၊ တိုင်းရင်းသားရေးရာကိစ္စများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စများကို အမြင်ချင်းဖလှယ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရှေ့နေချုပ်အား ပြည်ပကိုယ်စားလှယ်များလာရောက်တွေ့ဆုံ ဥပဒေရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား International Committee of the Red Cross (ICRC) မှ Regional Legal Advisor, Mr.Richard Desgagne ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီခွဲက လည်းကောင်း၊ ထိုင်းနိုင်ငံအခြေစိုက် အမေရိကန် ကုန်သည်ကြီးများ အသင်းမှ ဥက္ကဋ္ဌဖြစ်သူ Mr. Mariano Vela ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃ နာရီက လည်းကောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမ၌ သီးခြားစီ လာရောက်၍ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံစဉ် ၂၀၁၀ ခုနှစ် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေအရ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ရေးဆွဲပေးပို့လာသော ဥပဒေ(မူကြမ်း)များကို ဥပဒေနှင့်အညီ စိစစ်ပေးမှု၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပြည်တွင်းဥပဒေပြဋ္ဌာန်းရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ စီမံဆောင်ရွက်နေမှု၊ အမေရိကန် ကုန်သည်ကြီးများအသင်းက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့လုပ်ကိုင်နိုင်ရန် ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံတွင် ရုံးခွဲတစ်ခုဖွင့်လှစ်ရာ၌ ဥပဒေပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့် အချက်များနှင့်စပ်လျဉ်း၍ အကြံဉာဏ်များ တောင်းခံလိုမှုတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(ပြည်ထောင်စုရှေ့နေချုပ်ရုံး)

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပျဉ်းမနားမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးဓမ္မဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ သက်ကြီး ဘိုးဘွားများ၊ ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)နာယကကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းဝင်များ၊ ပညာရည်ချွန်ဆုရကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)နာယက ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးလှမြင့်ဦးက အမှာစကားပြောကြားသည်။

ယင်းနောက် သက်ကြီးပူဇော်ပွဲကျင်းပခြင်း၊ ပညာရည်ချွန်ဆုရကျောင်းသား ကျောင်းသူများအား ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း၊ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ တင်ပြအတည်ပြုချက်ရယူခြင်း၊ အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်ခြင်းတို့ကို အစီအစဉ်အတိုင်း ကျင်းပသည်။

သက်ကြီးပူဇော်ပွဲ အခမ်းအနားတွင် ၇၅ နှစ်နှင့်အထက် အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်း၊ ၉၀ နှစ် နှင့်အထက် အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ်နှစ်သိန်းခွဲနှုန်းထောက်ပံ့ပေးအပ်ခဲ့သည်။ ပညာရည်ချွန်ဆု လျှောက်ထားလိုသူများသည် အသင်းတည်ရှိရာ အမှတ် (၂၆၅) ကျိုက္ကဆံလမ်း တာမွေမြို့နယ် ရန်ကုန်မြို့သို့ လျှောက်ထားနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာ

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ(၉)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ထန်းပင်ကုန်းရပ်ကွက် ထန်းပင်ကုန်းလမ်းမကြီး အမှတ်(၆) တွင် ပါတီရုံးချုပ် တည်ရှိသော **မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ** သည် ယင်းပါတီ၏ တံဆိပ်ကိုဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီတံဆိပ်ကိုကန့်ကွက်လိုကယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် နှစ်ပတ်လည်အကောင်းဆုံး စာမူဆုရရှိသူများစာရင်းကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

၂၀၁၃ ခုနှစ် မြဝတီ ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆု ရရှိသူများစာရင်းကို သက်ဆိုင်ရာစိစစ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာလိုက်သည်။

မြဝတီ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဇာနည်ထွန်း(ရွှေပန်းချီ-ရမည်းသင်း)က ပထမ၊ အောင်မြင့်ထွေးက ဒုတိယ၊ ကိုကိုဆန်နီ(သီဂီရွှေရည်)က တတိယ၊ အထူးဆုများအဖြစ် အေးလွင်ဦး(ရွှေပန်းချီ-ရမည်းသင်း)နှင့် မျိုးမင်းကြွယ် (ရွှေတောင်ကြား)နှင့် ဦးစိန်ထွန်း(ဟသ်ာတ)တို့က အသီးသီး ရရှိကြသည်။

မြဝတီမဂ္ဂဇင်း

၂၀၁၃ ခုနှစ်အတွက် မြဝတီ မဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံး ကာတွန်းဆုကို ကာတွန်းမောင်မောင်ညွှက်က လည်းကောင်း၊ အကောင်းဆုံး ကဗျာဆုကို ဒေါက်တာပြေသိန်း (စစ်ကိုင်းပညာရေးတက္ကသိုလ်)၏ သကြၤန်နွေရက် ပေးဆပ်သူများကဗျာကလည်းကောင်း၊ အကောင်းဆုံး ဆောင်းပါးဆုကို ကျော်ကျော်သန်း (မဟာဝိဇ္ဇာ)၏ နိုင်ငံတော်နှင့် တပ်မတော် ရေကန်နှင့်ကြာပန်းပမာ ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို မဂေါ်ဇီ၏ ကွန်မအသက် ၁၃ နှစ်က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို မင်းဇာလူ၏ ကွန်ုပ်နှင့် ဖိုလ်ဝင်မြွေကြီးကလည်းကောင်း အသီးသီးရရှိကြသည်။

ငွေတာရီမဂ္ဂဇင်း

၂၀၁၃ ခုနှစ်အတွက် ငွေတာရီ မဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံး ကာတွန်းဆုကို ကာတွန်းမြေဇာက လည်းကောင်း၊ အကောင်းဆုံး ကဗျာဆုကို မြင်းမူမောင်နိုင်မိုး၏ အမိစာဆိုသို့ လွမ်းတခြင်းကဗျာက လည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို ရေနံ့သာမောင်ကျော်ညွှန့်၏ သတ်ပုံလွဲတဲ့စာက လည်းကောင်း၊ အကောင်းဆုံး ဝတ္ထုတိုဆုကို ခင်ကြူကြူတင်၏ ငါးတန်ဟင်းတစ်ခွက်က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို မုဒုံ-သုမွန်၏ ပန်းတစ်ပွင့်၏ အတ္ထုပ္ပတ္တိက လည်းကောင်း အသီးသီးရရှိကြသည်။

ဆုရရှိသူများအနေဖြင့် မြဝတီ မဂ္ဂဇင်းတာဝန်ခံစာတည်း ဖုန်း-၀၉-၅၀၀၁၅၉၁၊ ငွေတာရီတာဝန်ခံစာတည်း ဖုန်း-၀၉-၄၉၃၀၀၉၆၄ တို့သို့ ကြိုတင်ဆက်သွယ် သတင်းပို့ကြရန်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနား ကျင်းပမည့် နေရာနှင့် နေ့ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ **(မြဝတီ)**

နိုင်ငံတကာသတင်း

အာဆီယံစီးပွားရေးအသိုက်အဝန်းဖွံ့ဖြိုးရေးရည်ရွယ် မဲခေါင်ဒေသ ငါးနိုင်ငံအား ဂျပန်ကူညီမည်

တိုကျို ဖေဖော်ဝါရီ ၁၉

လာမည့် ၂၀၁၅ ခုနှစ်အကုန်ဘက်စုံ ပေါင်းစည်းထားသော အာဆီယံ စီးပွားရေးအသိုက်အဝန်း တစ်ရပ် ပိုမိုဖြစ်ထွန်းလာစေရေး ရည်ရွယ်ကာ မဲခေါင်မြစ်ဝှမ်းဒေသရှိ နိုင်ငံများ၌ အခြေခံအဆောက်အအုံများနှင့် ၄င်းဒေသများ၌ ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးရေးတည်ဆောက်ရာတွင် အရှေ့တောင်အာရှ ငါးနိုင်ငံတို့အား ကူညီထောက်ပံ့မှုများ ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံမှ ယမန်နေ့ကကတိပြု ပြောကြားခဲ့သည်။

အဆိုပါ ကတိပြုပြောကြားချက်ကို တိုကျိုမြို့၌ ကျင်းပသော ဂျပန်-မဲခေါင်ဖိုရမ်တွင် ဂျပန်နိုင်ငံခြားရေးဒုတိယဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများရှိ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနည်းသည့်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် လျော့ပါးစေရေးအတွက် အကူအညီပေးရန် မျှော်မှန်းထားသည်။

မဲခေါင်ဒေသ ငါးနိုင်ငံတို့မှာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့ ဖြစ်ကြသည်။ ၄င်းငါးနိုင်ငံသည် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူတို့ ပါဝင်ဖွဲ့စည်းထားသော အရှေ့တောင်အာရှ နိုင်ငံများအသင်းတွင်လည်း ပါဝင်ကြသည်။

တိုကျိုအနေဖြင့် ပြီးခဲ့သည့်နှစ်က မဲခေါင်ဒေသနိုင်ငံများသို့ ဗီဇာလိုအပ်ချက်များ လျှော့ပေါ့ပေးခဲ့ပြီးနောက် ဂျပန်နှင့် မဲခေါင်ဒေသများအကြား စီးပွားရေးဆက်နွှယ်မှု၊ လူအချင်းချင်း ကူးလူးဆက်နွှယ်မှုများ တိုးတက်လာစေရေး မျှော်မှန်းထားသည်။ ဂျပန်တို့သည် ပြီးခဲ့သည့်နှစ်က ကမ္ဘောဒီးယား၊ လာအိုနိုင်ငံနှင့် တိုက်ရိုက်လေကြောင်းလိုင်းထားရှိရန် နှစ်နိုင်ငံဆွေးနွေးချက်များ ပြုလုပ်သဘောတူညီမှုရှိခဲ့ပြီး ဒီဇင်ဘာလက မြန်မာနိုင်ငံနှင့်လည်း အလားတူ ရင်းနှီးမြှုပ်နှံမှုသဘောတူညီမှုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်သည်။ **(အမ်အင်န်အေ/ကျိုဒို)**

ယူကရိန်းရဲက အစိုးရသပိတ်စခန်းကို ဝင်ရောက်စီးနင်း ရဲအရာရှိခုနစ်ဦးအပါအဝင် အနည်းဆုံးလူ ၁၈ ဦး သေဆုံး

ကီယက်ဗ် ဖေဖော်ဝါရီ ၁၉

ယူကရိန်းရဲက မြို့တော် ကီယက်ဗ်ရှိ အဓိက သပိတ်စခန်းများကို ဝင်ရောက်စီးနင်းရာမှ ဆန္ဒပြသူများနှင့် ရဲအဖွဲ့ အဓိကရုဏ်းအကြီးအကျယ်ဖြစ်ပွားလျက်ရှိသည်။

ယူကရိန်းသမ္မတ ယာနုကိုဗစ်ချ်က ရုရှားနှင့် အနီးကပ်ဆက်ဆံပြီး အီးယူနှင့်စာချုပ်တစ်ရပ်အပေါ် ငြင်းဆိုခဲ့ပြီးနောက် နိုဝင်ဘာလမှစကာ ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။

အင်္ဂါနေ့က မြို့တော်ကီယက်ဗ်၌ ရဲတပ်ဖွဲ့ဝင်များက အဓိကသပိတ်စခန်းများကို ဝင်ရောက်စီးနင်းခဲ့စဉ် ရဲအဖွဲ့နှင့် ဆန္ဒပြသူများ အဓိကရုဏ်းဖြစ်ပွားခဲ့ရာ ရဲအရာရှိခုနစ်ဦး အပါအဝင် အနည်းဆုံးလူ ၁၈ ဦး သေဆုံးခဲ့သည်။

ယင်းအဓိကရုဏ်းသည် ဆန္ဒပြမှု စတင်ကတည်းက အဆိုးရွားဆုံးအကြမ်းဖက်မှုဖြစ်သည်။ ယူကရိန်းသမ္မတ ဗစ်တာယာနုကိုဗစ်ချ်က ယင်းအကြမ်းဖက်မှုအပေါ် အတိုက်အခံခေါင်းဆောင်များအား အပြစ်ပြောဆိုလိုက်သည်။

အစိုးရ တာဝန်ရှိသူများနှင့် အတိုက်အခံတို့အကြား ယမန်နေ့ညက ဆွေးနွေးခဲ့သော်လည်း ပြေလည်မှုမရခဲ့ပေ။ သမ္မတက အတိုက်အခံများအား အကြမ်းဖက်မှု ချက်ချင်းရပ်တန့်ရန် သတိပေးပြောကြားလိုက်သည်။ အဓိကရုဏ်း ရဲများက အစိုးရဆန့်ကျင် ဆန္ဒပြသူများ၏ အဓိက သပိတ်စခန်းကို ဝင်ရောက်စီးနင်း ဖြိုခွင်းခဲ့ရာ လူသိများသည့် လွတ်လပ်ရေးရင်ပြင်မိုင်ဒန်းဟု ၌ မီးပန်းများဖြင့် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ **(ဘီဘီစီ)**

မြို့တော် ဗန်ကောက် အထင်ကရနေရာများ ပြန်လည်သိမ်းယူရေး ထိုင်းရဲတပ်ဖွဲ့ဝင်များ ဆောင်ရွက်

ဗန်ကောက် ဖေဖော်ဝါရီ ၁၉

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ယမန်နေ့က ဖြစ်ပေါ်ခဲ့သည့် ထိုင်းရဲတပ်ဖွဲ့ဝင်များနှင့် အစိုးရဆန့်ကျင်ဆန္ဒပြသူများအကြား တိုက်ပွဲဖြစ်ပွားရာမှ ရဲတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် ငါးဦးသေဆုံးခဲ့ရကြောင်း ယနေ့သတင်းများတွင် ဖော်ပြကြသည်။

ဗန်ကောက်မြို့ရှိ ဒီမိုကရေစီ မော်ကွန်းအဆောက်အအုံအနီး ဆန္ဒပြသူများ၏ သိမ်းပိုက်နယ်မြေကို ပြန်လည်ရယူရေး ရဲတပ်ဖွဲ့ဝင်များက ကြိုးစားကြရာမှ တိုက်ပွဲဖြစ်ပွားရခြင်းဖြစ်ပြီး ယင်း တိုက်ပွဲမှ ၇၀ ခန့် ဒဏ်ရာရရှိခဲ့ကြသည်ဟု သိရသည်။ ၄င်းအနက်မှ ၃၂ ဦးတို့မှာ ဆေးရုံများတွင် ဆေးကုသမှုခံယူနေရဆဲဖြစ်သည်ဟု ဗန်ကောက်မြို့တော် အုပ်ချုပ်ရေးဌာနအောက် အရေးပေါ်ဆေးဝါးကုသရေးစင်တာမှ ဆိုသည်။ ဗန်ကောက်မြို့ရှိ ဒီမိုကရေစီ မော်ကွန်းအဆောက်အအုံ၊ အစိုးရအိမ်တော်၊ စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်း စုပေါင်းရုံးအနီး နေရာငါးခုကို ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် ဗန်ကောက်မြို့တော် ငြိမ်းချမ်းရေးလုပ်ရှားမှုအဖြစ် ပြီးခဲ့သည့် အင်္ဂါနေ့က ထိုင်းရဲတပ်ဖွဲ့ဝင်ဦးရေ ၂၅၀၀၀ တို့အား တပ်ဖြန့်နေရာချထားခဲ့သည်။ မြို့တော် ဗန်ကောက်ရှိ အထင်ကရ နေရာများအား ဆန္ဒပြသူများလက်တွင်းမှ ပြန်လည်သိမ်းယူနိုင်ရေးအတွက် ထိုင်းရဲတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက် ကြိုးစားသွားမည်ဖြစ်ကြောင်း ယာယီ အလုပ်သမားဝန်ကြီးဖြစ်သူ ချာလန်းယိုဘမ်ရပ်ချ်က ဆိုသည်။ **(ဘီဘီစီ)**

အီရတ်၌ ကားဗုံးများဆက်တိုက်ပေါက်ကွဲမှုကြောင့် သေဆုံးသူ ၅၀ ထိ ရှိလာ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်နှင့် ဟီလာမြို့များ၌ ကားဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ရာမှ သေဆုံးသူ အနည်းဆုံး ၄၉ ဦးထိရှိခဲ့ပြီဖြစ်ကြောင်း အရာရှိများက ပြောကြားသည်။

မြို့တော်ဘဂ္ဂဒက်၌ တစ်ရက်တည်းမှာပင် ကားဗုံးပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ရာမှ အနည်းဆုံး ၂၃ ဦး သေဆုံးခဲ့ပြီး ပြီးခဲ့သည့်လကလည်း ရှီးယိုက်အုပ်စုနှင့် အစိုးရအဖွဲ့တို့ကို အဓိကပစ်မှတ်ထား တိုက်ခိုက်မှုများကြောင့် လူ ၁၀၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ တိုက်ခိုက်မှုများကို မည်သည့်အဖွဲ့က လုပ်ဆောင်ခဲ့ကြောင်း မသိရသေးသော်လည်း ဆွန်နီစစ်သွေးကြွများသည် ယခင်ကတည်းကပင် ရှီးယိုက်အုပ်စုများကို ပစ်မှတ်ထားတိုက်ခိုက်မှုများရှိခဲ့သည်။

ဘဂ္ဂဒက်မြို့ ဗုံးပေါက်ကွဲမှုများ၌ ရှီးယိုက်အုပ်စုများမှ သေဆုံးသူ အနည်းဆုံး ၁၄ ဦးရှိခဲ့ကြောင်း၊ ဘေယာခရိုင်၏ မြို့တော် ကားပါကင်အတွင်း၌ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူငါးဦးရှိခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ကားပါကင်များနှင့် စီးပွားရေးနယ်မြေများ၌ ဖေဖော်ဝါရီ ၁၈ ရက်က တိုက်ခိုက်မှုများစွာ ဖြစ်ပွားခဲ့သည်ဟု အေပီသတင်းအေဂျင်စီက ဖော်ပြထားသည်။ ၄င်းနေ့၌ပင် အန်ဘာပြည်နယ်တွင် ဆွန်နီစစ်သွေးကြွများနှင့် အစိုးရတပ်ဖွဲ့များကြား ပြင်းထန်သောတိုက်ခိုက်မှုများကြောင့် အီရတ်စစ်သား ၁၃ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ယင်းပြည်နယ်၌ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကတည်းက အယ်လ်ခိုင်ဒါစစ်သွေးကြွများနှင့် အစိုးရတပ်ဖွဲ့များကြား ပြင်းထန်သော တိုက်ခိုက်မှု များစွာရှိခဲ့သည်။ အီရတ်နိုင်ငံ၌ ၂၀၀၈ ခုနှစ်ကတည်းကပင် ၄င်းကဲ့သို့ တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ ၂၀၁၃ ခုနှစ်အတွင်း တိုက်ပွဲများကြောင့် သေဆုံးသူအရေအတွက်မှာ အများဆုံးဖြစ်ကြောင်း သိရသည်။ **(ဘီဘီစီ)**

ပြည်နယ်သစ်ဖွဲ့စည်းရန် ဆန့်ကျင်ကန့်ကွက်ပြီးနောက် အန်ဒရာပရာဒေ့ရှ်ပြည်နယ်ဝန်ကြီးချုပ် နုတ်ထွက်

နယူးဒေလီ ဖေဖော်ဝါရီ ၁၉

အိန္ဒိယနိုင်ငံ အန်ဒရာပရာဒေ့ရှ်ပြည်နယ်ဝန်ကြီးချုပ်သည် တယ်လန်ဂါနာပြည်နယ်သစ် ဖွဲ့စည်းရန် ပါလီမန်အတွင်း ဥပဒေကြမ်းကို ဆန့်ကျင် ကန့်ကွက်ခဲ့ပြီးနောက် ရာထူးမှနုတ်ထွက်သွားသည်။

ကီရန်ကူးမားရက်ဒီက ၄င်း၏ အာဏာရပါတီမှလည်း နုတ်ထွက်လိမ့်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အောက်လွှတ်တော်က အဆိုပါ ပြည်နယ်သစ် ဖွဲ့စည်းရေး ဥပဒေမူကြမ်းကို ဆန္ဒပြနေသည့်ကြားမှ သဘောတူလိုက်ပြီး တစ်ရက်အကြာ မစ္စတာရက်ဒီ၏ မှတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါ ဥပဒေမူကြမ်းကို ဗုဒ္ဓဟူးနေ့က အထက်လွှတ်တော်သို့ တင်ပြခဲ့သည်။ ယင်းဥပဒေအရ အိန္ဒိယနိုင်ငံ၏ ၂၉ ပြည်နယ်မြောက် ဖွဲ့စည်းနိုင်မည်ဖြစ်သည်။

အဆိုပါပြည်နယ်သည် လူဦးရေ ၃၅ သန်းနေထိုင်ပြီး အန်ဒရာပရာဒေ့ရှ်ပြည်နယ် ခရိုင် ၂၃ ခုတွင် ခရိုင် ၁၀ ခုပါဝင်သည်။ ဟိုက်ဒရာဘတ်မြို့လည်း ပါဝင်သည်။ ဖေဖော်ဝါရီ ၅ ရက်က အဆိုပါဒေသကို ပြည်နယ်သစ် ဖွဲ့စည်းရန် လွှတ်တော်၌တင်ပြခဲ့သော်လည်း အစိုးရက လျစ်လျူရှုထားကြောင်း ပြည်နယ်သစ်ဖွဲ့စည်းရေး ထောက်ခံသူများက ပြောသည်။

ဟိုက်ဒရာဘတ်မြို့သည် စက်မှုနှင့် နည်းပညာကုမ္ပဏီအများအပြားရှိပြီး ၁၀ နှစ်အတွင်း ပြည်နယ်၏ မြို့တော် ဖြစ်လာနိုင်သည်။ ထိုအတောအတွင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်သည် မြို့တော်သစ် ထွက်ပေါ်လာရန် ကြိုးပမ်းရမည်ဖြစ်သည်။ **(ဘီဘီစီ)**

နိုင်ငံတကာအားကစားသတင်းနှင့်ကြော်ငြာ

ရင်ခုန်ရဦးမယ့် ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၂)

ဂျာမနီမြေက ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၂)ကို ဖေဖော်ဝါရီ ၂၂ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ဘိုင်ယန်မြူးနစ်က အဝေးကွင်းမှာ ဟန်နိုဗာနဲ့ဆုံတွေ့ရမှာဖြစ်လို့ အမှတ်ပြည့်ရနိုင်မယ့် အခြေအနေရှိနေပြီး ဒေါ့မွန်ကလည်း ဟမ်းဘတ်ကွင်းမှာ အနိုင်ရအောင်ကြိုးစားတာကို မြင်တွေ့ရဦးမှာဖြစ်ပါတယ်။ တဖြည်းဖြည်းနဲ့ ဒီနှစ်ဘွန်ဒက်စ်လီဂါချန်ပီယံ ဘယ်သူဖြစ်မလဲဆိုတာ ရုပ်လုံးပေါ်လာတော့မှာဖြစ်လို့ စိတ်ဝင်စားစရာကောင်းနေပါတယ်။

ဟန်နိုဗာနှင့် ဘိုင်ယန်မြူးနစ်

ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ ရှုံးပွဲမရှိသေးတဲ့ ဘိုင်ယန်မြူးနစ်ဟာ ဒီပွဲမှာလည်း မှတ်တမ်းကောင်း ဆက်လက်ရေးထိုးနိုင်ဖို့ ကြိုးစားပါလိမ့်မယ်။ ချန်ပီယံလိဂ်ကြောင့် ပွဲပန်းနေပေမယ့် ဖလားလုပွဲအရပ်ရပ်မှာ စစ်မျက်နှာဖွင့်ထားတဲ့ ဘိုင်ယန်မြူးနစ်ဟာ ဒီနှစ်ဘွန်ဒက်စ်လီဂါဖလားကို အသေအချာကာကွယ်ဖို့ ဆုံးဖြတ်ထားတာမို့ အမာခံကစားသမားတွေနဲ့ ပွဲထွက်လာပါလိမ့်မယ်။ ရလဒ်တွေဆိုးရွားနေတဲ့ ဟန်နိုဗာတို့ကတော့ အိမ်ကွင်းဆိုပေမယ့် ဘိုင်ယန်မြူးနစ်ရဲ့အင်နဲ့အားနဲ့ ဖိအားပေးကစားမှုကို တွန်းလှန်နိုင်ဖို့မလွယ်ပါဘူး။

ဟမ်းဘတ်နှင့် ဒေါ့မွန်

ဘွန်ဒက်စ်လီဂါမှာ ဂိုးအများဆုံးသွင်းယူနေတဲ့ လီဝန်ဒေါ်စကီးနဲ့ အောဘာမီယန်းတို့ကြောင့် နိုင်ပွဲတွေရနေတဲ့ ဒေါ့မွန်ဟာ တန်းဆင်းဇုန်ထဲကျရောက်နေတဲ့ ဟမ်းဘတ်ကို ဒီပွဲမှာ နိုင်ပွဲရအောင် ကစားမှာသေချာပါတယ်။ ဟမ်းဘတ်ရဲ့ရှန်းအားက ဒေါ့မွန်ကို ပုံစံပျက်စေမှာမဟုတ်တဲ့အတွက် ဒီပွဲမှာ ဒေါ့မွန်တို့ အမှတ်ပွန်းပဲ့ခံမှာမဟုတ်ပါဘူး။

ဝုလ်ဖ်ဘတ်နှင့် လေဗာကူဆင်

ပြီးခဲ့တဲ့ပွဲစဉ် (၂၁)မှာ ရှော်လ်ကေးကို ရှုံးပွဲကြုံခဲ့တဲ့ လေဗာကူဆင်ဟာ ဒီပွဲမှာတော့ ဝုလ်ဖ်ဘတ်နဲ့ ဆုံတွေ့ရတာ ကံဆိုးတာပါပဲ။ ဟာသာဘာလင်ကို အနိုင်ကစားခဲ့တဲ့ ဝုလ်ဖ်ဘတ်ဟာ အခုပွဲမှာ လေဗာကူဆင်ကို အနိုင်ယူပြီး အမှတ်ပြည့်ယူနိုင်အောင် စွမ်းဆောင်နိုင်မလား ကြည့်ရမှာပါ။ ဒီပွဲမှာ အိမ်ရှင်ကိုသဘောကျစရာဖြစ်ပေမယ့် ရမှတ်က ခွဲယူရမယ့်အနေအထားရှိပါတယ်။

စတုဂတ်နှင့် ဟာသာဘာလင်

တန်းဆင်းဇုန်ထဲမရောက်အောင် ရုန်းကန်နေရတဲ့ စတုဂတ်ဟာ ဒီပွဲမှာတော့ အိမ်ကွင်းမှာ ခြေကုန်ထုတ်ပါလိမ့်မယ်။ ဟာသာဘာလင်ဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အိမ်ကွင်းရှုံးပွဲကြုံခဲ့လို့ အခုပွဲမှာ နိုင်ပွဲပြန်ရအောင် အားထုတ်ပါလိမ့်မယ်။ တိုက်စစ်မှူးရာမို့စ် ဂိုးသွင်းနိုင်ရင်တော့ ဟာသာဘာလင်တို့ အမှတ်ပြည့် မျှော်လင့်နိုင်ပေမယ့် စတုဂတ်ရဲ့ အိုင်ဘီဆီဗစ်က ဂိုးသွင်းစွမ်းရည်ထက်မြက်သူဖြစ်တာမို့ သတိပြုရမှာဖြစ်ပါတယ်။ ဒီပွဲမှာ ညှော့သည်ရဲ့ ခြေစွမ်းကိုလည်း အားရပါတယ်။

ဖရန့်ဖတ်နှင့် ဝါဒါဘရီမင်

ခြေရည်တူနှစ်သင်းမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ ဖရန့်ဖတ်တို့က အိမ်ကွင်းအားထုတ်မှု ကောင်းသလို ဝါဒါဘရီမင်တို့ကလည်း အသင်းလိုက်နားလည်မှုရှိတာမို့ အားကုန်ထုတ်ကြမယ့်ပွဲပါ။ နှစ်သင်းစလုံး ခြေစွမ်းအတက်အကျရှိနေတဲ့ အသင်းတွေဖြစ်လို့ အမှားနည်းမှုအပိုင်းမှာ ဖရန့်ဖတ်တို့က အားသာတာမို့ အိမ်ရှင်ဟာ ဒီပွဲကို အမှတ်ပြည့်ရအောင် ကြိုးစားပါလိမ့်မယ်။

မိုချန်ဂလာဘတ်နှင့် ဟော့ဖန်ဟိမ်း

ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်မှန်းနေတဲ့ မိုချန်ဂလာဘတ်ဟာ ပြီးခဲ့တဲ့ပွဲစဉ် (၂၁)မှာ သရေပွဲဖြစ်ပြီး တစ်မှတ်သာရထားလို့ ဒီပွဲမှာတော့ သုံးမှတ်ယူနိုင်ရေး စွမ်းဆောင်ပါလိမ့်မယ်။ ဟော့ဖန်ဟိမ်းဟာ ဒီပွဲကို ရသလောက်အမှတ်ယူနိုင်ရေး ပြင်ဆင်လာမှာဖြစ်ပေမယ့် ဂိုးသွင်းကောင်းတဲ့ ရာဖေးလ်ကြောင့် မိုချန်ဂလာဘတ်တို့ မျှော်လင့်ချက်ပြည့်ဝနိုင်တဲ့ပွဲဖြစ်သွားနိုင်ပါတယ်။

—— မိုးမြင့်လင်းလက်

ချန်ပီယံလိဂ်တွင် မန်စီးတီးက ဘာစီလိုနာကိုရှုံးနိမ့်

ချန်ပီယံလိဂ် (၁၆) သင်းပြိုင်ပွဲ ပထမအကျော့တွင် မန်စီးတီးက ဘာစီလိုနာအသင်းကို နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်သွားသည်။ ဘာစီလိုနာအတွက် အနိုင်ဂိုးများကို မက်ဆီနှင့် အဲလ်ဗက်ဇ်တို့က သွင်းယူပေးခဲ့သည်။ ပွဲချိန် ၅၄ မိနစ်တွင် မန်စီးတီး နောက်တန်းလူ ဒီမစ်ချယ်လီက မက်ဆီကိုကြမ်းတမ်းစွာ ကစားခဲ့၍ ပယ်နယ်တီပေးခံရပြီး ဒီမစ်ချယ်လီ အနီကတ်ဖြင့် အထုတ်ခံရသည်။ ပယ်နယ်တီကို မက်ဆီက သွင်းယူခဲ့သည်။

မန်စီးတီးတို့ ချေပဂိုးရရှိရေး အကြိတ်အနယ် ကြိုးစားသော်လည်း မအောင်မြင်ခဲ့ပေ။ အဲလ်ဗက်ဇ်က ပွဲချိန် မိနစ် ၉၀ တွင် ဘာစီလိုနာအတွက် ဒုတိယအနိုင်ဂိုး သွင်းယူပေးခဲ့သည်။

ပီအက်စ်ဂျီ ဂိုးပြတ်နိုင်

ချန်ပီယံလိဂ် (၁၆) သင်းပြိုင်ပွဲတွင် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီက လေဗာကူဆင်အသင်းကို လေးဂိုးပြတ်ဖြင့်နိုင်ခဲ့သည်။ ယင်းပွဲတွင် ပီအက်စ်ဂျီနာမည်ကြီးတိုက်စစ်မှူး အီဘရာဟင်မိုဗစ်ချ်က နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ဘရိုင်ဆေးမာတိုင်းဒီက ညှော့အသင်း ပီအက်စ်ဂျီအတွက် တတိယဂိုးသွင်းယူပေးခဲ့သည်။ နယူးကာဆယ်မှ ပြောင်းရွှေ့လာသော ကာဘာရီကလည်း တစ်ဂိုးသွင်းယူပေးခဲ့သည်။ အီဘရာဟင်မိုဗစ်ချ်က ယင်းကဲ့သို့ နှစ်ဂိုးသွင်းယူပေးနိုင်မှုကြောင့် ချန်ပီယံ လိဂ်တွင် ဂိုးအများဆုံး သွင်းယူသူဖြစ်လာသည်။ ၄င်းသည်ယခုနှစ်ရာသီတွင် ချန်ပီယံလိဂ် ၁၀ ဂိုးသွင်းထားသည်။ စီရိုနယ်ဒိုက ကိုးဂိုးသွင်းထားသည်။

ဆိုချီအိုလံပစ် အမေရိကန်ပထမဆုံးရွှေရ

ရုရှားနိုင်ငံ၌ကျင်းပလျက်ရှိသော ဆိုချီဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် အမေရိကန်မှ ဒေးဗစ်ဝီဆေးက အမျိုးသားစကိတ်စီးပြိုင်ပွဲ Half Pipe တွင် နိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်ဆု ဆွတ်ခူးပေးလိုက်သည်။ ယင်းပြိုင်ပွဲတွင် ကနေဒါမှ မိုက်ရစ်ဒဲလ်က ဒုတိယငွေတံဆိပ်ရပြီး ပြင်သစ်မှလီဗင်ရိုလန်းက ကြေးတံဆိပ်ရသည်။ ဆိုချီအိုလံပစ်ပြိုင်ပွဲတွင် ၁၉ ရက်နေ့ပြိုင်ပွဲအပြီး ကနေဒါက ရွှေတံဆိပ်သုံးခု၊ အမေရိကန်ကနှစ်ခု၊ ဘယ်လာရုစ်က နှစ်ခုရပြီး ဦးဆောင်နေသည်။

ကောင်းမြတ်သူ-စုစည်းသည်

ယူရိုပါလိဂ် ပွဲစဉ်နှင့် ဂိုးရလဒ်များ

သီဟ

ယူရိုပါလိဂ် ၃၂ သင်းအဆင့် ပထမအကျော့ ဖေဖော်ဝါရီ ၂၀/၂၁

အန်ဇီ	-	ဂျန့်ခ်	ည	၁၁း၃၀
ဒီနီပရို	-	စပါး	နံနက်	၀၀း၃၀
ဂျူဗင်တပ်စ်	-	ထရက်ဗွန်စပေါ	နံနက်	၀၀း၃၀
ချာနိုမိုရက်စ်	-	လိုင်ယွန်	နံနက်	၀၀း၃၀
အက်စ်ဘတ်	-	ဖီအိုရင်တီးနား	နံနက်	၀၀း၃၀
ဒိုင်နမိုကိဗ်	-	ဗလင်စီယာ	နံနက်	၀၀း၃၀
PAOK	-	ဘင်ဖီကာ	နံနက်	၀၀း၃၀
လစ်ဗာရေ့စ်	-	အယ်လ်ခမာ	နံနက်	၀၀း၃၀
ဘက်တစ်	-	ရူဘင်ကာဇန်	နံနက်	၂း၀၅
ဆွမ်ဆီး	-	နာပိုလီ	နံနက်	၂း၀၅
မာရီဘော	-	ဆီဗီလာ	နံနက်	၂း၀၅
ပါလ်ဇန်	-	ရှက်တာဒိုးနက်	နံနက်	၂း၀၅
လာဇီယို	-	လူဒိုဂိုရက်စ်	နံနက်	၂း၀၅
အိုင်ယက်	-	ဆဲလ်ဘတ်	နံနက်	၂း၀၅
မက္ကာဘီတဲလ်အဗစ်	-	ဘေဆယ်	နံနက်	၂း၀၅
ပေါ်တို	-	ဖရန့်ဖတ်	နံနက်	၂း၀၅

ဆွမ်ဆီး Vs နာပိုလီ

ယူရိုပါလိဂ် ၃၂သင်းအဆင့် ပထမအကျော့တွင် ဆွမ်ဆီးအိမ်ကွင်းမှာ ကစားရမှာဖြစ်ပြီး ဆွမ်ဆီးက ပရီမီယာလိဂ်တွင် အဆင့်၁၀မှာ ရပ်တည်နေပြီး နောက်ဆုံးအိမ်ကွင်းငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံးထားပါတယ်။ ဧည့်သည်နာပိုလီက စီးရီးအေတွင် အဆင့်သုံးနေရာမှာ ရပ်တည်နေပြီး နောက်ဆုံးအဝေးကွင်း ငါးပွဲရလဒ်မှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။

နာပိုလီဟာ ကိုပါအီတာလီယာမှာ ရိုးမားအသင်းကို အိမ်ကွင်းမှာ ဂိုးပြတ်နဲ့ အနိုင်ယူခဲ့သလို စီးရီးအေမှာလည်း အေစီအသင်းကို ဂိုးပြတ်နဲ့ အနိုင်ယူထားပါတယ်။ ဆွမ်ဆီးအသင်းမှာ အက်ဖ်အေဖလားတွင် အဲဗာတန်အသင်းကို ဂိုးပြတ်နဲ့ရှုံးနိမ့်ခဲ့ပြီး ပရီမီယာလိဂ်တွင်လည်း ခြေမမှန်ဘဲ ခန့်မှန်းရခက်တဲ့အသင်းပါ။ ဒီပွဲမှာ လက်ရှိခြေစွမ်းအရ ကိုပါအီတာလီယာနဲ့ စီးရီးအေမှာ နိုင်ပွဲဆက်နေတဲ့ နာပိုလီကို အကြိုက်တွေ့မိပါတယ်။

ဖေဖော်ဝါရီ ၁၉ ဂိုးရလဒ်များ

လေဗာကူဆင်	၀-၄	ပီအက်စ်ဂျီ
မန်စီးတီး	၀-၂	ဘာစီလိုနာ
ယီအိုဗီး	၀-၀	ဝက်ဖို့ဒ်
ဝီဂန်	၂-၀	ဘန်စလေ
ရှက်ဖီးဝမ်းနက်စ်ဒေး	၀-၁	ဒါဘီ

ကွင်းလယ်ဒိုင်လူကြီး ဘာစီလိုနာကိုဘက်လိုက်ဆုံးဖြတ်

မန်စီးတီးနှင့် ဘာစီလိုနာကစားခဲ့သည့် ချန်ပီယံလိဂ် (၁၆) သင်း ပထမအကျော့တွင် ကွင်းလယ်ဒိုင်လူကြီး ဂျိုးနက်အဲရစ်ဆင်သည် ဘာစီလိုနာဘက်မှဘက်လိုက်ဆုံးဖြတ်ခဲ့သည်ဟု မန်စီးတီးနည်းပြ ပယ်လီဂရီနီက စွပ်စွဲပြောကြားလိုက်သည်။ ယင်းပွဲတွင် မန်စီးတီးက ဘာစီလိုနာကို နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ ဒိုင်လူကြီးက ဘာစီလိုနာကို ပယ်နယ်တီကန်ခွင့်ပေးခဲ့သည်။ နောက်တန်းလူ ဒီမစ်ချယ်လီကို အနီကတ်ပြထုတ်ပယ်ပြီး ဘာစီလိုနာကို ပယ်နယ်တီကန်ခွင့်ပေးခြင်းမှာ တရားမျှတမှုမရှိကြောင်း မန်စီးတီးနည်းပြက ဆိုသည်။

ဒိုင်လူကြီးသည် ဘာစီလိုနာအသင်းကို ပွဲအစမှ ပြီးဆုံးသည်အထိ ဘက်လိုက်ပေးခဲ့ကြောင်း ချီလီနိုင်ငံသား ပယ်လီဂရီနီကပြောသည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ယာဉ်မောင်းလိုင်စင်ထုတ်ပေးမှုစနစ်

ငမ်းခိုင်ပါးပါး

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အဓိက ရည်မှန်းချက်မှာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဖြစ်ပါသည်။ ရည်မှန်းချက်အောင်မြင်ရေးအတွက် လုပ်ငန်းတာဝန်(၄)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ "မော်တော်ယာဉ်မောင်းများကို စစ်ဆေး၍ ယာဉ်မောင်းလိုင်စင်များကို ဥပဒေနှင့်အညီထုတ်ပေးရန်"ဟူသော လုပ်ငန်းတာဝန်တစ်ရပ်ပါဝင်ပါသည်။ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရာတွင် ယခင်က မိမိနည်း မိမိဟန်ဖြင့် ယာဉ်မောင်းသင်ကြား၍ တတ်မြောက်လျှင် ဖြေဆိုခွင့်ပြုခဲ့ပါသည်။

အခုအခါ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် အရည်အချင်းပြည့်ဝသော ယာဉ်မောင်းများကိုသာ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် ဦးတည်၍ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးနယ်မြေတွင် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ယာဉ်မောင်းသင်တန်းကျောင်းများတွင် တက်ရောက်သင်ကြားပြီးကြောင်း အသိအမှတ်ပြု သင်တန်းဆင်းလက်မှတ်ပါရှိမှသာ ဖြေဆိုခွင့်ပြုလျက်ရှိပါသည်။ ယာဉ်မောင်းသင်တန်းကျောင်းမရှိသေးသည့် ဒေသများတွင်လည်း မိမိဌာနမှဖွင့်လှစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းရက်တို သင်တန်းများတွင် တက်ရောက်သင်ကြားပြီးသူများကိုသာ ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့်ပြုပါသည်။ စစ်ဆေးရာတွင်လည်း အမြင်အရောင်ခွဲခြားစစ်ဆေးခြင်း (Colour Blind Test)၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိမှုကို ရေးဖြေစနစ်ဖြင့် စစ်ဆေးခြင်း၊ ယာဉ်မောင်းလက်တွေ့မောင်းနှင်မှု စစ်ဆေးခြင်းတို့ကို ပြုလုပ်ပြီး အောင်မြင်မှသာ သတ်မှတ်ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုစာရင်းအရ တစ်ရက်လျှင် ယာဉ်တိုက်မှု ၃၀ ဒသမ ၁၂ မှုခန့် ဖြစ်ပွားပြီး ဒဏ်ရာရသူ ၆၄ ဒသမ ၀၅ ဦးခန့်နှင့် သေဆုံးသူ ၁၀ ဒသမ ၁၉ ဦးခန့်ရှိကြောင်း တွေ့ရှိရပါသည်။ လွန်ခဲ့သည့် ငါးနှစ်အတွက် သုံးသပ်ရာတွင် နှစ်စဉ်ပျမ်းမျှအားဖြင့် ယာဉ်တိုက်မှု ၁၃ ဒသမ ၃၃ ရာခိုင်နှုန်းခန့်၊ ဒဏ်ရာရသူ ၁၂ ဒသမ ၄၀ ရာခိုင်နှုန်းခန့်နှင့် သေဆုံးသူ ၁၄ ဒသမ ၄၉ ရာခိုင်နှုန်းခန့် တိုးနေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ယာဉ်မတော်တဆဖြစ်ပွားမှု၊ ဒဏ်ရာရရှိမှုနှင့်သေဆုံးမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

မြန်မာနိုင်ငံ၏ ယာဉ်မတော်တဆထိခိုက်အန္တရာယ်ဖြစ်မှု အခြေအနေပြဇယား

စဉ်	ခုနှစ်	ယာဉ်တိုက်မှု	ဒဏ်ရာရမှု	သေဆုံးမှု	မှတ်ချက်
၁	၂၀၀၉	၈၄၆၁	၁၄၇၀၀	၂၁၇၃	
၂	၂၀၁၀	၉၀၂၀	၁၆၀၁၃	၂၄၆၁	
၃	၂၀၁၁	၁၀၁၂၃	၁၇၀၈၀	၂၇၉၆	
၄	၂၀၁၂	၁၁၆၇၅	၁၉၆၈၄	၃၄၂၂	
၅	၂၀၁၃	၁၃၉၀၂	၂၃၃၇၈	၃၇၂၀၂	

ယာဉ်တိုက်ခိုက်မှုဖြစ်ပွားရခြင်းအကြောင်းအရင်းများကို ဆန်းစစ်ကြည့်ရာတွင် ယာဉ်တိုက်မှုများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် အခြေခံအားဖြင့်ယာဉ်ကို ကောင်းမွန်စွာ မောင်းနှင်တတ်သော်လည်း ယာဉ်မောင်းစည်းကမ်းပျက်ခြင်းကြောင့်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ယာဉ်တိုက်မှုဖြစ်ပွားသော ယာဉ်မောင်းများအား ယာဉ်မောင်းလိုင်စင် ရှိမှု/မရှိမှုကို စစ်ဆေးရာတွင်လည်း ၅၅ ဒသမ ၄၃ ရာခိုင်နှုန်းကျော်သည် ယာဉ်မောင်းလိုင်စင်မရှိဘဲမောင်းနှင်၍ ယာဉ်တိုက်မှုဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။ အချို့မှာ ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားခြင်းမရှိဟု ဖြေဆိုခြင်းများရှိနိုင်သော်လည်း ၎င်းတို့အထဲမှအများစုမှာ ယာဉ်မောင်းလိုင်စင်မရှိဘဲ လမ်းပေါ်တွင်မောင်းနှင်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ယာဉ်စီးရေနှင့် ယာဉ်မောင်းလိုင်စင်စောင်ရေ ကိုင်ဆောင်သူအချိုးကို စိစစ်ရာတွင် ၂၀၁၁ ခုနှစ်တွင် ၁း၁.၀၇ ရှိရာမှ ၂၀၁၃ ခုနှစ်တွင် ၁း၀.၇၃ သို့ ကျဆင်းလာသဖြင့် ယာဉ်စီးရေ ၁၀၀တွင် ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်သူ ၇၃ ဦးရှိပြီး ယာဉ်မောင်းလိုင်စင်မဲ့မောင်းနှင်သူ ၂၇ ဦးရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးရေနှင့် ယာဉ်မောင်းလိုင်စင်စောင်ရေ တိုးတက်မှုအခြေအနေကို ဖော်ပြပါအတိုင်းတွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ မော်တော်ယာဉ်တိုးတက်မှုအခြေအနေပြဇယား

စဉ်	ခုနှစ်	မော်တော်ဆိုင်ကယ်စီးရေ	မော်တော်ယာဉ်စီးရေ	စုစုပေါင်း	မှတ်ချက်
၁	၂၀၀၉	၁၆၇၄၂၄၆	၃၉၃၅၉၃	၂၀၆၇၈၃၉	
၂	၂၀၁၀	၁၈၈၀၉၈၆	၄၁၇၆၉၁	၂၂၉၈၆၇၇	
၃	၂၀၁၁	၁၉၃၃၆၇၃	၄၂၀၆၀၂	၂၃၅၄၂၇၅	၁၉-၉-၂၀၁၁မှတ်ပုံတင် သက်တမ်းကြာမြင့်ယာဉ်များအား ဖျက်သိမ်းရေးနှင့် အစားထိုးယာဉ်တင်သွင်းခြင်း စီမံချက်စတင်။
၄	၂၀၁၂	၃၁၅၃၂၀၁	၄၆၁၀၅၅	၃၆၁၄၂၅၆	၅-၆-၂၀၁၂ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ပေးရေး စီမံချက်ဆောင်ရွက်။
၅	၂၀၁၃	၃၄၁၈၉၁၈	၅၉၇၈၃၉	၄၀၁၆၇၅၇	

မြန်မာနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်တိုးတက်မှုအခြေအနေပြဇယား

စဉ်	ခုနှစ်	မော်တော်ဆိုင်ကယ်မောင်းလိုင်စင်	ကိုယ်ပိုင်ယာဉ်မောင်းလိုင်စင်	အငှားယဉ်မောင်းလိုင်စင်	စုစုပေါင်း
၁	၂၀၀၉	၁၁၀၁၄၅၀	၇၂၈၂၄၅	၃၇၁၄၉၃	၂၂၀၁၁၈၈
၂	၂၀၁၀	၁၂၉၁၀၈၇	၇၇၂၁၅၉	၄၀၅၀၄၅	၂၄၆၈၂၉၁
၃	၂၀၁၁	၁၃၃၃၁၅၅	၇၈၅၇၇၈	၄၁၁၉၂၀	၂၅၃၀၈၅၃
၄	၂၀၁၂	၁၄၄၉၉၇၂	၈၃၃၉၈၇	၄၃၀၀၃၃	၂၇၁၃၉၉၂
၅	၂၀၁၃	၁၅၈၁၁၂၂	၉၀၈၄၆၈	၄၄၁၉၂၃	၂၉၃၁၅၁၃

သို့ဖြစ်ပါ၍ တိုးတက်ပြောင်းလဲလျက်ရှိသော ခေတ်နှင့်အညီ တိုးတက်များပြားလာသော ယာဉ်နှင့်လူဦးရေများအရ ယာဉ်မတော်တဆဖြစ်ပွားမှုအန္တရာယ်မှ ကာကွယ်ရန်အတွက် အရည်အချင်းပြည့်ဝသော ယာဉ်မောင်းကောင်းများကိုသာ ယာဉ်မောင်းလိုင်စင်ထုတ်ပေးနိုင်ရန်အတွက် လက်ရှိစစ်ဆေးဆောင်ရွက်မှုကို အောက်ပါအတိုင်း တိုးမြှင့်ဆောင်ရွက်ရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

(က) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလမ်းညွှန်၊ လမ်းအမှတ်အသား၊ အချက်ပြများနှင့် ယာဉ်သွားလာမှုဆိုင်ရာ စည်းကမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်များပါဝင်သည့် ပညာပေးဗီဒီယိုခွေ ကြည့်ရှုစေပြီးမှ ဖြေဆိုခွင့်ပြုရန်။

(ခ) မော်တော်ယာဉ်(သို့မဟုတ်) မော်တော်ဆိုင်ကယ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်မှုအခြေအနေ ရှိ/မရှိ မျက်မြင်စစ်ဆေးရန်။

(ဂ) ယာဉ်မောင်းဖြေဆိုသူ၏ စိတ်အခြေအနေ(အရက်စွဲသူဖြစ်၊ မဖြစ်အပါအဝင်) စစ်ဆေးခြင်း (Psychological & abusing alcohol Test) ပြုလုပ်ပြီး စံကိုက်ညီသူများသာ လိုင်စင်ထုတ်ပေးရန်။

(ဃ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လမ်းညွှန်၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ မေးခွန်း (၂၀)ဖြေဆိုခြင်းအစား (၅၀)သို့ တိုးမြှင့်ဖြေဆိုစေပြီး အောင်မြင်မှလိုင်စင်ထုတ်ပေးရန်။

နိုင်ငံတကာရှိ ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်းစနစ်ကို လေ့လာ၍ မိမိနိုင်ငံနှင့် ကိုက်ညီမည့်စနစ်များကို တိုးမြှင့်၍စစ်ဆေးပေးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် လျော့နည်းကျဆင်းရေးအတွက် ယာဉ်မောင်းနှင်သူ၊ စီးနင်းသူများအနေဖြင့်လည်း စည်းကမ်းမဲ့မောင်းနှင်ခြင်းများကို ရှောင်ကြဉ်၍ နိုင်ငံကြီးသားပီသစွာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာပြီး စနစ်တကျမောင်းနှင်ပေးခြင်းဖြင့်လည်းကောင်း၊ လမ်းအသုံးပြုသူများကလည်း စည်းကမ်းတကျ လိုက်နာသွားလာခြင်းဖြင့်လည်းကောင်း ကူညီပေးကြပါရန် တိုက်တွန်းတင်ပြအပ်ပါသည်။

မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း (ပုလဲ-ဂန့်ဂေါအပိုင်း)အဆင့်မြှင့်တင်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ပခုက္ကူ-ပေါက်လမ်းမှတစ်ဆင့် ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ်(၃၈၀/၁)နှင့် (၃၈၀/၂)ကြားတွင် အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ တည်ဆောက်နေသော အမှတ်(၂) ပေါက်တံတား(ရေပြာ)သို့ ရောက်ရှိပြီး (M11)ဘိုးပိုင်တူးခြင်း လုပ်ငန်း ဆောင်ရွက်နေမှု၊ Girder များကြိုတင်သွန်းလောင်းထားရှိမှု၊ Shaft တိုင်များ ကွန်ကရစ်လောင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆိပ်ဖြူ-ကန်တော-ပေါက်လမ်းရှိ အမှတ်(၁) ပေါက်တံတား(အုန်းတော) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး (M8) နှင့် (N1) ဘိုးပိုင်တူးခြင်း လုပ်ငန်း ဆောင်ရွက်နေမှု၊ (P1) Shaft တိုင် လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်-မုံရွာလမ်းမှတစ်ဆင့် မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း (ပုလဲ-ဂန့်ဂေါလမ်းအပိုင်း) အဆင့်မြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပုလဲ-ဂန့်ဂေါလမ်းအပိုင်း မိုင်တိုင်အမှတ်(၄၅/၁)နှင့် (၄၅/၂)ကြား ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၆၁/၂ နှင့် ၆၁/၃)ကြား ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ပုံတောင်ပုံညာတောင်တန်းလမ်းကျဉ်းသည့်နေရာတွင် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၆၄/၄ နှင့် ၆၄/၅) ကြားတွင် တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၇)မှ ခင်အေးတံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဂန့်ဂေါ-စိုင်ဒူး-ဇာဟော-အန်းတားလမ်းအခြေအနေနှင့် Box Culvert များ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ဂန့်ဂေါ-အိုက်ကာလမ်းဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ အောင်မြင်ရွာအနီး မြစ်သာမြစ်ကို ဖြတ်ကျော်တည်ဆောက်မည့်ဖြစ်နိုင်စွမ်း တံတားလျာထားနေရာနှင့် ဂန့်ဂေါမြို့အဝင် ယခင်ကြိုးတံတားဟောင်းအနီးတံတားလျာထားနေရာတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နာဂဒေသ ထန်ပါခွေမြို့နယ်ခွဲတွင် သန်းခေါင်စာရင်းကောက်ယူရေးကွင်းဆင်းဆွေးနွေး

ထန်ပါခွေ ဖေဖော်ဝါရီ ၁၉

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ပါခွေမြို့နယ်ခွဲ၌ သန်းခေါင်စာရင်းကောက်ယူရေးရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ထန်ပါခွေမြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စံပယ်ဦးနှင့်မြို့နယ်ခွဲ (လဝက)ဦးစီးမှူး ဦးစိုင်းဝင်းသိန်းဦးတို့က ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို အသိပညာပေးဟောပြောပြီး တက်ရောက်လာသူများ၏မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါ ပညာပေးဟောပြောပွဲသို့တက်ရောက်လာသူများမှာ နာဂတိုင်းရင်းသားများဖြစ်ကြ၍ သန်းခေါင်စာရင်း၊ လူဦးရေနှင့်အိမ်အကြောင်း ပိုမိုရှင်းလင်းလွယ်ကူစွာသိရှိနိုင်ရေးအတွက် နာဂဘာသာစကားဖြင့်ထပ်ဆင့် ရှင်းလင်းပြောကြားရန်လိုအပ်ကြောင်း သိရသည်။

ချန်လော(Ird)

လှိုင်မြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၏ နှစ် (၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က ကျောင်းရှေ့၌ ကျင်းပရာ ဆရာမကြီး ဒေါ်ခင်ဦးကြည်၊ ဆရာဦးမင်းဇော်(ငြိမ်း)၊ ဦးကြည်သန်း (နာယက) ဥက္ကဋ္ဌ ဦးမောင်မောင် (ရွှေစံအိမ်)၊ ဒုတိယ ဥက္ကဋ္ဌ ဦးမျိုးခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
မီးမီး(လှိုင်)

ဖျာပုံ အလက (၁) လူရည်ချွန်များကို ထပ်ဆင့်ဂုဏ်ပြု

ဖျာပုံ ဖေဖော်ဝါရီ ၁၉

ဖျာပုံမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် လူရည်ချွန်ရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ထပ်ဆင့်ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံမြို့ အထက(ခွဲ) အလက(၁) ကျောင်းအုပ်ဆရာကြီး ဦးခင်လှိုင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး လူရည်ချွန်ရရှိခဲ့ကြသည့် ဖျာပုံ အလက(၁)မှ ကျောင်းသား ကျောင်းသူများ ဖြစ်ကြသော ခရိုင်အဆင့် နှစ်ထပ်ကွမ်းလူရည်ချွန်ရ နဝမတန်းကျောင်းသူ မယဉ်မျိုးမြတ်ဦး၊ ခရိုင်အဆင့် လူရည်ချွန်ရ အဋ္ဌမတန်းကျောင်းသား မောင်ဟန်လင်းအောင်၊ မြို့နယ်အဆင့် လူရည်ချွန်ရ အဋ္ဌမတန်းကျောင်းသူ မချမ်းမြေ့ခင်တို့အား ထပ်ဆင့်ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဧည့်သည်တော်များကလည်း လူရည်ချွန်များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး လူရည်ချွန်များကိုယ်စား မယဉ်မျိုးမြတ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ **သူဇာနွယ်(ဖျာပုံ)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

ကျန်းမာရေးကုန်ကျစရိတ်အတွက် ပူပင်ကြောင့်ကြမှုမရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ရာ မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့်မေးခွန်းတစ်ခု၊ ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းနှစ်ခု၊ ငွေရေးကြေးရေးဆိုင်ရာ မေးခွန်းသုံးခု၊ ကျန်းမာရေးဆိုင်ရာ မေးခွန်းတစ်ခု တို့ကို မေးမြန်းဖြေကြားခဲ့ကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ကိုယ်စား အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်၏ **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအနေဖြင့် PCO ဖုန်းများမှ လစဉ်ကောက်ခံနေသည့် အခွန်ငွေ ၃၀၀၀ိ/-အား ပယ်ဖျက်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက မိုဘိုင်း PCO တယ်လီဖုန်းများ၏ လစဉ်ဝန်ဆောင်ခအဖြစ် ယခင်က ၅၀၀၀ိ/-နှုန်းဖြင့် ကောက်ခံလျက်ရှိခဲ့ရာမှ ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစ၍ ၃၀၀၀ိ/-နှုန်းဖြင့် လျှော့ချကောက်ခံခဲ့ပါကြောင်း၊ မိုဘိုင်း PCO တယ်လီဖုန်းများအတွက် ကောက်ခံသည့် ၃၀၀၀ိ/-နှုန်းသည် ဝန်ဆောင်ခအဖြစ် ကောက်ခံခြင်းဖြစ်ပါသဖြင့် လောလောဆယ်တွင် ပယ်ဖျက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြင့်ပြန်လည်ဖြေကြားခဲ့သည်။

အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ **အတိုးနှုန်းများစွာဖြင့် ငွေတိုးပေးစားနေသော လိုင်စင်ရ ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်တို့အား အရေးယူရန် အစီအစဉ် ရှိ /မရှိ နှင့် မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၏ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ** ဆိုသည့်မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် (Microfinance Licence) ရသူများအနေဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ဆ)အရ သတ်မှတ်ထုတ်ပြန်ထားသည့် ချေးငွေအပေါ် ကောက်ခံသည့်အတိုးနှုန်း ကျပ် ၁၀၀ လျှင် တစ်လ(၂ ဒသမ ၅)ကျပ်၊ ထို့ထက်ပိုသော အတိုးနှုန်းကို ရယူမည်ဆိုပါက အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ(၄၄) ပုဒ်မခွဲ(င)အရ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ဖျက်သိမ်းခြင်း ပြစ်ဒဏ်ကျခံရမည် ဖြစ်ကြောင်း၊ တစ်နှစ်လျှင် ၃၀ ကျပ်ထက်မပိုသော နှုန်းထားကိုသာ ရယူရမှာဖြစ်ပါကြောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ဖျက်သိမ်းပြီးနောက် အသေးစား ငွေရေးကြေးရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ပါက အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၅၇ အရ ငွေဒဏ်ဖြစ်စေ၊ ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်အရေးယူဆောင်ရွက်သွားနိုင်ပါကြောင်း။

ထို့ပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုရှိ မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းအဖွဲ့များမှ ကြီးကြပ်စစ်ဆေးရေးအဖွဲ့ ၃၁ ဖွဲ့ ဖွဲ့စည်း၍ သတ်မှတ်စည်းကမ်းများနှင့် အညီ ဆောင်ရွက်ခြင်း ရှိ/မရှိကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် (၈၇)ကြိမ်၊ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း (၂၈၃)ကြိမ် စစ်ဆေးနိုင်ခဲ့ပါကြောင်း၊ စစ်ဆေးရာတွင် အတိုးနှုန်း ပိုမိုခြင်းမရှိသော်လည်း အတိုးတွက်ချက်ရာ၌ ချေးယူသည့်ချေးငွေပမာဏအပေါ် ကျသင့်အတိုးအား ချေးငွေ ပြန်လည်ပေးဆပ်မှုကြောင့် လျော့နည်းသွားခြင်းကို ထည့်သွင်းစဉ်းစားမှုမပြုဘဲ ပုံသေတွက်ချက်ကောက်ခံနေခြင်းများ တွေ့ရပါကြောင်း၊ ချေးငွေပြန်လည်ပေးဆပ်မှုကြောင့် အဆင့်ဆင့်လျော့နည်းသွားသည့်ချေးငွေပမာဏပေါ်တွင် မှန်ကန်စွာ တွက်ချက်ကောက်ခံမှု ရှိ/မရှိ စနစ်တကျ ကြပ်မတ်စစ်ဆေးရန် သက်ဆိုင်ရာ ကြီးကြပ်စစ်ဆေးရေး လုပ်ငန်းစစ်ဆေးရေးအဖွဲ့များသို့ ညွှန်ကြားချက် ထုတ်ပြန်ထားရှိပြီး ယခင်အတိုင်း ဆက်လက်ကောက်ခံခြင်းကို ထပ်မံစစ်ဆေး တွေ့ရှိရပါက အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၄၄၊ ပုဒ်မ ၅၇ တို့အရ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးအာမခံစနစ်ကို ပြည်သူလူထုအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က ကျန်းမာရေးစောင့်ရှောက်မှုအတွက် အဓိကကုန်ကျစရိတ်ကို အစိုးရ၊ ပြည်သူလူထု ပါဝင်မှုနှင့် ပြင်ပအကူအညီတို့မှ ရရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးအသုံးစရိတ်များဖြစ်သော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို နှစ်စဉ် တိုးတက်သုံးစွဲလျက်ရှိပါကြောင်း၊ ကျန်းမာရေးအသုံးစရိတ်များကို တိုးမြှင့်သုံးစွဲလျက်ရှိသောကြောင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများသည် ကျန်းမာရေးစောင့်ရှောက်မှုကို သာတူညီမျှ လက်လှမ်းမီ ရရှိခံစားနိုင်ရေးအတွက် ဆေးရုံများတွင်အရေးပေါ် ကုသမှုများ၊ မွေးမိခင်စောင့်ရှောက်မှုနှင့် ကလေးမွေးဖွားမှုများ၊ ငါးနှစ်အောက်ကလေးများကို ကုသပေးမှုများနှင့် အချို့သောအထူးရောဂါကုသမှုလုပ်ငန်းများတွင် အခမဲ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ် ကျန်းမာရေးဦးစီးဌာနများ၏ အစီအစဉ်ဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာန၊ တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံများအတွက် လိုအပ်သောဆေးဝါးများကို လည်းကောင်း၊ ခုတင်(၂၀၀)နှင့်အထက် ဆေးရုံများ၊ အထူးကုဆေးရုံကြီးများတွင် မိမိတို့ဆေးရုံတွင် လိုအပ်သောဆေးဝါးများကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဝယ်ယူလျက်ရှိပြီး ဆေးရုံ၌လူနာများအတွက် အခမဲ့သုံးစွဲနိုင်ရန် ဖြန့်ဝေထားပြီးဖြစ်ပါသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူလူထုက အထိုက်အလျောက် အဆင်ပြေစွာရရှိနိုင်ပြီဖြစ်ပါကြောင်း၊ စရိတ်မျှပေးစနစ်ကိုလည်း ဓာတ်မှန်၊ ဓာတ်ခွဲလုပ်ငန်းနှင့် လိုအပ်သော ဆေးဝါးများရှိပါက ဆက်လက်ကျင့်သုံးလျက်ရှိပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီ လွှမ်းခြုံရေးကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိသည့် အခြေအနေမျိုးဖြင့် မိမိနိုင်ငံပြည်သူတစ်ရပ်လုံးအတွက် လိုအပ်သော ကျန်းမာရေးမြှင့်တင်ရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူအားလုံး လက်လှမ်းမီရရှိစေမည့်အပြင် ကုန်ကျစရိတ်အတွက် ပူပင်ကြောင့်ကြမှုမရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြပါကြောင်း။

ကျန်းမာရေး စောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီလွှမ်းခြုံရေး ရှိ/မရှိကို အညွှန်းကိန်းများဖြင့် တိုင်းတာလျက်ရှိရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံနှုန်းသတ်မှတ်ချက် အညွှန်းကိန်းဂဏန်းများနှင့် မြန်မာနိုင်ငံ၏အခြေအနေမှာ များစွာကွာဟလျက်ရှိပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျန်းမာရေး စောင့်ရှောက်မှုအတွက် လူနာမှ စိုက်ထုတ်ကုန်ကျရသည့် အသုံးစရိတ်(out-of-pocket)သည် တစ်နိုင်ငံလုံး၏ ကျန်းမာရေးအသုံးစရိတ်စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းထက် ကျော်လွန်မှုမရှိစေရန် သတ်မှတ်ထားရာ မြန်မာနိုင်ငံ၏အခြေအနေမှာ အမျိုးသားကျန်းမာရေး အသုံးစရိတ်စာရင်း (၁၉၉၈-၂၀၁၁) ခုနှစ်အရ ကျန်းမာရေး စောင့်ရှောက်မှုအတွက် လူနာမှ စိုက်ထုတ်ကုန်ကျရသည့် အသုံးစရိတ် (out-of-pocket)သည် တစ်နိုင်ငံလုံး ကျန်းမာရေးအသုံးစရိတ်စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်း ထက်ကျော်လွန်နေသည်ကို တွေ့ရှိရပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီ လွှမ်းခြုံရေး ဆောင်ရွက်ရာတွင် ငွေကြေးတတ်နိုင်သူများအတွက် ပုဂ္ဂလိကကျန်းမာရေး အာမခံစနစ် (Private Health Insurance) ထူထောင်၍ မိမိတို့ဆန္ဒအလျောက် အာမခံကြေး(Premium) ထည့်ဝင်ခြင်းဖြင့် ပုဂ္ဂလိကကျန်းမာရေး အာမခံစနစ် အမျိုးမျိုးပေါ်ထွန်းလာစေရန် ဘဏ္ဍာရေးဝန်ကြီးဌာနမှ လျာထား စီစဉ်လျက်ရှိပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီ လွှမ်းခြုံရေး အဆိုပြုစီမံကိန်းမူကြမ်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကိုလည်း ရေးဆွဲထားရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် **“ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခဲ့သည်။

ယင်းပြင်ဆင်သည့်ဥပဒေကြမ်းကို နိုင်ငံတော်၏ အချုပ်အခြာအာဏာ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီးသုံးရပ်၏ စီမံဆောင်ရွက်ချက်များသည် ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ဆန့်ကျင်နေလျှင် ဆန္ဒထုတ်ဖော်နေကြမည်ဖြစ်သည့်အတွက် ပဉ္စမမဏ္ဍိုင်ဖြစ်သည့် ပြည်သူလူထုကစောင့်ကြည့်ထိန်းညှိပေးခြင်း၊ တရားဥပဒေစိုးမိုးမှု အားကောင်းခိုင်မာလာသည်နှင့်အမျှ ဆန္ဒထုတ်ဖော်မှုများလည်း လျော့နည်းပပျောက်သွားမည်ကို ရည်ရွယ်၍ ပြည်သူ့လွှတ်တော်တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက ဤဥပဒေကြမ်းအား တင်ပြလာခြင်းဖြစ်ကြောင်း သိရှိရသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ တိုးမြှင့်ပြုပြင်ထိန်းသိမ်းရန် စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော်၏ **“ရခိုင်ရှေးဟောင်းမြို့တော် မြောက်ဦးယဉ်ကျေးမှုနယ်မြေကို ထိန်းသိမ်းမှုညံ့ဖျင်းခြင်းကြောင့် အာရှတိုက်၏စိုးရိမ်ဖွယ်ရာ အခြေအနေနှင့်ရင်ဆိုင်နေရသော ယဉ်ကျေးမှုအမွေအနှစ် (၁၀) ခုစာရင်းတွင် မြောက်ဦးကို ပဉ္စမနေရာ၌ထည့်သွင်းသတ်မှတ်ထားရာ အဆိုပါ စိုးရိမ်ဖွယ်ရာအခြေအနေမှ လွတ်ကင်းလာသည်အထိ ပြည်ထောင်စုအစိုးရမှ ပြုပြင်မွမ်းမံထိန်းသိမ်းလုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက ရခိုင်ပြည်နယ်ရှိ ရှေးဟောင်းမြို့တော် မြောက်ဦးယဉ်ကျေးမှုနယ်မြေကို ထိန်းသိမ်းမှုညံ့ဖျင်းခြင်းကြောင့် အာရှတိုက်၏ စိုးရိမ်ဖွယ်ရာ အခြေအနေနှင့် ရင်ဆိုင်နေရသည်ဟု ဆိုခြင်းမှာ စာရင်းသတ်မှတ်သူတို့က ၎င်းတို့၏စံနှုန်း၊ ၎င်းတို့၏အယူအဆဖြင့် သတ်မှတ်ထားခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်များကို စံနှုန်းသတ်မှတ်ပြီး ထိန်းသိမ်းပေးလျက်ရှိသော UNESCO အဖွဲ့၏ စံနှုန်းဖြင့် သတ်မှတ်ခြင်း မဟုတ်ပါကြောင်း။

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရထားလမ်းဖောက်သည့်ကိစ္စသည် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ခဲ့ရသည့်ကိစ္စဖြစ်ပါကြောင်း၊ ရှေးဟောင်းအဆောက်အအုံများနှင့် လွတ်ကင်းသောလမ်းကြောင်း၊ မြို့ရိုးအရံအတားများကို ထိခိုက်မှုမရှိစေသော လမ်းကြောင်းကို ယဉ်ကျေးမှုဝန်ကြီးဌာနက ကွင်းဆင်း၍ စစ်ဆေးပေးခဲ့ပါကြောင်း။

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဟိုတယ်၊ မိုတယ်များ ဆောက်လုပ်ခြင်းများကို တစ်ဖက်၌ ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေအရ ထိန်းသိမ်းလျက်ရှိပြီး တစ်ဖက်၌လည်း မြို့သူမြို့သား အများပြည်သူတို့ နေရာထိုင်ခင်းအတွက် တည်ဆောက်နေထိုင်ခြင်းများကို ဥပဒေပါပြဋ္ဌာန်းချက်များအနက်မှ ဖြေလျှော့ပေးနိုင်မှုများကို ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ၁၉၉၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယဝန်ကြီး ဦးသန်းဆွေ ဖြေကြားစဉ်။ (သတင်းစဉ်)

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ မြေယာစီမံခန့်ခွဲခြင်းနှင့် မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ ဒေသခံပြည်သူလူထုများအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ထိခိုက်ပျက်စီးခြင်း မခံရစေရန် ပြည်သူလူထုအား အသိပညာပေးရေးလုပ်ငန်းများကို ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း UNESCO အဖွဲ့မှချမှတ်ထားသော ထိန်းသိမ်းရေးမူ၊ ဌာန၏ထိန်းသိမ်းရေးမူတို့ဖြင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ၁၉၉၂-၁၉၉၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ နှစ်အလိုက် ရန်ပုံငွေသုံးစွဲမှုမှာ စုစုပေါင်းကျပ်(၆၄၀၇ ဒသမ ၀၃) သိန်း ရှိခဲ့ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေကျပ်သိန်း ၆၇၂၀ ခွဲဝေတောင်းခံထားပါကြောင်း၊ ထို့ပြင် မြောက်ဦးဒေသကို ရှေးဟောင်းသုတေသနဥယျာဉ်အဖြစ် ဖော်ဆောင်သွားရန် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းလျက်ရှိပါကြောင်း၊ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို နှစ်အလိုက် ထိန်းသိမ်းလျက်ရှိပါကြောင်းနှင့် ပြုပြင်ထိန်းသိမ်းမှုများကို တိုးမြှင့်ပြုပြင်ထိန်းသိမ်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် မေးမြန်းစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် **လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** နှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်တို့က ဒေသခံပြည်သူများ နစ်နာဆုံးရှုံးမှုများ မရှိစေရေးအတွက် ပြန်လည်စဉ်းစားဆောင်ရွက်သင့်သည့်အချက်များကို အကြံပြုဆွေးနွေးခဲ့ကြပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က ဥပဒေတစ်ခုပြဋ္ဌာန်းရာတွင် တိကျရန်၊ ခိုင်မာရန်၊ သင့်တင့်မျှတရန်၊ အဓိပ္ပာယ်နှစ်ခွမထွက်ရန်တို့ကို အခြေခံ၍ ယင်းဥပဒေကြမ်း၏ မူလပြဋ္ဌာန်းချက်၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်၊ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်တို့အပေါ် အကြံပြုဆွေးနွေးခဲ့သည်။

ဒေါ်ခင်ဝိုင်းကြည်၏ဆွေးနွေးချက် အပါအဝင် ဥပဒေကြမ်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့် ပြန်လည်ညှိနှိုင်းရန်ရှိက ညှိနှိုင်းပြင်ဆင်ထားရန်နှင့် ယင်းဥပဒေကြမ်းဆုံးဖြတ်မည့်နေ့ရက်ကို ကြေညာမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ဇမ္ဗူသီရိမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ တွေ့ဆုံရှင်းလင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိ ခန်းမ၌ကျင်းပသည့် ဇမ္ဗူသီရိမြို့နယ် မှဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြု ကော်မတီ၊ မြို့နယ်စည်ပင်သာယာ ရေးကော်မတီ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ ကျေးရွာအထောက်အကူပြု ကော်မတီဝင်များ၊ ရွှေ့ပြောင်း ကျေးရွာကိုယ်စားလှယ်များ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား သည်။ **(ယာပုံ)**

ရှင်းလင်းပြောကြား

ပြည်ထောင်စု ဝန်ကြီးက နေပြည်တော်ကောင်စီ နယ်မြေ အတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာ စိုက်ပျိုးရေးစသည့် ကဏ္ဍများ အလိုက် ဆောင်ရွက်ပေးနေမှုများနှင့် ဇမ္ဗူသီရိမြို့နယ်အတွင်း ပြည်သူ များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် ရေး ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင် ဦးမျိုးညွန့်က ဇမ္ဗူ သီရိမြို့နယ်အတွင်း ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေး အတွက် ဆောင်ရွက်ပေးနေမှုများ၊ လျှပ်စစ်မီးလင်းရေးနှင့် အဆင့်မြှင့် လယ်ယာမြေများ ဖော်ထုတ်ခြင်း များကိုလည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ တွဲ ဖက်အတွင်းရေးမှူး ဦးမျိုးအောင်က ဇမ္ဗူသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ ဆောင်ရွက်ပေးခဲ့သည့် အဆောက် အအုံများ ဆောက်လုပ်ပေးခြင်း၊ သောက်သုံးရေရရှိရေး ဆောင်ရွက် ပေးခြင်း၊ ရပ်ကွက်/ကျေးရွာတွင်း လမ်းများ ဖောက်လုပ်ပေးခြင်း စသည့် လုပ်ငန်းဆောင်ရွက်မှုများကို Power Point ကားချပ်များဖြင့်

လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက ဇမ္ဗူ သီရိမြို့နယ်ဆိုင်ရာ အချက်အလက် များ၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ဆောင် ရွက်မှုများနှင့် ဒေသဖွံ့ဖြိုးရေးဆောင် ရွက်နေမှုများကို ရှင်းလင်းတင်ပြ သည်။

ယင်းနောက် မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးလှဝင်းနှင့် မြို့နယ်စည်ပင်သာယာရေး ကော် မတီဥက္ကဋ္ဌ ဦးသန်းဆွေတို့က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက် ရေးဆောင်ရွက်ချက်များနှင့် ကျေး ရွာချင်းဆက်လမ်း၊ ဓမ္မာရုံနှင့် အား ကစားကွင်း လိုအပ်ချက်များကို တင်ပြ ကြသည်။

ထို့နောက် တက်ရောက်လာ သည့် ရွှေ့ပြောင်းကျေးရွာများမှ ကိုယ်စားလှယ်များနှင့် လူမှုရေး အသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ က မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း လမ်းများ အဆင့်မြှင့်တင်ရေး၊ သောက်သုံးရေရရှိရေး၊ အားကစား ကွင်းနှင့် မြေနေရာလိုအပ်ချက် များကို တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ ***ရွှေဖုံးမှ***

ဒိန်းမတ်နိုင်ငံ အယ်လာအကွာ စီးပွားရေးလုပ်ငန်းစုသည် မြန်မာ နိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များ နှင့် ငါးတန်ငါးမျိုးအဆင့်မြှင့်တင်မှု ကို ဧပြီ ၁ရက်တွင် ပြည်တွင်းထူးသစ် ကုမ္ပဏီ၊ ၂ ရက်တွင် ဝါဝါဝင်း ကုမ္ပဏီနှင့် ၃ ရက်တွင် မအူပင်နယ်ရှိ ငါးမွေးမြူရေးကန်များသို့ လုပ်ငန်း ရှင်များနှင့် သွားရောက်လေ့လာ ဆွေးနွေးပြီး ပြည်ပဈေးကွက်တန်းဝင် ရန် အကျိုးတူပူးပေါင်းလုပ်ဆောင် သွားမည်ဖြစ်ကြောင်း သိရသည်။

"အယ်လာအကွာက အခုလို လာရောက်ပြီး ပူးပေါင်းမယ်ဆိုတာ ကို ကျွန်တော်တို့ ကြိုဆိုပါတယ်။ အလွန်လည်း ဝမ်းသာပါတယ်။ ငါးတန်ငါးမျိုးလည်း အဆင့်မြှင့်ပေး မယ်၊ နိုင်ငံတကာဈေးကွက် လည်း ထိုးဖောက်ရှာဖွေပေးမယ်ဆိုရင် ကျွန်တော်တို့ ငါးမွေးမြူရေးလုပ်ငန်း ရှင်တွေအနေနဲ့ ဒီအခွင့်အရေးကို လက်လွှတ်ခံလို့မရပါဘူး။ ပြီးတော့ ကမ္ဘာမှာ ငါးစားသုံးမှုများတဲ့ ရုရှား နဲ့ အမေရိကတို့က ဒီငါးတန်ငါးမျိုးကို အတွင်းအဖြူသားကို ပိုနှစ်သက် ကြပါတယ်။ သူတို့ ကြိုက်သလိုမျိုး ဈေးကွက်မီအောင် နည်းပညာပိုင်း ဆိုင်ရာ ပြုပြင်ပြောင်းလဲလုပ်ပေး မယ်ဆိုရင် ပိုအဆင်ပြေမှာဖြစ်ပါ တယ်" ဟု မြန်မာနိုင်ငံ ရေထွက် ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန် လုပ်ငန်းရှင်များအသင်းမှ တွဲဖက် အတွင်းရေးမှူး-၁ ဦးမျိုးအောင်က သုံးသပ်ပြောကြားခဲ့သည်။

ပြင်ဆင်ဖတ်ရှုပါရန်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဖေဖော်ဝါရီ ၁၉ ရက် ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၈) ကော်လံ(၁)တွင် ဖော်ပြထားသည့် ခေါင်းစဉ်ပါ ပြည်တွင်း လက်နက်ကိုင် သောင်း ကျန်းမှု(အစား) ပြည် တွင်းလက်နက်ကိုင် ပဋိပက္ခဟု လည်းကောင်း၊ ကော်လံ(၂)၊ စာပိုဒ်(၂) စာကြောင်းရေ (၂၁၊၂၂) ပါ ပြည်တွင်းလက်နက် ကိုင် သောင်းကျန်းမှု(အစား) ပြည်တွင်းလက်နက်ကိုင် ပဋိ ပက္ခဟုလည်းကောင်း ပြင်ဆင် ဖတ်ရှုပါရန်။

(မြန်မာ့အလင်း)

▲ ***ရွှေဖုံးမှ***

ဘွဲ့တံဆိပ်တော်ရ ဆရာတော် များသည် ၁၃၇၅ ခုနှစ် တပေါင်း လဆန်း ၁၁ ရက် (၂၀၁၄ ခုနှစ် မတ်လ ၁၁ ရက်) ထက်မစော ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်(၂၀၁၄ ခုနှစ် မတ်လ ၁၂ ရက်) ထက်နောက်မကျစေဘဲ နေပြည် တော်သို့ ကြွရောက်ပါမည့်အကြောင်း ပင့်စာများဖြင့် ပင့်လျှောက်ထားပြီး ဖြစ်ပါကြောင်း၊ ပင့်စာများအချိန်မီ မရောက်ရှိပါကလည်း အထက်ပါ နေ့ရက်များတွင် နေပြည်တော်သို့ ကြွရောက်တော်မူပါရန် ပင့်လျှောက် ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျပန်နိုင်ငံသူတစ်ဦး ချင်းပြည်နယ်အတွင်း သာသနာပြုကျောင်းများလေ့လာ

ဟားခါး ဖေဖော်ဝါရီ ၁၉

ဂျပန်နိုင်ငံ Tokyo University of Foreign Studies မှ Professor Mrs. Keiko Tasa (Ph.D) သည် ချင်းပြည်နယ်အတွင်းရှိ သာသနာပြု ကျောင်းများနှင့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ လာရောက်လေ့လာခဲ့သည်။

Mrs. Keiko Tasa ကို မြန်မာအမည် ဒေါ်စန္ဒာဟုခေါ်ဆိုပြီး ဖေဖော် ဝါရီ ၁၄ ရက်က ထန်တလန်မြို့သို့လည်းကောင်း၊ ၁၆ ရက်က တီးတိန်မြို့ သို့လည်းကောင်း သွားရောက်ခဲ့ပြီး သာသနာပြုကျောင်းများ၊ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများကို လေ့လာခဲ့ကြောင်း ပြည်နယ်သာသနာရေးမှူး ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂျပန်နိုင်ငံသူသည် အဆိုပါလေ့လာချက်များကို ကျမ်းပြုသွားမည်ဖြစ် ကြောင်း သိရသည်။ **(၁၁၇)**

မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီရုံးများ ဖွင့်လှစ်ပြီးဖြစ်၍ ပြန်လည်စွန့်လွှတ်သည့်မြေများအတွက် မြေသိမ်းဆည်းခံရသူများက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်စုံစမ်းလျှောက်ထားနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နေပြည်တော် ခရိုင်နှင့်မြို့နယ်အသီးသီးတွင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများကို ဖွင့်လှစ်ပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများတွင် သိမ်းဆည်းခံထားရသည့်မြေများ ပါဝင်ခြင်း ရှိ/မရှိကို စုံစမ်းနိုင်ကြောင်း၊ ပါဝင်ပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံး(ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး)များတွင် ခိုင်လုံသောအထောက်အထားဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စဉ်	ကော်မတီအမည်	တည်နေရာ	ဆက်သွယ်ရန်ဖုန်း
၁	နေပြည်တော် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	နေပြည်တော်မြေစာရင်းရုံး	၀၆၇-၅၅၀၁၈၀
၂	ဒက္ခိဏခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်မြေစာရင်းရုံး	၀၉-၄၂၀၇၂၆၃၂၇
၃	ဥတ္တရခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်မြေစာရင်းရုံး	၀၉-၄၉၃၃၁၇၉၀
၄	ပျဉ်းမနားမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၆၇-၂၂၁၀၉
၅	လယ်ဝေးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၆၇-၃၀၃၇၃
၆	ဇမ္ဗူသီရိမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၉-၄၉၁၀၂၆၄၁
၇	ဒက္ခိဏသီရိမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၉-၄၉၁၀၂၆၃၉
၈	တပ်ကုန်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၆၇-၇၀၁၄၈
၉	ဇေယျာသီရိမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၉-၄၉၁၀၂၆၄၂
၁၀	ဥတ္တရသီရိမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၉-၄၉၁၀၂၆၃၉
၁၁	ပုဗ္ဗသီရိမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းရုံး	၀၉-၄၉၅၈၅၉၆၆

(သတင်းစဉ်)

ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ ဗဟန်းမြို့နယ်အတွင်း ယခုနှစ်နွေရာသီတွင် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် ဓာတ်အားအပြည့်အဝရရှိစေရေးအတွက် ဖေဖော် ဝါရီ ၁၈ ရက်တွင် 6.6 KV နှင့် 400 V ဓာတ်အား လိုင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ 315 KVA ထရန်စဖော်မာတစ်လုံးကို ရွှေတောင်ကြား(၂) ရပ်ကွက် ရွှေတောင်ကုန်းလမ်း၌ မြို့နယ်အုပ်ချုပ် ရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

(မြန်မာ့အလင်း)

❒ ***ကျောဖုံးမှ***

မြန်မာနိုင်ငံ၏ ဗဟိုရွှေဈေး ကွက်သည် ယခု ၂၀၁၄ ခုနှစ် အတွင်း ထွက်ပေါ်လာနိုင်ရန် ကြိုးစားလျက်ရှိရာ မြန်မာ့ရွှေ လောကတွင် ပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ်လာမည်ဖြစ်သည်။

ကြိုးစားလျက်ရှိ

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းသည် ယခုအခါ ရွှေအရည် အသွေး ၉၉ ဒသမ ၉၉ ရာခိုင်နှုန်း ရှိသော ရွှေပြားများကို ငွေကျပ် တစ်သိန်းဝန်းကျင်ဖြင့် ရောင်းချ လျက်ရှိရာ အရည်အသွေးရာနှုန်း ပြည့်နီးပါးရှိသော ရွှေများကို ရောင်းချနိုင်ရန် ကြိုးစားလျက်ရှိ သည်။

(မြန်မာ့အလင်း)

နောက်ဆုံးရ နိုင်ငံတကာသတင်း

ဘာသာပြန်-ဂျေတီ

တရုတ်ကျောင်းသား ၄၀၀ ကျော် အထက်လှန်အောက်လျှောဖြစ်စေသည့် ဗိုင်းရပ်စ်ရောဂါကူးစက်

ဟန်ကျိုး ဖေဖော်ဝါရီ ၁၉

တရုတ်နိုင်ငံအရှေ့ပိုင်း ဇီကျန့်ပြည်နယ်တွင်းရှိ ကျောင်းများမှ ကျောင်းသား ၄၀၀ ကျော် အထက်လှန် အောက်လျှောဖြစ်စေသည့် ဗိုင်းရပ်စ်ရောဂါကူးစက်မှုကြောင့် ဟိုင်နင်းမြို့နှင့် ဟိုင်ရန်စီရင်စုအတွင်းရှိ ကျောင်းများ ခေတ္တပိတ်လိုက်ရကြောင်း ဆင်ဟွာသတင်းဌာနက ဖေဖော်ဝါရီ ၁၉ ရက်က ထုတ်ပြန်ကြေညာသည်။

The Norwalk ဗိုင်းရပ်စ်အမျိုးအစားထဲတွင်ပါဝင်သော အဆိုပါဗိုင်းရပ်စ်ပိုးကူးစက်ခံရသော ကျောင်းသားများအား ဒေသဆိုင်ရာဆေးရုံများတွင် တက်ရောက်ကုသနေကြကြောင်းနှင့် ဗိုင်းရပ်စ်ပိုးကူးစက်ရခြင်း နှင့်ပတ်သက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အမ်အင်န်အေ/ဆင်ဟွာ

ပြည်တွင်းသတင်း

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာကင်တားနား ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာကင်တားနားနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား ပြည်ထောင်စုတရားသူကြီး ချုပ်ရုံး၌ သွားရောက်တွေ့ဆုံသည်။

ထို့အတူ မစ္စတာကင်တားနားနှင့်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးရုံးတွင် သွားရောက်တွေ့ဆုံသည်။

အလားတူ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်လည်း တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ဘက်စုံဥပဒေရေးရာ ဖွံ့ဖြိုးတိုးတက်မှုများ၊ အသိပညာပေးမှုများ၊ ပြည်တွင်းပြည်ပ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာကင်တားနားအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

■ ***ကျောဖုံးမှ***

ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နေမှုကို ဆွေးနွေးခဲ့ပါကြောင်း၊ လိုင်ဇာဒေသသို့လည်း သွားရောက်ခွင့်ရရှိခဲ့ပါကြောင်း၊ အစိုးရက ထိန်းချုပ်ထားခြင်းမရှိသောဒေသသို့ သွားရောက်ခွင့်ရရှိခြင်းမှာ လူ့အခွင့်အရေး အစီရင်ခံစာရေးသားသူ တစ်ဦးအနေဖြင့် ပထမဆုံးအကြိမ်ပင် ဖြစ်ပါကြောင်း၊ စစ်ပွဲကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုများရှိနေသည်ဆိုသော စွပ်စွဲချက်အမျိုးမျိုးကိုလည်း ကြားသိခဲ့ရပါကြောင်း၊ လာမည့်လများအတွင်း တစ်နိုင်ငံလုံး အတိုင်းအတာအရ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ရရှိရေးမှာ အရေးကြီးလှပါကြောင်း။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိရန် ကြိုးပမ်းနေကြခြင်းအတွက် အားရကျေနပ်မိပါကြောင်း၊ အုပ်စုတစ်ခုချင်းအလိုက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြကြောင်း၊ ဧပြီလထက်နောက်မကျဘဲ တစ်နိုင်ငံလုံး အတိုင်းအတာအရ အပစ်အခတ်ရပ်စဲရေး ရရှိမည့် အလားအလာကိုလည်း တွေ့မြင်ခဲ့ရပါကြောင်း။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ရရှိကြပြီးနောက် နိုင်ငံရေး ဆွေးနွေးမှုများတွင် သက်ဆိုင်သူများအားလုံး ပါဝင်ခွင့်ရရှိရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရက အလေးပေးဆောင်ရွက်နေပါကြောင်း၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးနှင့် ခွဲခြား မရနိုင်ပါကြောင်း၊ တိုင်းရင်းသားများ၏ ဆန္ဒနှင့် ၎င်းတို့၏ကံကြမ္မာကို ဖန်တီးနိုင်ရန် ပြုပြင်ပြောင်းလဲမှုများ လိုအပ်ပါကြောင်း။

ဥပဒေပြု အဖွဲ့အစည်းများကလည်း ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို အကောင်အထည်ဖော်နေပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးစံနှုန်းများ မြင့်မားတိုးတက်စေမည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးရန်လိုအပ်ပါကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများမှ ကာကွယ်ပေးနိုင်မည့် ဥပဒေများကို လွှတ်တော် ကိုယ်စားလှယ်များက ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မီဒီယာလွတ်လပ်ခွင့် တိုးတက်ရရှိအောင် ဆောင်ရွက်နေခြင်းအတွက် ချီးကျူးပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် အငြင်းပွားမှုရှိနေသော သတင်းသမားများကိစ္စတွင် တာဝန်ရှိသူများအနေဖြင့် စာနယ်ဇင်းကောင်စီ (ယာယီ)နှင့် ညှိနှိုင်းဆောင်ရွက်စေလိုပါကြောင်း။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံခဲ့ရသူများအား ပြန်လွှတ်ပေးမှုများမှာ တိုးတက်မှုရှိလာပါကြောင်း၊ ၂၀၁၁ ခုနှစ် မေလနောက်ပိုင်း နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များအရ ယင်းသို့ အကျဉ်းသား ၁၁၀၀ ကျော် ပြန်လည် လွတ်မြောက်လာခြင်းသည် နိုင်ငံတော်သမ္မတကြီး၏ အစိုးရအဖွဲ့လက်ထက်တွင် အရေးပါသောအောင်မြင်မှုတစ်ရပ်ဖြစ်ပါကြောင်း။

လူ့အခွင့်အရေး စံနှုန်းများ မြင့်မားခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပါကြောင်း၊ ရန်ကုန်မြို့တွင် ရှိနေစဉ်အတွင်း သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်လေ့လာခဲ့ပါကြောင်း၊ စီမံကိန်းလုပ်ငန်းကြောင့် ဒေသခံများကို နေရာရွှေ့ပြောင်းရသည့်ကိစ္စတွင် လူ့အခွင့်အရေးကို လေးစားလိုက်နာပါမည်ဟု သီလဝါစီမံခန့်ခွဲရေးကော်မတီက ပြောကြားခဲ့ပါကြောင်း။

မိမိသွားရောက်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာရှိ ကြေးနီသတ္တုတွင်း ပတ်ဝန်းကျင်ရှိ ဒေသခံများ၏ စိုးရိမ်ပူပန်မှုများ ကင်းဝေးစေရန် ဆွေးနွေးညှိနှိုင်းမှုများ လိုအပ်ပါကြောင်း၊ စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လူ့အခွင့်အရေးကိစ္စရပ်များကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း။

လူ့အခွင့်အရေး အစီရင်ခံစာရေးသားသူအဖြစ် ခြောက်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ရာတွင် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးအခြေအနေ ပိုမိုကောင်းမွန်လာသည့် အရေးပါသောအပြောင်းအလဲများကို တွေ့မြင်ခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် လူ့အခွင့်အရေး စံနှုန်းများကို အလေးပေးလျက် ရှိရာ နိုင်ငံတကာအသိုက်အဝန်းနှင့်လည်း လက်တွဲကြိုးပမ်းသွားမည်ဟု မျှော်လင့်ပါကြောင်း၊ ယခုခရီးစဉ်အတွင်း အစိုးရကအပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်းအတွက် ချီးကျူးပါကြောင်း၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမျှော်လင့်ချက်နှင့်အညီ မြန်မာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းအကြား တိုးတက်သော ထိတွေ့ဆက်ဆံမှုများကို စံနမူနာအဖြစ်ပြသနိုင်မည်ဟု ယုံကြည်ပါကြောင်း ဖြင့် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ ကင်တားနား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမဆောင်၌ ပြည်တွင်း၊ ပြည်ပမီဒီယာများနှင့် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် တက်ရောက်လာသည့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများဖြစ်သော AP, VOA, BBC, AFP, Eleven Media Group, Myanmar Times, Mntv, ကျူံဒိုနယူးစ်၊ မွန်းတည့်နေ၊ မဇ္ဈိမနှင့် ဧရာဝတီစသည့် ပြည်တွင်းပြည်ပ သတင်းဌာနများမှ မောင်တောဖြစ်စဉ်၊ လက်နက်ကိုင်ပဋိပက္ခနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်မှုများ၊ သတင်းမီဒီယာလွတ်လပ်မှု၊ သီလဝါအထူးစီးပွားရေးဇုန်၊ လက်ပံတောင်းတောင် စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မေးမြန်းကြရာ မစ္စတာကင်တားနားက ပြန်လည်ရှင်းလင်းဖြေကြားပြီး ည ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရသည်။

မစ္စတာကင်တားနားသည် ယခုခရီးစဉ်အတွင်းတွေ့ရှိခဲ့သော အချက်အလက်များနှင့် ပတ်သက်သည့် အစီရင်ခံစာကို လူ့အခွင့်အရေးကောင်စီအစည်းအဝေးသို့ မတ်လ ၁၇ ရက်တွင် တင်သွင်းသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

AP **သတင်းဌာနမှ မေးမြန်းစဉ်။** (သတင်းစဉ်)

မြန်မာတိုင်းမ်မှ မေးမြန်းစဉ်။ (သတင်းစဉ်)

အေးရှားနယူး သတင်းဌာနမှ မေးမြန်းစဉ်။ (သတင်းစဉ်)

○ ***ကျောဖုံးမှ***

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား PT PINDAD ကုမ္ပဏီအစည်းအဝေးခန်းမ၌ စစ်သုံးပစ္စည်းများထုတ်လုပ်နေမှုများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် PT PINDAD ကုမ္ပဏီအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် Bandung ညီလာခံကျင်းပခဲ့ကြသော သမိုင်းဝင်ခန်းမအား သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ညီလာခံကျင်းပခဲ့ပုံ၊ အဖွဲ့ဝင်နိုင်ငံများ တက်ရောက်ခဲ့မှုနှင့်အခြေခံမူ (၁၀) ချက် ချမှတ်နိုင်ခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Indonesian Aerospace PT Dirgantara သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်ခန်းမ၌ လေယာဉ်နှင့်ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြ၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Indonesian Aerospace PT Dirgantara မှ ထုတ်လုပ်သော CN 235-220 လေယာဉ်နှင့် NC 212i လေယာဉ်များအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မြန်မာနိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကိုရီးယား KOICA မှ တာဝန်ရှိသူများ ကွင်းဆင်းလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၇ နာရီက မြန်မာနိုင်ငံ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယားနိုင်ငံ၏ အထောက်အပံ့ အကူအညီဖြင့် KOICA အေဂျင်စီမှ အကူအညီပေးမည့် အစီအစဉ်များအနက် (Advanced Post Harvest Technology Center) အဆင့်မြင့်ရိတ်သိမ်းချိန်လွန် နည်းပညာ စီမံကိန်းဆိုင်ရာ အကူအညီပေးရေးအဖွဲ့၏ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကွင်းဆင်းလေ့လာရေးခရီးစဉ်အတွင်းလိုက်ပါ၍ ကျေးရွာများ၊ စိုက်ကွင်းများအတွင်း ရှင်းလင်းပြသခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် KOICA အေဂျင်စီမှ အဖွဲ့ခေါင်းဆောင် Dr.NAM, Kwon Hyoung နှင့် Dr.SHIN Jong Soo ပါဝင်သော ခုနစ်ဦးအဖွဲ့အား နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်းအတွင်း တောင်သူများအတွက် ဝင်ငွေတိုးတက်ရရှိစေရန် တောင်သူပညာပေး စိုက်ပျိုးပြသ ထားသော တစ်ဆက်တစ်စပ်တည်း သဘော်စိုက်ခင်း၊ တစ်ဆက်တစ်စပ်တည်း နာနတ်စိုက်ခင်း၊ တစ်ဆက်တစ်စပ်တည်း ဖရုံစိုက်ခင်း၊ တစ်ဆက်တစ်စပ်တည်း ဖရဲစိုက်ခင်း၊ တစ်ဆက်တစ်စပ်တည်း သခွားမွှေးစိုက်ခင်း၊ တစ်ဆက်တစ်စပ်တည်း ပျမ်းမျှတန် ၈၀ထွက်ရှိသည့် ခေတ်မီကြံစိုက်ခင်း၊ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးရန် ပြင်ဆင်ထားသော ကညွတ်စိုက်ခင်းများကို လိုက်လံပြသသည်။

ထို့မှတစ်ဆင့် နေပြည်တော်ကောင်စီနယ်မြေရှိ ဟိုတယ်ဇုန်အတွက်ရည်ရွယ်၍ သီးသန့်စိုက်ပျိုးထားသော ပိုက်ကွန်စနစ်ဖြင့် ဟင်းသီးဟင်းရွက် ၂၄ မျိုးကို စိုက်ပျိုးထားသည့် စိုက်ကွင်းများအား ကိုရီးယားပညာရှင်များနှင့် အတူ လိုက်လံ စစ်ဆေးအားပေးပြီး ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village,One Product) စနစ်ဖြင့် နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

KOICA အေဂျင်စီမှ ပညာရှင်များသည် ပျဉ်းမနားမြို့နယ် အလျင်လို ကျေးရွာအနီး တောင်သူပညာပေးစိုက်ကွင်းသို့ ကန်စွန်းစိုက်ကွင်းများ၊ ပိန်းဥစိုက်ခင်းများ၊ ဂျုံးမြစ်စိုက်ကွင်းများနှင့် ကညွတ်ပျိုးခင်းများကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် မန်ကျည်းကုန်း ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ ဝင်ငွေတိုးတက်စေရေးအတွက် KOICA အဖွဲ့မှ စီမံကိန်းရေးဆွဲ အကောင်အထည် ဖော်ပေးမည့် လုပ်ငန်းဆိုင်ရာများကိုပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် KOICA အဖွဲ့မှ ပညာရှင်ခေါင်းဆောင် Dr. NAM, Kwon Hyong၊ Dr. SHIN Jong Soo တို့က ပြောကြားပြီး မန်ကျည်းကုန်း ကျေးရွာအပါအဝင် ကျေးရွာများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လယ်ယာကဏ္ဍကို အခြေခံသည့်လုပ်ငန်းများမှ တစ်ဦးချင်းဝင်ငွေ တိုးတက်စေရေးအတွက် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများကို အသေးစိတ်ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

● ***ကျောဖုံးမှ***

Governor Residence ၌ မြန်မာ့ရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေမှုများကိုကြည့်ရှုခြင်းနှင့် ညစာသုံးဆောင်ခြင်း၊ ပဲခူးနေ့ချင်းပြန်ခရီးစဉ်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ သွားရောက်လည်ပတ်ခြင်း၊ ရွှေတိဂုံဘုရားသို့ သွားရောက်ခြင်းများ ပြုကြမည်ဖြစ်သည်။

၂၀၁၄ ခုနှစ် ပထမလေးလတာကာလတွင် ရန်ကုန်မြို့သို့ Cruises ၁၂ စင်းဝင်ရောက်ရန်ရှိပြီး ဗြိတိန်၊ ဂျပန်၊ ဂျာမနီ၊ ပြင်သစ်နိုင်ငံတို့မှ သင်္ဘောများအပါအဝင် အမေရိကန်မှ ခုနစ်စီးပါဝင်ကြောင်း၊ ရန်ကုန်ဆိပ်ကမ်းသို့ ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘောကြီးအစင်း၂၀ အထိ ရောက်ရန်ရှိသဖြင့် Year of Cruises ဟု ဆိုနိုင်ကြောင်း၊ မြန်မာနိုင်ငံသို့ အပျော်စီးသင်္ဘောများ လာရောက်ရေးအတွက် အဓိကဈေးကွက်ရှာဖွေပေးနေသော တိုင်းရင်းသားပိုင်ကုမ္ပဏီ Myanmar Voyages မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီးသည် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ မလေးရှားနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **ခင်ချိုဝင်း**

သစ်တောသစ်ပင်တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

ပြည်တွင်းသတင်း

သစ်တောကဏ္ဍတွင် နှစ်ရှည်ရင်းနှီးမြှုပ်နှံနိုင်ရန် ဖန်တီးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ၌ နိုင်ငံဧရိယာ၏ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းသည် သစ်တောများ ဖုံးလွှမ်းလျက်ရှိသည်။

မြန်မာနိုင်ငံ ပဲခူးရိုးမဒေသသည် ကမ္ဘာ့တန်ဖိုးအကြီးဆုံး သစ်မျိုးဖြစ်သော ကျွန်းရွှေဝါ (Golden Teak) အပါအဝင် ဈေးကွက်ဝင် အဖိုးတန်သစ်များပေါက်ရောက်ရာ မူရင်းဒေသကြီးဖြစ်သည့်အပြင် နိုင်ငံ၏ အဓိက မြစ်ချောင်းကွန်ရက်ကြီးလေးခုအနက် နှစ်ခုဖြစ်သော ဧရာဝတီမြစ်နှင့် စစ်တောင်းမြစ်များ၏ ရေဝေရေလဲဒေသကြီး ဖြစ်သကဲ့သို့ စိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါသောဆည်တမံပေါင်း ရှစ်ဆယ်ကျော်၏ ရေဝေရေလဲဒေသကြီးလည်း ဖြစ်သဖြင့် အသက်သွေးကြောပမာ အရေးပါလှသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ပဲခူးရိုးမဒေသရှိ သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ဆည်နှင့်တာတမံများ၏ ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်း၊ နိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များက ကျွန်းနှင့်သစ်မာသစ်မျိုးစုံ စိုက်ခင်းများတည်ထောင်၍ သစ်တောကဏ္ဍတွင် နှစ်ရှည်ရင်းနှီးမြှုပ်နှံနိုင်ရန် အခြေအနေကောင်းများ ဖန်တီးပေးခြင်း စသည့်လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန် ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၅ ရက်အထိ ပဲခူးတိုင်းဒေသကြီးအတွင်း သွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ရှိ လက်ပံခုံ သစ်တောသုတေသနစခန်း၌ ဆောင်ရွက်လျက်ရှိသော ကျွန်းနှင့်အဖိုးတန်သစ်မျိုးသန့်ထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းများနှင့် ကျွန်းခန္ဓာပိုင်းမျိုးပွားခြင်း သုတေသနလုပ်ငန်းများကိုလည်းကောင်း၊ အုတ်တွင်း-ပေါက်ခေါင်း ရိုးမဖြတ်လမ်းတစ်လျှောက်ရှိ ဌာနကျွန်းစိုက်ခင်းများတွင် ပင်ကျပ်နုတ်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှင်းလင်းပြောကြား

ထို့ပြင် အုတ်တွင်း-ပေါက်ခေါင်း ရိုးမဖြတ်လမ်းတစ်လျှောက်ရှိ ပုဂ္ဂလိကကျွန်းနှင့် သစ်မာသစ်မျိုးစုံ စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်များတွင် ပြည်သူလူထု၏ ပါဝင်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးလျက်ရှိကြောင်း၊ ၂၀၀၅-၂၀၀၆ ခုနှစ်မှစတင်ပြီး ပြောင်းလဲမှုများကို ကြိုတင်မျှော်တွေး၍ ပုဂ္ဂလိကကဏ္ဍကို စိုက်ခင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်စေလျက်ရှိကြောင်း၊ ပြည်သူနှင့် ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှုအသွင်ဖြင့် အကောင်အထည်ဖော်လျက်ရှိရာ တာဝန်သိသော ရင်းနှီးမြှုပ်နှံမှုဖြစ်စေရန်နှင့် မိမိအသိစိတ်ဓာတ်ဖြင့် လူမှုရေးအရ တာဝန်ယူမှုများရှိရန်လိုအပ်ကြောင်း၊ ကမ္ဘာ့တစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာသည့် သစ်တောထိန်းသိမ်းခြင်း လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း REDD+ ၏ သဘောသဘာဝမှာ အပင်များတွင် သိုလှောင်ထားသော ကာဗွန်ပမာဏအတွက် ငွေကြေးတန်ဖိုးတွက်ချက်ဖော်ပြပြီး သစ်တောများကို ခုတ်လှဲခြင်းထက် ပင်ထောင်အတိုင်း ဆက်လက်ထားရှိပြီး ထိန်းသိမ်းကာကွယ်ခြင်းက ပိုမိုတန်ဖိုးကြီးမား၍ သစ်ထုတ်ရောင်းချသကဲ့သို့ ဝင်ငွေရရှိစေမည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ပုဂ္ဂလိက ကျွန်းနှင့်သစ်မာသစ်မျိုးစုံ စိုက်ပျိုးခြင်းလုပ်ငန်းကို ၂၀၀၆ ခုနှစ်မှ စတင်ခွင့်ပြုခဲ့ရာ ၂၀၁၃-၁၄ ခုနှစ်အထိ ပုဂ္ဂလိကကျွန်းစိုက်ခင်း ၁၀၇၃၅၂ ဧကနှင့် ပုဂ္ဂလိကသစ်မာစိုက်ခင်း ၅၁၈၁၃ ဧကကို စိုက်ပျိုးတည်ထောင်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မန္တလေးမြို့တွင် ရင်ချင်းဆက်အမြွှာမွေးဖွားပြီး မွေးရာပါကျန်းမာရေးချို့တဲ့၍ ၃၂ နာရီသာ အသက်ရှင်

မန္တလေး ဖေဖော်ဝါရီ ၁၉

မန္တလေးမြို့ ဗဟိုအမျိုးသမီးဆေးရုံတွင် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၆ နာရီ ၃၄ မိနစ်က ရင်ချင်းဆက်အမြွှာမွေးဖွားခဲ့ရာ မွေးရာပါ ကျန်းမာရေးချို့တဲ့သောကြောင့် ၃၂ နာရီသာအသက်ရှင်ခဲ့ပြီး ယနေ့ နံနက် ၂ နာရီ ၅၅ မိနစ်တွင် သေဆုံးသွားခဲ့သည်။

အဆိုပါ ရင်ချင်းဆက်အမြွှာနှင့်ပတ်သက်၍ ကလေးအထူးကုဆေးရုံ ခုတင် ၅၅၀ ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စိုးက “ ယခင်က ၁၈ ရက်မှာ ခွဲစိတ်မွေးဖွားဖို့ စီစဉ်ထားခဲ့ပေမယ့် ရေမြွှာပေါက်သွားလို့ စောပြီးမွေးခဲ့ရတယ်။ မွေးပြီး ခုတင် ၅၅၀ ဆံ့ ကလေးအထူးကုသဆောင်မှာ ပြောင်းရွှေ့စောင့်ရှောက်မှုပေးခဲ့ပါတယ်။ တစ်ယောက်က ကျန်းမာရေးပိုချို့တဲ့တယ်။ နှစ်ယောက်စလုံးကို အသက်ရှူစက်တွေနဲ့ စောင့်ရှောက်ပေးထားရပါတယ်” ဟု ဆိုသည်။

အမြွှာကလေးများမှာ ယောကျ်ားကလေးများဖြစ်ပြီး ၅ ဒသမ ၁ ကီလိုဂရမ်သာဖြစ်သည့် ရင်ချင်းဆက်အမြွှာဖြစ်ကြောင်း၊ ကလေးများ၏ ကျန်းမာရေးကို အချိန်နှင့်အမျှ ပြုစုစောင့်ရှောက်ရာ ၎င်းတို့သည် အောက်ဆီဂျင်ပြည့်ဝနှုန်း နည်းခြင်း၊ ချက်ကြိုးအနီး၌ အသည်းတစ်စိတ်တစ်ဒေသနှင့် အူများပါဝင်သည့် အိတ်အပိုတစ်လုံးပါရှိလာကြောင်း၊ ရင်ဘတ်နှင့် ချက်အထိ ဆက်စပ်နေခြင်းဖြစ်ပြီး နှစ်ယောက်ပေါင်းမှ နှလုံးတစ်ခုသာ ပါရှိကြောင်း။

ဒုတိယအမြွှာ၏လည်ပင်းတွင် အစာရေပြွန်လမ်းကြောင်းနှင့် အသက်ရှူလေပြွန်လမ်းကြောင်းတို့ ဆက်စပ်နေကြောင်း၊ ပုံမှန်နှလုံးက အခန်းလေးခန်းရှိရာ ကလေးတွေမှာ သွေးလွှတ်ခန်းအပေါ်က နှစ်ယောက်ပေါင်း တစ်ခန်းပဲ ရှိနေတာကြောင့် အသက်ရှူနှုန်းမှာ ရာနှုန်းမပြည့်နိုင်ကြောင်း၊ ရင်ခေါင်းသေးတော့ အဆုတ်ကလည်းသေးနေကြောင်း၊ တစ်ဦးစီခွဲထုတ်ဖို့ ကလေးအထူးကုဆရာဝန်ကြီးကိုပြတော့ သွေးပေါင်အလွန်ကျနေပြီး သွေးပေါင်တက်အောင် ကြိုးစားဆောင်ရွက်ခဲ့ပေမယ့် တက်မလာဘူး၊ အသက်ရှူစက်နှင့် အောက်ဆီဂျင်ပေးထားရကြောင်း၊ နောက်ရက်မှာ ဓာတ်မှန်ရိုက်ကြည့်တော့ ရင်ဘတ်မှာ ရင်ညွန့်ရိုးဆက်နေပြီး ရင်ခေါင်းကလည်း သေးနေပြန်တယ်၊ ယနေ့ နံနက် ၃ နာရီလောက်မှာ ဆုံးသွားခဲ့ကြောင်း ပြောကြားသည်။

အမြွှာကလေးနှစ်ဦး၏ မိဘနှစ်ပါးမှာ ကိုကျော်နိုင်-မအေးမြမွန် ရေဦးမြို့နယ် ဇေယျဝတီကျေးရွာမှ တောင်သူများဖြစ်ပြီး ရေဦးဆေးရုံမှတစ်ဆင့် မန္တလေးဗဟိုအမျိုးသမီးဆေးရုံသို့ လွှဲအပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့တွင် အသက်လေးနှစ်အရွယ် သမီးတစ်ယောက်ရှိပြီး ဒုတိယကိုယ်ဝန်တွင် ယခု ရင်ချင်းဆက်အမြွှာကိုယ်ဝန် မွေးဖွားခြင်းဖြစ်သည်။ မန္တလေးမြို့ ခွဲစိတ်ကုသဌာနမှ ၂၀၀၁ ခုနှစ်က တင်ပါးဆုံကွင်းဆက်အမြွှာဖြစ်သည့် မမိုးပပအောင်နှင့် မမိုးမမအောင်တို့ကို ခွဲစိတ်မွေးဖွားခဲ့ဖူးပြီး ယနေ့တိုင်ကျန်းမာလျက်ရှိကြောင်း၊ ၂၀၁၁ ခုနှစ်တွင် တင်ချင်းဆက်အမြွှာဖြစ်သည့် မောင်အောင်ခန့်ကျော်နှင့် မောင်အောင်မြတ်ကျော်တို့ကိုလည်း အောင်မြင်စွာ ခွဲစိတ်မွေးဖွားနိုင်ခဲ့ကြောင်း သိရသည်။

တင်မောင် (မန္တလေး)

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ရောက်ရှိနေသည့် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာသာလှရွှေနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မောင်တောဒေသ ဌာနေကိုယ်စားလှယ် Mr.Roka Kuto နှင့် နယ်စည်းမခြား ဆရာဝန်များအဖွဲ့ (MSR) မှ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

(ယာပုံ)

စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ မောင်တောမြို့၌ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိ

မွန်းလွဲပိုင်းတွင် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မောင်တောမြို့နယ်ရဲစခန်းသို့ သွားရောက်ပြီး ဒုချီးရားတန်းဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည်ဟု သံသယရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်။

အလားတူ စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူး ဒေါက်တာကျော်ရင်လှိုင်နှင့်အဖွဲ့သည် နံနက်ပိုင်းတွင် ဒုချီးရားတန်းအလယ်ရွာ၌ ဇန်နဝါရီ ၁၃ ရက်က ဖြစ်ပွားခဲ့သည့် ခရေမြိုင်ရဲကင်းမှ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း သေဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ မေးမြန်းစုံစမ်းခဲ့ကြသည်။

ထိုသို့ စစ်ဆေးမေးမြန်းရာတွင် အခြားပြင်ပမှ မည်သူ့ကိုမျှ လာရောက်ခွင့်မပြုဘဲ လွတ်လပ်စွာ သီးခြားတွေ့ဆုံမေးမြန်းမှုပြုခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ညိုမောင်ဦး ၁၀/မလမ(နိုင်)၂၂၂၁၄၆၏ ပတ်စ်ပို့ No. A-248025သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၂၅၅၈၀၂၁၅၈ သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ (၁၅၇)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်၁၀၆၂ဟုခေါ်တွင်သော အလျားပေ၆၀×အနံပေ၄၀ရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဦးမောင်သာ KTW-၁၂၇၂၉၉ အမှတ်(၁/၄)၊ ကျိုက္ကစံရဲရိပ်သာ၊ ရန်ကင်းထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤနို့တစ်စာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းထွန်းနိုင်
၇/ပခန(နိုင်)၂၀၉၁၈၁
အမှတ်၁၀၀၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၁၂၄၉၉

ဦးကျော်ဝင်းထွန်း ၁၂/မဂတ(နိုင်)၀၆၈၅၉၆နှင့် ၎င်း၏ရှေ့နေများဖြစ်သော ဒေါ်မိုးမိုးခိုင်၊ ဒေါ်ယောမယ်ရီတို့၏ ၁၂-၂-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ -၃တွင် ပါရှိသော ကြေညာချက်အပေါ် ပြန်လည်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ် ၉၇-အေ နေ ဒေါ်ခင်နု ၁၂/ဗဟန(နိုင်)၀၃၇၁၈၈၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးကျော်ဝင်းထွန်းနှင့် အများသိစေရန် ပြန်လည်၍ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၁၊ မြေကွက်အမှတ် ၁၈ အေ မြေကွက်နှင့် ယင်းမြေကွက်တည်ရှိရာ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ် ၉၇ ဘီ ဟုခေါ်တွင်သည့် အဆောက်အအုံအား ဦးထွန်းကြိုင်နှင့် ဒေါ်ခင်နုတို့သည် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိခဲ့ပါသည်။

ဦးကျော်ဝင်းထွန်း၏ ကြေညာချက်တွင်ပါရှိသောသတင်းဂျာနယ်ပါ ဖော်ပြချက်များမှာ ဦးဉာဏ်ဝင်းမှ ပြောဆိုခဲ့ခြင်းမရှိပါ။

ဦးကျော်ဝင်းထွန်းအနေဖြင့် အထူးကိုယ်စားလှယ်စာ တရားဝင်ရရှိသည်ဆိုပါက ကိုယ်စားလှယ်တစ်ဦး၏ အခွင့်အရေးရရှိသူသာဖြစ်ပြီး၊ ပိုင်ရှင်အခွင့်အရေးရရှိနိုင်သူ မဟုတ်ပါ။ မိမိပိုင်ပစ္စည်းဟုဆိုပါက တရားဥပဒေအရဆောင်ရွက်ရန်ဖြစ်ပါသည်။ ဦးကျော်ဝင်းထွန်းမှ ဒေါ်ခင်နုတို့အပေါ် မမှန်မကန်ကြေညာခြင်းများအား ဆက်လက်မပြုလုပ်ရန်နှင့် ၎င်း၏ပြုလုပ်ချက်များအပေါ် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဉာဏ်ဝင်း၊ ဒေါ်စန်းမာလာညွန့် (စဉ်-၁၂၀၃)၊ (စဉ်-၆၄၆၂) တရားလွှတ်တော်ရှေ့နေများ

ဒေါ်မျိုးပပအောင် (စဉ်-၃၉၂၀၁) အထက်တန်းရှေ့နေ

အမှတ် ၃၁/၃၃(စတုတ္ထထပ်)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၂၀၂၇၄၀

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏ သားဖြစ်သူ မောင်မြတ်အောင်(ခ)အားဆွေ ၁/မကတ(ဧည့်)၀၀၀၈၂၂သည် မိဘအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သည့် ကိစ္စအားလုံးကိုလုံးဝတာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

မိခင် ဒေါ်ပေါင်း
၁/မကတ(နိုင်)၀၁၁၂၀၄၊
သီရိဇေယျာရပ်ကွက်၊ ဆားမှော်



ပျောက်ဆုံးခြင်း

ကျွန်တော် ဝေနှင်းဦး ၁၂/တမန(နိုင်)၁၀၄၇၆၄၏ IDမူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၀၄၁၄၇

သွေးသည် အသက်

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၁၄၈/က၊ မြေကွက်တည်နေရာ ၁၄၈/က၊ အနော်မာ ၃လမ်း၊(၁)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ဖာတမာ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ဖာတမာ(မိခင်) ဦးဘူဒါ(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ယာဂွမ် ၁၂/သကတ(နိုင်)၁၁၅၀၁၀ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများနှင့်အတူ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၈B၂၊ မြေကွက်အမှတ် ၇၂ အိတ်ချ်၊ မြေကွက်တည်နေရာအမှတ် ၃၄၁A၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ဒေါ်ထွေးထွေး အမည်ပေါက် ဂရန်ရှိ မြေပိုင်မြေအား အမည်ပေါက် ဒေါ်ထွေးထွေး ကွယ်လွန်သဖြင့် ဦးသိုက်စိုး ၁၂/လကန(နိုင်)၀၁၆၄၇၁က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများအောင်မြင်စွာ ရေရှည်ရပ်တည်နိုင်ရန် လိုအပ်သောပတ်ဝန်းကျင်ကောင်းများဖန်တီးပံ့ပိုးသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့သော အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၂၅)ကြိမ်မြောက် အစည်းအဝေး (High Level Task Force for Economic Integration-HLTF-EI) ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။ (အောက်ပုံ)

အဆိုပါ အစည်းအဝေးသည် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး (Economic Integration) အတွက် ရည်ရွယ်ကျင်းပကာ ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသည့် အာဆီယံစီးပွားရေးအသိုက်အဝန်း (Asean Economic Community -AEC) အောင်မြင်စွာ ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်တစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်က AEC ပေါ်ပေါက်လာပြီးနောက်ပိုင်း မြန်မာစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားစီးပွားရေး လုပ်ငန်းရှင်များနှင့် ယှဉ်ပြိုင်ရမည့်အပေါ် မည်သို့မည်ပုံအကာအကွယ်ပေးမည်ဟူသည့် အချက်နှင့်ပတ်သက်ပြီး မိမိတို့ဝန်ကြီးဌာနကို မကြာခဏမေးမြန်းမှုများရှိကြောင်း၊ မြန်မာနိုင်ငံသည် World Trade Organization - WTO အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး မိမိနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ အောင်မြင်စွာ ရေရှည်ရပ်တည်နိုင်ရန် လိုအပ်သော ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပံ့ပိုးပေးခြင်းဖြင့်သာ ကူညီသွားနိုင်မည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ကောင်းများဖန်တီးရာတွင် Commerical Tax ကို ၁၀ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းသို့ လျှော့ချခြင်းကဲ့သို့ ပြုပြင်ပြောင်းလဲမှုများ ပါဝင်လာမည်ဖြစ်ပြီး နောက်ဆက်တွဲ ကိစ္စများလည်း အကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း၊ AEC ပေါ်ပေါက်လာပြီးနောက်ပိုင်း စီးပွားရေး ယှဉ်ပြိုင်မှုများ ဖြစ်ထွန်းလာပြီး တစ်ဦးတစ်ယောက်ချင်းသာမက စီးပွားရေး လုပ်ဖော်ကိုင်ဖက်များ စုပေါင်းထားသည့် အစုအဖွဲ့ချင်း ပူးပေါင်းယှဉ်ပြိုင်မှုများတွင် ပြည်တွင်း၊ ပြည်ပ Partner များရှာဖွေ ယှဉ်ပြိုင်မှုများအဖြစ် ပါဝင်လာမည်ဖြစ်ကြောင်း၊ အစိုးရမှ ကာကွယ်ပေးမှု (Protectionism) သည် ဖြစ်ပေါ်လာနိုင်ခြင်းမရှိကြောင်း ပြောကြားသွားသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်း ပေါ်ပေါက်လာရေးအတွက် လုပ်ဆောင်ရန် လုပ်ငန်းများစွာကို ၂၀၁၅ ခုနှစ်တွင် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အဆင့်လေးဆင့်ဖြင့် ဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင် အဆင့်(၃)အထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီဖြစ်သည်။ လုပ်ဆောင်ရန်ကျန်ရှိနေသော လုပ်ငန်းများကို အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

အာဆီယံ နိုင်ငံများအတွက် ၂၀၁၅ အလွန် ကာလများတွင် လုပ်ဆောင်သွားရန်ရှိသည့် အကြောင်းအရာများကိုလည်း ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကာ အကြောင်းအရာနှစ်ရပ်အပေါ်တွင် အခြေခံ၍ ဆွေးနွေးသွားမည် ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် AEC ပေါ်ပေါက်လာအောင် ဆက်လက်ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးခြင်းနှင့် ၂၀၁၅ ခုနှစ် နောက်ပိုင်း AEC ၏ ပုံသဏ္ဌာန်ကို မည်သို့ဆက်လက်ရပ်တည် အကောင်အထည်ဖော်သွားမည်ဟူသည့် အချက်နှစ်ချက်အပေါ်တွင်အခြေခံကာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

စံကားဝါ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ICT နည်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ စာတမ်းရှင်များဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ်က ကြီးမှူးကျင်းပသော (၁၂)ကြိမ်မြောက် နိုင်ငံတကာ စာတမ်းဖတ်ပွဲ The 12th International Conference on Computer Applications 2014 ICCA ကို ပြည်တွင်း ပြည်ပမှ ICT နည်းပညာဆိုင်ရာ စာတမ်းရှင်ပေါင်း ၁၀၀ နီးပါးတက်ရောက်ဖတ်ကြားခဲ့ကြောင်း သိရသည်။ အဆိုပါ စာတမ်းဖတ်ပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲ၌ ယခုနှစ်တွင် စင်ကာပူ၊ မလေးရှား၊ သြစတြေးလျ၊ ဂျပန်၊ ဂျာမနီ၊ ကိုရီးယားနိုင်ငံတို့မှ တက်ရောက်ခဲ့ကြောင်း သိရသည်။ စာတမ်းဖတ်ပွဲ၌ နိုင်ငံတကာမှ ပညာရှင်များ၏ ယနေ့ခေတ်ဖြစ်ပေါ်ပြောင်းလဲနေသော နည်းပညာဆိုင်ရာ ဟောပြောချက်များ၊ ပြည်တွင်းပြည်ပသုတေသနပညာရှင်များ၏ စာတမ်းဖတ်ကြားခြင်းနှင့် ဆွေးနွေးချက်များ၊ ပညာရှင်များ ပူးပေါင်းဆောင်ရွက်သော စုပေါင်းအလုပ်ရုံဆွေးနွေးပွဲများ ပါဝင်သည်။

မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ်မှစ၍ ၂၀၁၄ ခုနှစ်အထိ စာတမ်းဖတ်ပွဲ ဆက်တိုက်ကျင်းပခဲ့သည်။ ph.D တက်နေဆဲ ဆရာ ဆရာမများလည်း ပါဝင်၍ စာတမ်း ၆၂ စောင် ဖတ်ကြားပြီး အလုပ်ရုံဆွေးနွေးပွဲတွင် ၁၅ ဦး ဆွေးနွေးမည်ဖြစ်သည်။ ပြည်ပနိုင်ငံများမှ ph.D ကျောင်းသားများလည်း ဖတ်ကြားခြင်း၊ လေ့လာခြင်းများပြုလုပ်ကြသည်။ စာတမ်းဖတ်ကြားခြင်းသည် သုတေသနလုပ်ငန်းအတွက် အကျိုးများစွာဖြစ်ထွန်းစေမည်ဖြစ်သည်။

ယခုဆွေးနွေးပွဲတွင် နိုင်ငံတကာမှ သုတေသနလုပ်ငန်းအသစ်များကို အပြန်အလှန်ဖလှယ်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များမှ ပါမောက္ခများနှင့် တိုက်ရိုက်ဆွေးနွေးခြင်း ၊ အလုပ်ရုံဆွေးနွေးပွဲများမှ နည်းပညာရပ်ဆန်းသစ်မှုများကို ရရှိစေခြင်းဖြင့် နိုင်ငံတကာအဆင့် IT ပညာရှင်များပေါ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ဆိုင်ကယ်လိုင်စင်ပြုလုပ်ပေး

မော်လမြိုင် ဖေဖော်ဝါရီ ၁၉

မွန်ပြည်နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်များကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ယာဉ်မှတ်ပုံတင်ပြုလုပ်ပေးခဲ့ရာ သထုံခရိုင်တွင် ဆိုင်ကယ် ၇၃ စီးအတွက် အကောက်ခွန်ဦးစီးဌာနမှ ၄၃ ဒသမ ၄၇ သိန်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၁၁ ဒသမ ၃၁ သိန်း၊ အာမခံဌာနမှ ၁ ဒသမ ၂၇ သိန်း၊ မြန်မာ့စီးပွားရေးဘဏ်မှ ငွေကျပ် ၄၀၁၅ စုစုပေါင်း ၅၆ ဒသမ ၄၆ သိန်းကျော်ရရှိခဲ့ကြောင်း သိရသည်။ မော်လမြိုင်ခရိုင်တွင် ဆိုင်ကယ် ၂၂၄ စီးအတွက် အကောက်ခွန်ဦးစီးဌာနမှ ၁၅၈ ဒသမ ၈၃သိန်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၃၄ ဒသမ ၇၂ သိန်း၊ အာမခံဌာနမှ ၃ ဒသမ ၉၂ သိန်း၊ မြန်မာ့စီးပွားရေးဘဏ်မှ ၁ ဒသမ ၂၃ သိန်း စုစုပေါင်း ၁၉၈ ဒသမ ၇၀ သိန်းကျော်ရရှိခဲ့ကြောင်း သိရသည်။ **လ/၀၁၂**

အမည်ပြောင်း

ဦးအောင်ဆန်းကျော်၏သား ပြင်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ အထက ပြင်ခရိုင် ဆဌမတန်း(က)မှ မောင်စွမ်းရည်အား မောင်စွမ်းရည်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်စွမ်းရည်လင်း**

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

Htein Htet San Law Firm

[illegible]

CLAIMS DAY NOTICE
M.V CRESTA BLUE VOY;No.81

Consignees of cargo carried by M.V CRESTA BLUE Voy; No.81 are here by notified that the vessel will arrive on about 22-02-14 and car go will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၅၆၉၂၄၊ ၂၅၆၉၁၄၊ ၂၅၆၉၀၃၊ ၂၅၆၉၁၃

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

CLAIMS DAY NOTICE
M.V ASIAN LEADER VOY;No.40

Consignees of cargo carried by M.V ASIAN LEADER Voy; No.40 are here by notified that the vessel will arrive on about 21-02-14 and car go will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၅၆၉၂၄၊ ၂၅၆၉၁၄၊ ၂၅၆၉၀၃၊ ၂၅၆၉၁၃

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ လူနေရပ်ကွက်အမှတ် (ကံ့ကော်ရိပ်သာ-၁)၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် (၁၃၇၊ ၁၃၈၊ ၁၄၉၊ ၁၅၀)ဟု ခေါ်တွင်သော အကျယ်အဝန်းအားဖြင့် ပေ ၁၀၀×ပေ ၁၀၀စီရှိ နှစ်၆၀ ဂရန်မြေကွက်အားလုံးသည် ရန်ကုန်မြို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြေစာရင်းတွင် ဦးဇော်ဘိုခန့် ၁၀/မလမ(နိုင်)၀၅၉၄၇၄ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။

ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် အမည်ပေါက်သူမှ လွှဲအပ်ပေးထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၀၁၄၀/၁၃)အရ လက်ဝယ်ထားပိုင်ဆိုင်ထားသော မြေကွက်များအနက် တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော မြေကွက်အမှတ် ၁၄၉ အကျယ်အဝန်းအားဖြင့် ပေ ၁၀၀×ပေ ၁၀၀ ရှိ မြေကွက်တစ်ကွက်အား ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရီရီချို ၁၂/ရကန(နိုင်)၀၅၅၂၂၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ ပိုင်ဆိုင်သည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူဇော် (စဥ်-၁၀၉၃၈)LL.B, D.I.L,WIPO (Switzerland)
အထက်တန်းရှေ့နေ FAST-FORWARD
အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ
အမှတ်(၂၄)၊ မြေညီထပ်၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆၊ ၀၉-၄၃၁၂၉၀၉၃၊ ၀၉-၄၂၃၆၅၈၀၉၂

CLAIMS DAY NOTICE
M.V OCEAN SEAGULL VOY;No.36

Consignees of cargo carried by M.V OCEAN SEAGULL Voy; No.36 are here by notified that the vessel will arrive on about 23-02-14 and cargo will be discharged into the premises of Yangon port.

Damaged car go will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၅၆၉၂၄၊ ၂၅၆၉၁၄၊ ၂၅၆၉၀၃၊ ၂၅၆၉၁၃

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၁၄၈/ခ၊ မြေကွက်တည်နေရာ ၁၄၈/ခ၊ အနော်မာ ၃လမ်း၊(၁)ရပ်ကွက်၊ သာကေတမြို့နယ် ဦးမူဆာ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမူဆာ (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်မူနန်း TKA-၀၀၀၁၉၇ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားနှင့်အတူ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်တွင်းသတင်း

ကျောက်ဆည်နယ်မှ ကျောက်သခွားမွှေးများ တရုတ်ပြည်သို့တင်ပို့

ကျောက်ဆည် ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ပေါင်လောင်ကျေးရွာအနီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ကျောက်သခွားမွှေးများကို မူဆယ်မှတစ်ဆင့် တရုတ်ပြည်ကြယ်ခေါင်သို့တိုက်ရိုက်တင်ပို့ရောင်းချရာ တောင်သူစိုက်ပျိုးရေး လုပ်ငန်းရှင်များ စီးပွားရေးတွက်ခြေကိုက်ပြီး အဆင်ပြေလျက်ရှိကြောင်းသိရသည်။

"ကျွန်တော် ဒီပေါင်လောင်ကျေးရွာအနီးမှာ မြေငါးဧကငှားရမ်းပြီး ကျောက်သခွားမွှေးများစိုက်ပျိုးတာ အောင်မြင်ပါတယ်။ မြေငှားခနဲ့စိုက်ပျိုးစရိတ် တစ်ဧကကိုငွေကျပ် ၁၈ သိန်းကျော်ကုန်ကျပါတယ်။ ငါးဧကဆိုတော့ စိုက်ပျိုးမှုကုန်ကျစရိတ်သိန်း ၁၀၀ ခန့်ကုန်ကျပါတယ်။ အခုတင်ပို့မှာက ပထမဆုံးအသုတ်ဖြစ်ပါတယ်။ ဖုန်းနဲ့ဆက်သွယ်မေးမြန်းမှုအရ ကြယ်ခေါင်အရောက် တစ်ကီလိုကို ၆ ယွမ်ပေးမယ်ဆိုလို့ အခုလိုတင်ပို့ဖို့စီစဉ်နေခြင်းဖြစ်ပါတယ်။ အခုတင်ပို့မယ့် သခွားမွှေးတစ်လုံးကို တရုတ်ငွေ ၁၅ ယွမ်နှုန်းရရှိမှာဖြစ်ပါတယ်။ အခုလောလောဆယ် တစ်ယွမ်ကို မြန်မာငွေ ၁၆၀ နှုန်းလောက်ဈေးပေါက်ပါတယ်။ ဒါကြောင့် သခွားမွှေးတစ်လုံးကို မြန်မာငွေ ၂၄၀၀ နှုန်းလောက်ရရှိမှာဖြစ်ပါတယ်။ သခွားမွှေးတင်ပို့ရာမှာ အကောင်းဆုံးကတော့ ခြောက်ဘီးကားကအကောင်းဆုံးဖြစ်ပါတယ်။ ခြောက်ဘီးကား တစ်စီးကို ကြယ်ခေါင်အရောက် ငွေကျပ် ၆၆၀၀၀ နှုန်းပေးရပါတယ်။ အခုခြောက်ဘီးကားနှစ်စီး တင်ပို့မှာဖြစ်ပါတယ်။ ကြယ်ခေါင်ရောက်ရင်ပထမဆုံးအသီးတွေ အပြည့်နဲ့ကားကို ကတ္တားချိန်ပြီး ကား+ပစ္စည်း အလေးချိန်ကို မှတ်သားပြီး ကုန်လှောင်ရုံမှာ အသီးတွေသွားချရပါတယ်။ အသီးတွေချပြီးရင် ကားအခွံချည်းတစ်ခါပြန်ချိန်ပါတယ်။ ပထမချိန်ထားတဲ့ ကားနဲ့ပစ္စည်းအလေးချိန်ထဲကနေ ကားအလေးချိန်ကို နှုတ်ပြီး ကျန်ရှိတဲ့တန်ချိန်ကို ကီလိုဖွဲ့ပြီး ငွေပေးချေတဲ့စနစ်ဖြစ်ပါတယ်။ ဒါကြောင့် တရုတ်ပြည်ကို သစ်သီးစသည့် ကုန်စိမ်းတင်ပို့သူတွေအနေနဲ့ တန်ချိန်ကနေ ကီလိုဖွဲ့နည်းတွေ သိနားလည်ထားဖို့လိုပါတယ်။ ဘာမှနားမလည်ရင်တော့ သူတို့ပြောတဲ့ကီလိုကိုမှတ်၊ သူတို့ပေးတဲ့ငွေကိုယူပြီး ပြန်ရတာများပါတယ်။ သူတို့က လိုက်လာတဲ့ တောင်သူကျွမ်းကျင်မှုရှိ မရှိကို သိကြပါတယ်။ နားမလည်ရင် နားမလည်သလို။ နားလည်တဲ့သူကို နားလည်သလို လုပ်ကြပါတယ်။ မြန်မာတောင်သူတွေ၊ မြန်မာကုန်သည်တွေအနေနဲ့ သက်ဆိုင်ရာ အတွက်အချက်ကလေးတွေကို သိနားလည်ထားမှသာ ရသင့်ရထိုက်တာတွေလေလွင့်မှုနည်းပါးမှာဖြစ်ပါတယ်။ ကုန်တင်ပို့ရာမှာ ခြောက် ဘီးကုန်တင်ကားတွေမရလို့ အခြားကားတွေငှားရင် တစ်တန်ကိုမြန်မာငွေ ၆၀၀၀၀ နှုန်းပေးရပါတယ်။ ကြိုက်သလောက်တင် ကျသလောက်ရှင်း စနစ်ဖြစ်ပါတယ်။ အခု ဈေးနှုန်းအတိုင်း တစ်ကီလို ခြောက်ယွမ်နှုန်းနဲ့ အခင်းအားလုံး ကုန်တဲ့အထိ ရမယ်ဆိုရင် ကျွန်တော့်အနေနဲ့ ကျပ်ငွေသိန်း ၁၅၀ နဲ့ ၂၀၀ အကြားမှာဖြစ်မယ်လို့ ခန့်မှန်းပါတယ်။ ကျွန်တော်ကဒီပေါင်လောင်ရွာကမဟုတ်ပါဘူး။ မုန်တိုင်ရွာကဖြစ်ပါတယ်။ ဒီနေရာလေးက ခရိုင်ပတ်လမ်းဘေးဖြစ်လို့ ကုန်ပစ္စည်းဈေးကွက်ပို့ဆောင်ဖို့ လွယ်ကူတာကြောင့် မြေငှားလာရောက်လုပ်ကိုင်ခြင်း ဖြစ်ပါတယ်" ဟု မုန်တိုင် ရွာမှ တောင်သူ ဦးအောင်ကျော်ဆန်းက ရှင်းလင်းပြောကြားခဲ့သည်။

အောင်မင်း(စဥ့်ကိုင်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၉-၂-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည်	တစ်ကျပ်သား	၆၈၅၀၀၀	
ရန်ကုန်ရွှေဈေး ၁၅ ပဲရည်	တစ်ကျပ်သား	၆၄၄၇၀၀	
မန္တလေးရွှေဈေး ၁၆ ပဲရည်	တစ်ကျပ်သား	၆၈၅၀၀၀	

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၃-၉၉၀	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၆-၇. ၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၇၉-၁၆. ၂	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈-၁၆၄	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၂-၃၀၉	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၃၄၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၁၈၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၀၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၅၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၁၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၅၀-၅၂၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၂၂၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၂၅
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၉၀-၇၈၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၅၀၀-၄၇၀၀
၁၂။ သကြား	တစ်ပိဿာ	၈၅၀-၈၉၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

နိုင်ငံကြီးသားပီသစွာ
အခွန်ဆောင်တာ ပြည့်အကျိုးပါ

၂၀-၂-၂၀၁၄ ရက် မွေးနေ့ရှင် ဦးလတ်နှင့် ဒေါ်ခင်သူဇာတို့အတွက်

မဝေးတဲ့နေ့လေးတွေမှာ
နွေးထွေးစွာ ရောက်ရှိလာသော
မွေးနေ့လေးများစွာ
ကမ္ဘာတည်သရွေ့ အေးပါစေနော်
Happy Birthday For You

ချစ်တပည့်၊ တပည့်မများ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၈/မြောက်ရပ်ကွက်၊ ဇေတိကအိမ်ရာ၊ စုပေါင်းအဆောက်အအုံ တိုက်အမှတ်(A6)(မြေညီ)ထပ်ရှိ အခန်းအမှတ်(၀၀၁)သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးတင့်လွင်ဦး L/RGN-၀၄၀၆၇၂၊ ဒေါ်လှဲ့လှဲ့မူ L/RGN -၀၄၃၉၄၄၊ ဦးဇော်လွင် TME -၀၁၀၈၆၁၊ ဒေါ်ချိုမာထွေး TME -၀၁၀၈၆၀တို့အမည်ဖြင့် ရရှိထားသောတိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား စာချုပ်အဆက်ဆက်အရ တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ရှိထားအသုံးပြုသူ ဒေါ်နိုင်နိုင်ဦး ၁၂/ကမရ(နိုင်)၀၀၂၄၇၀က အမှုအခင်းအရှုပ်အရှင်းကင်းရှင်းစွာဖြင့် လူနေမဲ့ လက်ရောက်ပေးအပ်နိုင်ပါကြောင်း ဝန်ခံကတိပြုပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ၂၈-၁-၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်အရ ရောင်းဖိုးငွေများမှ စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းစာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သက်သက်လှိုင်	**ဒေါ်ဌေးနွဲ့**	**ဒေါ်ညိုမီချန်း**	**ဒေါ်ကျုံးနိုဒိမ်**
(အထက်တန်းရှေ့နေ)	**(တရားလွှတ်တော်ရှေ့နေ)**	**(အထက်တန်းရှေ့နေ)**	**(အထက်တန်းရှေ့နေ)**

အမှတ်(၁၀/၁၂)၊ အခန်း(၁၀၄/၁၂)၊ ပထမထပ်၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၁၁၉၄၇၈

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးရုံးမှ အကြီးအကဲ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးရုံးမှ အကြီးအကဲ Mr.Mark Edward Cutts သည် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးရုံးတို့အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ်သုံးစင်း ရန်ကုန်မြို့သို့ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ်သုံးစင်း HTMS KRABURI, HTMS SAIBURI, HTMS NARATHIWAT သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ သန်လျင်သီလဝါဆိပ်ကမ်း MITT တံတားသို့ ရောက်ရှိလာရာ ရေတပ်လေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ငွေးနိုင်နှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များက နွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်**(အောက်ပုံ)**များတွင် ထိုင်းဘုရင့်ရေတပ်မှ Cadet Traning Command ၏ Commander ဖြစ်သူ Rear Admiral Vaslnsan Chantavarin ဦးစီး၍ အရာရှိ ၈၃ ဦး၊ ဗိုလ်လောင်း ၂၈၃ ဦး၊ စစ်သည် ၃၁၁ ဦး၊ အရပ်သားဝန်ထမ်း ၁၈ ဦးတို့ လိုက်ပါလာပြီး ၎င်းစစ်ရေယာဉ်များသည် မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်ကြာ လည်ပတ်မည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများမှ စစ်ရေယာဉ်များ မကြာခဏလာရောက်လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံရေတပ်အချင်းချင်းသာမက နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

သက်ပြည့်ပင်စင်စား အငြိမ်းစားများအား ဖြေလျှော့စနစ်ဖြင့် ဖုန်းဆင်းကတ်များရရှိ၍ ဝမ်းသာ

တွေ့ဆုံမေးမြန်း
မင်းမင်းလတ်(မန်းတက္ကသိုလ်)
ဓာတ်ပုံ-ကိုကိုရူပ

တန်ဖိုးနည်းဖုန်းများ အဆက်မပြတ် ချထားပေးလျက်ရှိရာ ယခုဖေဖော်ဝါရီ ပထမပတ်မှစ၍ နိုင်ငံ့ဝန်ထမ်း သက်ပြည့်အငြိမ်းစားများကို တန်ဖိုးနည်းဖုန်းများ ချထားပေးခဲ့သည်။

သက်ပြည့် ပင်စင်စားများ တန်ဖိုးနည်းဖုန်း လျှောက်ထားရာတွင်မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်း ပုံစံ ၆၆/၆၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ပင်စင်စာအုပ်မိတ္တူဖြင့် လျှောက်ထားကြရသောကြောင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လွယ်ကူမှုရှိသော်လည်း နိုင်ငံတော်၏ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် မှီတင်းနေထိုင်ကြသော သက်ပြည့် အငြိမ်းစားအများစုမှာ နေပြည်တော်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားရကြ၍လည်းကောင်း၊ တချို့သော ပင်စင်စားများအနေဖြင့် လက်ရှိနေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ၎င်းတို့၏ သားသမီးများနှင့်အတူ မှီခို၍ နေထိုင်ကြသော သက်ပြည့် အငြိမ်းစားများ ရှိကြသောကြောင့် မူလနေထိုင်ခဲ့သော ရန်ကုန်မြို့မှ နေပြည်တော်အဝင် ပုံစံ ၆၆/၆ မရှိကြသဖြင့် ဖုန်းဆင်းကတ် လျှောက်ထားရာတွင် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့်အပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၏ ဖြေလျှော့မှုဖြင့် ပုံစံ ၆၆/၆ မရှိကြသည့် သက်ပြည့်အငြိမ်းစားပင်စင်စားများအား ဖုန်းချထားပေးမှုအပေါ် မိမိတို့မြန်မာ့အလင်းသတင်းအဖွဲ့မှ ကွင်းဆင်းမေးမြန်းရေးသားခဲ့ပါသည်။

ဦးလှပု (၇၀)နှစ်
တပ်မတော်ပင်စင်စား

ဘဘက ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ကံ့ကော်အိမ်ရာမှာ နေထိုင်ပါတယ်။ အသက် ၆၀ ပြည့်မှာ သက်ပြည့်ပင်စင်ယူခဲ့ပါတယ်။ ၁၀ နှစ်ရှိပြီပေါ့။ ယခုလို ဘဘတို့ကို သက်ဆိုင်ရာက တန်ဖိုးနည်းဖုန်း Sim Card တွေချထားပေးလို့ ဝမ်းသာမိပါတယ်ဟု ရှင်းပြသည်။

ဒေါ်တင်တင်ခိုင် (၆၇) နှစ်
ပြည်တွင်းအခွန်ဦးစီးဌာန



အဘွားရဲ့သမီးက နေပြည်တော် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမှုထမ်းတစ်ဦးဖြစ်တယ်။ သမီးကိုယ်ခွဲအဖော်ရရှိရန် သမီးနဲ့အတူ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခရေအိမ်ရာမှာ နေထိုင်တယ်။ ပုံစံ ၆၆/၆ ကတော့ ရန်ကုန်ကနေ မထွက်ရသေးဘူး။ ယခုလို သက်ဆိုင်ရာက ဖြေလျှော့စနစ်နဲ့ ဖုန်းကတ်လျှောက်ထားခွင့်ရတော့ ဝမ်းသာမဆုံးဖြစ်မိပါတယ်။

ဒေါ်သိန်းတင်(၇၅)နှစ်၊
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

ဆရာမကြီးက ပထမအပတ်က ဖုန်းလျှောက်ထားခွင့် မရခဲ့ပါဘူး။ ပုံစံ ၆၆/၆ မရှိတဲ့အတွက် နေပြည်တော်မှာ သားနဲ့အတူ လိုက်နေရတာပါ။ ပုံစံက မထွက်ရသေးဘူး။ ယခုလို နေပြည်တော်ကောင်စီဥက္ကဋ္ဌကြီးက ဖြေလျှော့စနစ်နဲ့ အခွင့်အရေးတစ်ရပ် မဆုံးရှုံးအောင် စီမံပေးတဲ့အတွက် အတိုင်းမသိ ဝမ်းသာမှုဖြစ်ပါတယ်ဟု ရှင်းပြသည်။

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် ပုံစံ ၆၆/၆ နှင့် နေထိုင်သော သက်ပြည့်အငြိမ်းစား ၁၃၁ ဦးရှိရာ ၎င်း ၁၃၁ ဦးကို ဖေဖော်ဝါရီ ၆ ရက်က ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ပထမအဆင့်အနေဖြင့် ချထားပေးခဲ့ပြီး ကျန်ရှိနေသော ပုံစံ ၆၆/၆ မရှိသည့် သက်ပြည့်အငြိမ်းစားများအတွက် ဖုန်းရရှိရန် အခက်အခဲများဖြစ်မှုအပေါ် နေပြည်တော်ကောင်စီ၏စီမံမှုဖြင့် အခွင့်အရေးတစ်ရပ်အနေနှင့် နေပြည်တော်တွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော သား၊ သမီးဝန်ထမ်းများနှင့်အတူ မှီတင်းနေထိုင်ကြသည့် သက်ပြည့်ပင်စင် ခံစားလျက်ရှိသော အငြိမ်းစားများအား နေပြည်တော်စာရင်းပေါက် ပုံစံ ၆၆/၆ မရှိသော်လည်း ရပ်ကွက်အုပ်ချုပ်ရေးနှင့် မိမိနေထိုင်သော တိုက်အဆောင်မှူးတို့၏ ထောက်ခံချက်ဖြင့် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေတို့က အနီးကပ်ကြီးကြပ်၍ သက်ပြည့်အငြိမ်းစား ၅၈၄ ဦးအတွက် WCDMA, CDMA Sim Card ၅၈၄ ကတ် ချထားပေးခဲ့ကြောင်း သိရသည်။

တန်ဖိုးနည်း Sim Card တွေ ချထားပေးလို့ ဝမ်းသာမိပါတယ်။ (ဦးလှပု)

သက်ဆိုင်ရာက ဖြေလျှော့စနစ်နဲ့ ဖုန်းကတ်လျှောက်ထားခွင့်ရတော့ ဝမ်းသာမဆုံး ဖြစ်မိပါတယ်။ (ဒေါ်တင်တင်ခိုင်)

အခွင့်အရေးတစ်ရပ် မဆုံးရှုံးအောင် စီမံပေးတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ (ဒေါ်သိန်းတင်)

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံနယ်မြေ၊ ရွှေသံလွင်ပွဲရုံဝင်း၊ ကျွန်းရွှေဝါလမ်း၊ အမှတ် WS-18 နေ ဦးကိုကိုနိုင် ၁၄/မမန(နိုင်)၀၈၉၄၆၉ (မနောသုခဆန်စက်)ပိုင်ရှင်သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄/၃၃၉၇)(၄/၃၄၀၅)(၄/၃၄၀၆)တို့ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများပါ ပေါ်ဆန်းမွှေးရှယ် ဆန်အမျိုးမျိုး၊ ပေါ်ဆန်းမွှေး ဆန်အမျိုးမျိုး၊ ပေါ်ဆန်းလတ် ဆန်အမျိုးမျိုး၊ မနောသုခရှယ် ဆန်အမျိုးမျိုး၊ မနောသုခ ဆန်အမျိုးမျိုး၊ ဇီယာဆန်အမျိုးမျိုး၊ ဆန်ချောအမျိုးအစား ဆန်အမျိုးမျိုး၊ ဆန်ကြမ်းအမျိုးအစား ဆန်အမျိုးမျိုး၊ ကောက်ညှင်းဆန်အမျိုးမျိုး၊ ဆန်ကွဲကြီးအမျိုးမျိုး၊ ဆန်ကွဲလတ်အမျိုးမျိုး၊ ဆန်ကွဲအမျိုးမျိုး၊ ဖွဲနုအမျိုးမျိုး၊ ဖွဲကြမ်းအမျိုးမျိုး၊ ဆန်စပါးနှင့်ပတ်သက်ဆက်နွယ်သော ထုတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို (စက်အမှတ်-၉၅၇၊ မနောသုခဆန်စက်)(၀၉-၈၅၇၅၉၁၅၊ ၀၄၂-၇၀၄၀၁)မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဈေးကွက်အတွင်း နာမည်ကောင်းသတင်းရရှိခဲ့ပြီး ဝယ်ယူအားပေးသူများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သံတူကြောင်းကွဲပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားများအား ဖျက်ဆီးပြုပြင်၍ အခြားအမည်များတပ်၍ ဖြန့်ဖြူးခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တုပပြုလုပ်ဖြန့်ဖြူးရောင်းချခဲ့ပါက ကျွန်ုပ်မိတ်ဆွေ၏လုပ်ငန်း အကျိုးစီးပွားထိခိုက်နစ်နာမှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးကိုကိုနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ(မြောင်းမြ)
LL.B, A.G.T.I(EP), D.B.L, D.M.L
WIPO(SWITZERLAND)
တရားလွှတ်တော်ရှေ့နေ(၈၁၀၈)
ဘဏ်ရှေ့နေနှင့်ဥပဒေအကြံပေး

ဦးဇေယျာထွန်း(စဉ်-၂၅၇၈၅)
LL.B,WIPO(SWITZERLAND)
ဦးစိုးလွင်ဦး(စဉ်-၃၇၉၈၁)
LL.B, WIPO(SWITZERLAND)
အထက်တန်းရှေ့နေများ

အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၃၁၁၆၇၀၈၆၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ကျွန်တော် ကျွန်မတို့၏ ၈-၂-၂၀၁၄ရက်တွင် Sedona Hotel(Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများဆင်မြန်းပေးပါသော ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သီရိပျံချီဦးစိုးသာနှင့်ဇနီး ဒေါ်ကြူကြူဝင်းအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော ကူဝိတ်နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးအေးခိုင်နှင့်ဇနီး ဒေါ်နွဲ့နွဲ့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး သီရိပျံချီ ဦးအောင်မင်းနှင့်ဇနီး ဒေါက်တာဝေဝေသာ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်ပေးအား ချစ်ခြင်းမေတ္တာဖြင့် သီဆိုပေးပါသော အကယ်ဒမီများရှင် ဦးရန်အောင်၊ မင်္ဂလာပန်းများ ဖြန့်ကြဲပေးပါသော ရတနာပုံ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးသော အောန်ဆိုင်းနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မစံသာရတနာ၊ သတို့သားအရံများဖြစ်ကြသော ဒေါက်တာသိတ်ကောင်း၊ ထက်အောင်၊ နေဝင်း၊ ချမ်းမြေ့ညီညီ၊ အောင်မင်းခန့်နှင့် ထွန်းကိုကို၊ သတို့သမီးအရံများဖြစ်သော ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် အေးမြတ်သူ၊ အကယ်ဒမီ စိုးပြည့်သဇင်၊ ယုသန္တာတင်၊ နန်းခင်ဇေယျာ၊ ခင်လပြည့်ဖော်နှင့် ဂုဏ်ရည်အေးကျော်၊ မိတ်ကပ်နှင့် ဆံပင်အလှကို ချစ်ခြင်းမေတ္တာဖြင့် အကောင်းဆုံးပြင်ဆင်ပေးသော နိုင်ငံကျော် မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံများကို ချစ်ခြင်းမေတ္တာဖြင့် အကောင်းဆုံးဆင်မြန်းပေးပါသော ဒီဇိုင်နာပြည်စိုးအောင်နှင့် ပိုးထည်များကို ချစ်ခြင်းမေတ္တာဖြင့် ဆင်မြန်းပေးပါသော ကိုကျော်ကျော်-မသကြီန်(သိင်္ဂီကျော် ပိုးထည်တိုက်)၊ လက်ဝတ်ရတနာများကို ချစ်ခြင်းမေတ္တာဖြင့် ဆင်မြန်းပေးပါသော ဒေါက်တာအောင်ကျော်ဝင်းနှင့် ဒေါက်တာသက်သက်ခိုင်(Forever Gems by ရွှေနန်းတော်)၊ မင်္ဂလာဖိနပ်များကို ချစ်ခြင်းမေတ္တာဖြင့် စီစဉ်ပေးပါသော ရွှေနဂါးဖိနပ်ဆိုင်(မန္တလေး)၊ မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံများကိုရိုက်ကူးပေးပါသော ဦးစိုင်းဘုန်းထူး၊ ဦးပီတာ၊ ကိုသုံးပေါင်၊ မင်္ဂလာပန်းအလှနှင့် Hall Decoration အား ချစ်ခြင်းမေတ္တာဖြင့် အကောင်းဆုံးဖန်တီးပေးပါသော Malaysia မာမီကျော်နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများအား ချစ်ခြင်းမေတ္တာဖြင့် ဆောင်ရွက်ပေးသော မနန်းဖြူဖောင်းနွဲ့ (Magi Vision Co.,Ltd.) ၊ Pre Wedding ဓာတ်ပုံများအား ချစ်ခြင်းမေတ္တာဖြင့် ရိုက်ကူးပေးပါသော ကိုနိုင်နိုင်ထွန်း (Exposure)နှင့် ကိုဇသော(HD Studio)တို့အားလည်းကောင်း၊ ၁၃-၂-၂၀၁၄ရက်တွင် သာသနအလင်းရောင် ကျောင်းတိုက်၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးတွင် ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ချစ်ခြင်းမေတ္တာဖြင့် မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီးအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် လိုအပ်ချက်မရှိရအောင် အဘက်ဘက်မှ ဦးစီးကူညီဆောင်ရွက်ပေးပါသော နိုင်ငံကျော် မိတ်ကပ်ခင်စန်းဝင်းအားလည်းကောင်း၊ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သာကောင်း-မခင်မျိုးအိ (အကယ်ဒမီမယ်လိုဒီ)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၇၀၉၅၊ 9C/7095 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကြော်ငြာ

Mr. Golden City မှ မိတ်ဆွေအား နေထိုင်မှုဘဝသစ်သို့ ပြောင်းလဲရန် ဖိတ်ခေါ်လိုက်ပါတယ်ခင်ဗျား

ချစ်လှစွာသောမိတ်ဆွေခင်ဗျား

သင့်ရဲ့မိတ်ဆွေတစ်ဦး…. Mr. Golden City

Surprise gift ပေးခြင်း

Jazz Music … Top grade wine , Soft drink , Light food

အချိန် - 22-02-2014(09:30-12:00)

နေရာ - Golden City, …

ဖုန်းနံပါတ်- +95(0)1-8605111/+95 (0) 1-8605222

GOLDEN CITY

Golden city

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

(ယမန်နေ့မှအဆက်)

၇။ **ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် အမှတ်(၁၄၀)ရပ်ကွက် ဘုန်းကြီးကျောင်း မြေနေရာ သတ်မှတ်မှုအတွက်(၁၄၀)ရပ်ကွက်နှင့်ရွာသာကြီးရပ်ကွက် ပိုင်းခြားထားသောတည်နေရာအားသိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ဒဂုံမြို့သစ်(တောင်ပိုင်း) မြေတိုင်းရပ်ကွက်အမှတ်(၁၄၀) သိန်းတစ်ရာလမ်းနှင့် ရွာသာကြီးကျေးရွာအကြား မြေဧရိယာ ၇ ဒသမ ၀၆၄ ဧကကို နိကာယဋ္ဌေဝတ ပရိယတ္တိစာသင်တိုက် အမည်ဖြင့် ၁၉၉၆ ခုနှစ်တွင် သာသနာ့ဂရန် ထုတ်ပေးထားပြီး ယင်းကျောင်းနှင့် တစ်ဆက်တည်းတွင်ရှိ မြေဧရိယာ ၅ ဒသမ ၂၂၀ ဧကကို ကန်တော့ပလ္လင် ဘုရားအမည်ပေါက်ဖြင့် ၁၉၉၆ ခုနှစ်တွင်ပင် သုံးနှစ်ယာယီ သာသနာ့လိုင်စင်ထုတ်ပေးထားခဲ့ပါသည်။ အဆိုပါ စာသင်တိုက်နှင့် ဘုရားသည် သိန်းတစ်ရာလမ်းနှင့် ရွာသာကြီးကျေးရွာအား မြို့ကွက်အဆင့်ဖော်ထုတ်ရန် Plan ရေးဆွဲထားသော်လည်း ဖော်ထုတ်ခြင်း မပြုရသေးသည့် လမ်းကြားတွင်ရှိပါသည်။ နိကာယဋ္ဌေဝတ ပရိယတ္တိစာသင်တိုက်မှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် မြေတိုင်းတာပေးရန် လျှောက်ထားသဖြင့် လုပ်ထုံးလုပ်နည်းများအရ မြေတိုင်းတာမည်ဖြစ်ကြောင်း ကြော်ငြာထုတ်ဆင့်ခဲ့ရာတွင် အဆိုပါကျောင်းသည် ရွာသာကြီးရပ်ကွက် လူနေအိမ်များအတွင်းဝင်ရောက် ဆောက်လုပ်သဖြင့် မြေတိုင်းတာခြင်းကို ကန့်ကွက်ကြောင်း ဦးသိန်းအောင်ဆိုသူမှ ကန့်ကွက်ခဲ့ပြီး ရပ်မိရပ်ဖများမှလည်း ကန့်ကွက်ခဲ့သဖြင့် တိုင်းတာခြင်းမပြုခဲ့ပါ။ အဆိုပါကျောင်းမှာ ၁၉၉၆ ခုနှစ်တွင် သာသနာ့ဂရန် ထုတ်ပေးပြီးဖြစ်သဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် သာသနာရေးဦးစီးဌာန၊ သံဃနာယကအဖွဲ့၊ မြို့နယ်နှင့်ရပ်ကွက် အုပ်ချုပ်ရေး အဖွဲ့အစည်းများဖြင့် ပူးပေါင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၈။ **ဒေါပုံမြို့နယ် အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ လမ်းညွှန်ချက်ဖြစ်သော တဲပေါ်မှတိုက်ပေါ်တင်စနစ်ပြောင်းလဲ ကျင့်သုံးအကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းလိုခြင်း၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သော အစီအမံများချမှတ်ဆောင်ရွက်ထားရှိမှုအခြေအနေအား မေးမြန်းချက်နှင့် ပတ်သက်၍** ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့တွင် ၁၉၉၆ မှ ၁၉၉၉ခုနှစ်ကာလအတွင်း ကျူးကျော်ရပ်ကွက်/ ကျူးကျော်တဲအိမ်များ ဖျက်သိမ်းပြီး တဲပေါ်မှ တိုက်ပေါ်တင်ပေးသည့် အိမ်ရာစီမံကိန်း ၄၇ ခု ဆောင်ရွက်ပေးခဲ့ရာ အိမ်ရာပေါင်း ၁၆၀၀၀ ခန်း နေရာချထားပေးနိုင်ခဲ့ပါသည်။ တဲပေါ်မှ တိုက်ပေါ်တင်ပေးသည့် အိမ်ရာစီမံကိန်းများကို အစိုးရမြေ၊ နိုင်ငံခြားသားအမည်ပေါက် ပြည်သူပိုင်သိမ်းမြေနှင့်တိုင်းရင်းသားအမည်ပေါက် ပိုင်ရှင်ကင်းကွာနေပြီး ကျူးကျော်တဲများရှိနေသော မြေနေရာများတွင် ဌာနကကျူးကျော်ရှင်းလင်းခြင်း၊ တဲပေါ်မှ တိုက်ပေါ်တင်ပေးခြင်း၊ မြို့ကွက်သစ် မြေကွက်ခံစားခွင့်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါသည်။ တဲပေါ်မှ တိုက်ပေါ်တင်ပေးသည့် အိမ်ရာစီမံကိန်းများကို ပြည်သူလူထုက နှစ်ခြိုက်သဘောကျသဖြင့် ယခုခေတ်ကာလနှင့်ကိုက်ညီအောင် ဘက်ပေါင်းစုံမှပြန်လည်လေ့လာသုံးသပ်လျက်ရှိပါသည်။ စီမံကိန်းဆောင်ရွက်ရန် မြေနေရာအနေအထား၊ ရင်းနှီးမြှုပ်နှံမှုနှင့်စီမံခန့်ခွဲရေးဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းပြီး စီမံကိန်းရေးဆွဲဆောင်ရွက်သွားရန်အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၉။ **ရန်ကုန်တိုင်းဒေသကြီးအတွင်း အိုးအိမ်ဦးစီးဌာနမှ တန်ဖိုးနည်းတိုက်ခန်းများကို ဆောက်လုပ်လျက်ရှိရာ တန်ဖိုးနည်းအိမ်ရာများမှာ စတင်အကောင်အထည်ဖော်ဆောင်ရာတွင် လုပ်ငန်းများနှေးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို ပြည်သူများ ဝယ်ယူနိုင်စွမ်းရှိစေရန်နှင့် လမ်း/ လျှပ်စစ်/ရေရရှိရေးစသည့် အခြေခံအဆောက်အအုံပါဝင်ပြီး ခိုင်ခံ့သော လူနေတိုက်ခန်းများအဖြစ် စနစ်တကျတည်ဆောက်လျက်ရှိပါသည်။ အိမ်ရာအဆောက်အအုံများ တည်ဆောက်ရာတွင် ဆောက်လုပ်ချိန်နှစ်နှစ်အတွင်း ပြီးစီးနိုင်ပါသည်။ စီမံကိန်းများ စတင်အကောင်အထည်ဖော်ရာတွင် မြေပြင်ရှင်းလင်းခြင်းနှင့်ဒီဇိုင်းများအတည်ပြုခြင်း၊ အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြခြင်းများ စီစဉ်ဆောင်ရွက်ပြီးမှ Foundation လုပ်ငန်းစတင်ဆောင်ရွက်နိုင်ပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တွင် ဧရာဝဏ်/ရတနာအိမ်ရာစီမံကိန်းကို တည်ဆောက်လျက်ရှိရာ ၂၄ ခန်းတွဲ ၁၈ ထပ်တိုက် ၄၉ လုံး၊ တိုက်ခန်းယူနစ်ပေါင်း ၁၉၆၀၀ ခန့်ရရှိမည်ဖြစ်ပါသည်။ စီမံကိန်းဆောင်ရွက်မှုအခြေအနေမှာ အဆောက်အအုံ ခိုင်ခံ့မှုအတွက် Bore Pile ရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ လှိုင်သာယာမြို့နယ် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ Phase 1၊ ခြောက်ခန်းတွဲ လေးထပ်တိုက် ၁၀ လုံး အကြမ်းထည်ပြီးစီးနေပြီဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သည် အခြေခံလူတန်းစား အများဆုံးနေထိုင်သည့် မြို့နယ်ဖြစ်ပြီး မီးဖိုချောင်သုံးစွန့်ပစ်အမှိုက်များ အများအပြားထွက်ရှိပြီး အမှိုက်သိမ်းဆည်းသည့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းမလုံလောက်သည့်အတွက် မလိုလားအပ်သော ကျန်းမာရေး၊ လူမှုရေးဆိုးကျိုးများကို မြို့နယ်လူထုမှ ကြုံတွေ့ခံစားနေရပါသဖြင့် မြို့နယ်အတွင်းရှိ အမှိုက်သိမ်းစနစ်တိုးချဲ့ပြီး အချိန်မှန်မှန်စနစ်တကျဆောင်ရွက်နိုင်ရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းအင်အား ၉၅ ဦးဖြင့်ဆောင်ရွက်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းအင်အား ၁၂၅ ဦးဖြင့် ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက် သတ်မှတ်အမှိုက်ကန် ၂၀ ကန် နှင့် အမှိုက်ပုံး ၇၇ ပုံးကို နေ့စဉ်သိမ်းဆည်းဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ယခုဘဏ္ဍာရေးနှစ်တွင် အင်အား ၃၀ ဦးတိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ အမှိုက်ပုံးများကိုလည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ချထားမှုကြောင့် ယခင်အလုံး ၅၀ မှ ယခုလက်ရှိ ၂၄၀ လီတာ အလုံး ၄၀၊ ၆၆၀ လီတာ ၃၇ လုံး စုစုပေါင်း ၇၇ လုံးရှိပါသည်။ ယခု ဘဏ္ဍာရေးနှစ်တွင် ၂၇ လုံး ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **မြောက်ဥက္ကလာပမြို့နယ်၏ အဓိကဈေးကြီး ရတနာသိင်္ဂ(ဈ) ဈေးအား ခေတ်မီဈေးကြီးတစ်ခုအဖြစ် အဆင့်မြှင့်တင်ပေးစေရန်နှင့် ၎င်းဈေး၏လမ်းမကြီးနှစ်ခုဖြစ်သော ခေမာသီလမ်းနှင့်မေဓာဝီလမ်းမပေါ်များတွင် ကျူးကျော်ပျံကျဈေးသည်များကြောင့် သွားလာရခက်ခဲခြင်းနှင့်အနီးပတ်ဝန်းကျင်ရှိပြည်သူများအနေဖြင့် မော်တော်ယာဉ်များသွားလာရခက်ခဲခြင်းနှင့် အနီးပတ်ဝန်းကျင်ရှိပြည်သူများအနေဖြင့် ကျန်းမာရေး၊ လူမှုရေးနှင့်မီးဘေးအန္တရာယ်ကိစ္စများကိုအနှောင့်အယှက်အဟန့်အတားများ ဖြစ်နေပါသဖြင့် ပျံကျဈေးသည်များအား ၎င်းဈေး၏တောင်ဘက်အခြမ်း မြေကွက်လပ်တွင် စနစ်တကျနေရာပေးပြီး ရောင်းချစေရေးအတွက် ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဈေးသူဈေးသားများ၏ဆန္ဒအရ ညှိနှိုင်းဆောင်ရွက်ပေးပါမည်။ ဈေးရှေ့ပျံကျဈေးသည်များအား ဈေးအတွင်းရှိ မြေကွက်လပ်အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြေပြုပြင်ပြီး ဈေးအတွင်းနေရာချထားနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီးခြောက်လမ်းသွား လမ်းပေါ်တွင် ခြောက်ကွေ့ကားမှတ်တိုင်၊ အဝိုင်းကြီးကားမှတ်တိုင်၊ (၂) ဈေးကားမှတ်တိုင်နေရာများတွင် ပျံကျဈေးသည်များ လမ်းမပေါ်ရောက်အောင် ဈေးရောင်းနေပါသဖြင့် ယာဉ်ကြောများမှာ လေးလမ်းသာ အသုံးပြုနေရသောကြောင့် မူလခြောက်လမ်းသွားလမ်းမကြီး တန်ဖိုးလျော့ကျနေပါသည်။ သို့ဖြစ်ပါ၍ လမ်းမပေါ်သို့ ဈေးရောင်းနေသော ပျံကျဈေးသည်များကို ရှင်းလင်းပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ခြောက်ကွေ့မှတ်တိုင်မှ ပျံကျဈေးသည်များအား နီးစပ်သည့်ဈေး(၄)ဈေး မြေကွက်လပ်တွင်လည်းကောင်း၊ (၂)ဈေးကားမှတ်တိုင်မှ ပျံကျဈေးသည်များအား (၂)ဈေးအတွင်းရှိ မြေကွက်လပ်သို့လည်းကောင်း၊ အဝိုင်းကြီးမှတ်တိုင်မှ ပျံကျဈေးသည်အား (ဃ)ဈေးအတွင်းရှိ မြေကွက်လပ်သို့လည်းကောင်း လာမည့်ဘဏ္ဍာရေးနှစ်တွင် မြေပြုပြင်ဆောင်ရွက်ပြီး နေရာချထားနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၄။ **ဒေါပုံမြို့နယ်တွင် စည်ပင်သာယာရေးအဖွဲ့မှ ရပ်ကွက်အတွင်း အမှိုက်သိမ်းခြင်းလုပ်ငန်းနှင့် ပတ်သက်သည့် ဆွေးနွေးမေးမြန်းသည့် ကိစ္စနှင့်ပတ်သက်၍** စည်ပင်သာယာရေးကော်မတီမှ အမှိုက်သိမ်းဆည်းခြင်းစနစ်မှာ အုတ်ကန်များ၊ အမှိုက်ပုံးများမှ ၂၄၀ လီတာ၊ ၆၆၀ လီတာ အမှိုက်ပုံးများမှ အမှိုက်များကို သိမ်းဆည်းခြင်းနှင့် ရပ်ကွက်များအတွင်း လှည်း/ယာဉ် ခေါင်းလောင်းတီးစနစ်ဖြင့် အမှိုက်များကို သိမ်းဆည်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

လဲချားမြို့နယ် နောင်မိန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

လဲချား ဖေဖော်ဝါရီ ၁၉

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် လဲချားမြို့နယ် မြို့မကျေးရွာအုပ်စု နောင်မိန်းကျေးရွာတွင် ပြည်သူများ အလွယ်တကူ အသိပညာဗဟုသုတများ လေ့လာဆည်းပူးနိုင်ပြီး နိုင်ငံတော်ကို အကျိုးပြုမည့် သားကောင်းသမီးမွန်များ ဖြစ်ထွန်းလာစေရေးအတွက် နောင်မိန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးစိုင်းဆမ်တစ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာမြ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းဆိုင်စိန်နှင့် မြို့မကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုင်းအောင်လှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ဒုတိယညွှန်ကြားရေးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စံ(၅)ရပ်ညီ စာကြည့်တိုက်ဆိုင်ရာအချက်များကို ပြောကြားသည်။ ဆက်လက်၍ စာကြည့်တိုက်အတွက် ဒုတိယညွှန်ကြားရေးမှူးနှင့် ဇနီးတို့က ၁၇ လက်မရုပ်မြင်သံကြားဖမ်းစက် တစ်လုံး၊ ခရိုင်ဦးစီးအရာရှိက ရေဒီယို တစ်လုံး၊ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များက စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူသည်။ အဆိုပါစာကြည့်တိုက်မှာ အလျား ၃၆ ပေ× အနံ၂၄ပေ အမြင့် ၁၂ပေ၊ သွပ်မိုး အုတ်ညှပ်တစ်ထပ် အဆောက်အအုံဖြစ်ပြီး ဒေသခံပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ် သိန်း၄၀ ဖြင့်ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ပဲခူးတက္ကသိုလ်
ဒုတိယအကြိမ်မြောက်
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ၂၀၁၂ခုနှစ် မတ်လနှင့် စက်တင်ဘာလတို့တွင် ပဲခူးတက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ရိုးရိုးဘွဲ့)နှင့် ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြသည့် ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို (၂×၁½)လက်မအရွယ် ဆေးသားကောင်းသည့်ဓာတ်ပုံအသစ်နှစ်ပုံ (ဓာတ်ပုံတွင် လက်ပြတ်အင်္ကျီမဖြစ်စေရ)နှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတို့ကို ပူးတွဲ၍ ၄-၃-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်၍ ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး ၁၅၀၀ိ/-(တစ်ထောင့်ငါးရာကျပ်တိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူလိုသူ ပုဂ္ဂိုလ်များသည် အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/-(တစ်ထောင်ကျပ်တိတိ)ကိုလည်းကောင်း ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ပဲခူးတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံများကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်ပြီး သတ်မှတ်ဘွဲ့ကြေးများကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့် ပဲခူးတက္ကသိုလ် (ငွေလက်ခံဌာနတွင်) ပေးသွင်းလျှောက်ထားရမည်။

၆။ နယ်မှ လျှောက်ထားသူများသည် သတ်မှတ်ကြေးများကို(ငွေလက်ခံဌာန၊ ပဲခူးတက္ကသိုလ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး)သို့ လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖခင်အမည်၊ ပညာသင်နှစ်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာဖော်ပြရမည်။

၇။ လျှောက်လွှာပုံစံကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်သော်လည်း ဘွဲ့ဆိုင်ရာ ကျသင့်ငွေပေးသွင်းခြင်းမပြုလျှင်သော်လည်းကောင်း၊ အချိန်မီပေးပို့ခြင်းမပြုလျှင်သော်လည်း ပဲခူးတက္ကသိုလ်က ဘွဲ့အပ်နှင်းပေးမည်မဟုတ်ပါ။

၈။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မတိုင်မီက ဘွဲ့စာမေးပွဲ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို မိမိတက်ရောက်ရမည့် ဘွဲ့နှင်းသဘင်ပြီးဆုံးသည့်နောက်ပိုင်းကာလတွင် ပဲခူးတက္ကသိုလ်၌ ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူဖြင့် လာရောက်ထုတ်ယူနိုင်ပါသည်။

၁၀။ ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်ကို သတင်းစာတွင် ထပ်မံကြေညာမည်ဖြစ်ပါသည်။

(မွန်နိုင်)

ဌာနမှူး-သင်တန်းရေးရာဌာန
ပဲခူးတက္ကသိုလ်

အိတ်ဖွင့်တင်ဒါကြေညာချက်

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ဒဂုံတက္ကသိုလ်ဝင်းအတွင်းရှိ စားသောက်ဆိုင်ခန်းများ၊ ဓာတ်ပုံဆိုင် (ဒဂုံတက္ကသိုလ်ပရဝဏ်အတွင်း ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း) (ဘွဲ့နှင်းသဘင်ခန်းမတွင်းမပါ)၊ စတိုးဆိုင်နှင့် မိတ္တူဆိုင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသော ပြင်ပပုဂ္ဂိုလ်များသည် အိတ်ဖွင့်တင်ဒါ တင်သွင်းပုံစံများကို တစ်စုံလျှင် ၁၀၀၀ိ/ဖြင့် ငွေစာရင်းဌာနတွင် ငွေပေးသွင်းပြီး ငွေသွင်းချလန်ဖြင့် အင်ဂျင်နီယာဌာနတွင် လျှောက်လွှာပုံစံရယူ၍ တင်ဒါတင်သွင်းကြပါရန် ကြေညာအပ်ပါသည်-

၁။ အိတ်ဖွင့်တင်ဒါ နောက်ဆုံးတင်သွင်းရမည့်ရက် ၁၃-၃-၂၀၁၄ရက် မွန်းတည့် ၁၂း၀၀နာရီ လူကိုယ်တိုင် တစ်ပါတည်းတင်သွင်းရမည်။

၂။ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက် ၁၃-၃-၂၀၁၄ ရက် မွန်းလွဲ ၁၂း၃၀ နာရီ

အသေးစိတ်အချက်အလက်များကို ဒဂုံတက္ကသိုလ်အင်ဂျင်နီယာဌာန ဖုန်း-၅၈၅၀၁၀ တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဒဂုံတက္ကသိုလ်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်း အင်ဂျင်နီယာ သုတေသနဦးစီးဌာနအတွက်လိုအပ်သော သုတေသနလုပ်ငန်းသုံးပစ္စည်း ၃၂ မျိုးအား နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ညွှန်ကြားရေးမှူးရုံး၊ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၅-၂-၂၀၁၄ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

ညွှန်ကြားရေးမှူးရုံး၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)
ဖုန်း-၀၆၆-၅၀၅၉၈၊ ၀၆၆-၅၀၆၀၆

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်နေ ကျွန်တော် ဦးအဒူအာမိန် AK-၁၈၅၃၄၆နှင့် ကျွန်မ ဒေါ်ဇလေခါဘီဘီ Q/RGN-၀၁၂၀၉၆တို့၏သား မောင်တင်မြင့် ၁၂/ပဇတ(နိုင်)၀၀၀၄၆၉သည် မိဘတို့၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် မိဘများ၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်ခဲ့သဖြင့် ကြေညာသည့်ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးအဒူအာမိန်-ဒေါ်ဇလေခါဘီဘီ
အမှတ် ၃၂၂၊ သစ္စာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရေစကြိုမြို့နယ်တွင် စီပီစပ်မျိုး ပြောင်းဖူးပင် စိုက်ပျိုးသူများပြားလာ

ရေစကြို ဖေဖော်ဝါရီ ၁၈

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်သည် မြို့နယ်၏ ဧရိယာအကျယ်အဝန်း ၂၄၆၈၇၀ဧက ကျယ်ဝန်းသည်ဟု သိရသည်။ ရေစကြိုမြို့နယ်အတွင်းတွင် လယ်မြေနှင့် ယာမြေ ၆၆၉၉၄ ဧက ဧကရှိသည်။ ထို့ကြောင့် ရေစကြိုမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများသည် လယ်မြေဧကများတွင် နှံစပါး၊ မိုးစပါးများကို စိုက်ပျိုးကြ၍ ယာမြေများတွင် နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုးတို့ကို စိုက်ပျိုးလျက်ရှိသည်။ ယခုနှစ်များတွင် ယာမြေအတော်များများတွင် စီပီစပ်မျိုးပြောင်းဖူးပင်များကို စိုက်ပျိုးမှုများပြားလာလျက်ရှိသည်ကို တွေ့ရသည်။ စီပီစပ်မျိုးပြောင်းမျိုးစေ့ထုပ်များတံဆိပ် အမျိုးမျိုးရှိရာတွင် ရေစကြိုမြို့နယ်မှ စီပီပြောင်းစိုက် တောင်သူများသည် 888 တံဆိပ် စပ်မျိုးပြောင်းစေ့ထုပ်များကို စိုက်ပျိုးကြသည်ဟု သိရသည်။ 888 တံဆိပ် စပ်မျိုးပြောင်းပင်များသည် ပြောင်းတစ်ပင်လျှင် ပျမ်းမျှအားဖြင့် နှစ်ဖူး ဖူးသည်ဟုသိရသည်။ ထိုကဲ့သို့ စီပီစပ်မျိုးပြောင်းများကိုစိုက်ပျိုးကြရာတွင် ပျမ်းမျှအားဖြင့် တစ်ဧက တင်း ၈၀ နှင့် တင်း ၁၀၀ ကြား ထွက်လေ့ရှိ၍ စီပီစပ်မျိုးပြောင်းဖူးပင်စိုက်တောင်သူ ဦးတင်ငွေသည် စိုက်ပျိုးသည့်စိုက်ဧကတိုင်းနီးပါးတင်း ၁၀၀ ခန့်ထွက်လျက်ရှိသည်ဟု ကြားသိရသဖြင့် တောင်သူဦးတင်ငွေ၏ စိုက်ခင်းအားလေ့လာရင်း အထွက်နှုန်းကောင်းရသည့်အကြောင်းအရင်းကို မေးမြန်းခဲ့သည်။

"ကျွန်တော့်အသက် ၅၈ နှစ် ရှိပါပြီ၊ တောင်သူလုပ်သက်က အနှစ် ၄၀ ရှိပါပြီ။ စပ်မျိုးပြောင်းကို အချိန်ရာသီဥတုမရွေး စိုက်ပျိုးနိုင်ပါတယ်။ ဒါပေမယ့် ပြောင်းပင်က လေပြင်းတိုက်ရင် ကျိုးလွယ် လဲလွယ်တဲ့အတွက် လေကင်းလွတ်တဲ့ လတွေကို ချင့်ချိန်ပြီး စိုက်ပျိုးနိုင်ရင် ပိုကောင်းပါတယ်။ စီပီစပ်မျိုးပြောင်းပင်စိုက်ပျိုးတော့မယ်ဆိုရင် အရင်ဆုံး မြေယာပြုပြင်ရပါတယ်။ အဲဒီလိုမြေယာပြုပြင်တဲ့အခါမှာ မြေကိုအုပ်ပြီး ထွန်ယက်တာနဲ့၊ မြေကိုလှုပ်ပြီးထွန်ယက်တာနဲ့ ထွန်နည်း နှစ်မျိုးရှိပါတယ်။ မြေကိုအုပ်ပြီး ထွန်ယက်ရင် မြေအစိုဓာတ်မပျက်ပြယ်လွယ်တဲ့အတွက် စိုက်ပျိုးမြေအတွက် ပိုကောင်းပါတယ်။ မြေကိုလှုပ်ပြီးထွန်ယက်ရင် မြေကြီးခြောက်လွယ်တဲ့အတွက် အပင်စိုက်ပျိုးတဲ့အခါ သိပ်မကောင်းပါဘူး။ စီပီစပ်မျိုးပြောင်းစိုက်ဖို့ မြေယာပြုပြင်ပြီးရင် စိုက်ခင်းထဲ သဘာဝမြေသြဇာ နွားချေးချပါတယ်။ မြေယာပြုပြင်ပြီးရင် စီပီစပ်မျိုးပြောင်းစေ့များကို ပင်ကြား ကိုးလက်မ၊ တန်းကြား လက်မ ၃၀ထားပြီး စိုက်ပျိုးပါတယ်။ တစ်ဧကကို မျိုးစေ့တစ်ထုပ်ခွဲစိုက်ပျိုးရပါတယ်။ မျိုးစေ့တစ်ထုပ်ကို မျိုးစေ့နို့ဆီဘူးနဲ့ ဘူး ၂၀ လောက်ပါတတ်ပါတယ်။ အပင်သက်တစ်ပတ်ခန့်ရှိရင် စိုက်ခင်းထဲကို မြေစိုရုံ ရေဖျန်းပေးပါတယ်။ အပင်သက်တမ်း ၂၅ ရက်မှ ၃၀ ရက်အတွင်း ပုလဲဓာတ်မြေသြဇာ ကျွေးရပါတယ်။ ပုလဲကျွေးတဲ့အခါမှာ ပုလဲက ဓာတ်ပြင်းတဲ့အတွက် အပင်တွေ သေမှာစိုးလို့ ပုလဲဓာတ်မြေသြဇာ စတီးဇွန်းနဲ့ တစ်ဇွန်းကို အပင်နှစ်ပင်ခြား တစ်ဇွန်းနှုန်းနဲ့ ကျွေးပါတယ်။ ပုလဲကျွေးပြီး တစ်ပတ်ခန့်ကြာရင် ရေထပ်ဖျန်းပေးပါတယ်။ ဖော့စဖိတ်ကိုအပင်သက် ၄၅ ရက်အတွင်း မိမိဆန္ဒရှိတဲ့အချိန်မျိုးမှာ အကြိမ်အရေအတွက် အကန့်အသတ်မရှိ ကျွေးနိုင်ပါတယ်။ ကျွန်တော်ကတော့ အပင်သက်တမ်း ၄၅ ရက်အတွင်းမှာ နှစ်ကြိမ်လောက်ကျွေးဖြစ်ပါတယ်။ တစ်ကြိမ်ကျွေးရင်တစ်ဧကကို နှစ်အိတ်လောက် ကျွေးပါတယ်။ အပင်သက်တမ်း ၄၅ ရက်ကျော်ရင် ဘာမှမကျွေးတော့ပါဘူး။

"ကျွန်တော် စီပီစပ်မျိုးပြောင်းဖူးပင်များကိုစိုက်ပျိုးတဲ့အခါမှာ စိုက်ပျိုးနည်းစနစ်တွေကိုတော့ သိပ်မလေ့လာဖြစ်ပါဘူး။ ကျွန်တော်တောင်သူဘဝ အနှစ် ၄၀ အတွေ့အကြုံနဲ့ ကျွန်တော့်ဘိုးဘွားမိဘတွေ လမ်းညွှန်သင်ကြားပေးခဲ့တဲ့ နည်းစနစ်တွေကိုအခြေခံပြီးစိုက်ပျိုးပါတယ်။ ကျွန်တော်စိုက်တဲ့အပင်တွေ အထွက်နှုန်းကောင်းတယ်ဆိုတာက ကျွန်တော်က ကျွန်တော့်စိုက်ခင်းကို အချိန်ပြည့်ဂရုစိုက်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ဒေသရဲ့ရေမြေရာသီဥတုအခြေအနေအပေါ် မူတည်ပြီး အပင်ရဲ့အခြေအနေကို ကြည့်ပြီးတော့ ရေသွင်းပေးသင့်ရင် သွင်းပေး၊ ပေါင်းနုတ်သင့်ရင် နုတ်ပေးစတဲ့ အပင်ဂရုစိုက်မှုတွေကိုလည်း မပြတ်စောင့်ကြည့်ပြီး ပြုစုပျိုးထောင်ပေးတဲ့အတွက် အထွက်နှုန်းကောင်းတာပါ"ဟု တောင်သူဦးတင်ငွေက ပြောသည်။

ယခုအချိန်တွင် စီပီစပ်မျိုးပြောင်းမျိုးစေ့ထုပ် 888 တစ်ထုပ်လျှင် ငွေကျပ် ၂၁၀၀၀ ပေါက်ဈေးရှိသော်လည်း ဖေဖော်ဝါရီ ၂၅ ရက်နောက်ပိုင်းတွင် ငွေကျပ်နှစ်သောင်းအောက်ဈေးကျရန် ရှိသည်ဟု စိုက်ပျိုးရေးအရောင်းဆိုင်မှ ဆိုင်ရှင်ကပြောသည်။ ယခုအချိန်တွင် ရေစကြိုမြို့ပေါ်ရှိ ပွဲရုံများတွင် စီပီပြောင်းဖူးစေ့တစ်တင်းလျှင် ငွေကျပ် ၇၅၀၀ ပေါက်ဈေးရှိသည်ဟုလည်း သိရသည်။

အိမ့်မွန်ဆွေ(ရေစကြို)

ရိုးမတောထွက်ကြသောင်းဝါး ဈေးကွက်ဝယ်လိုအား မြင့်မား

ရေတာရှည် ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြင်းခြံ၊ မြစ်သား၊ တောင်သာ၊ ပျော်ဘွယ်မြို့များ၏ ဝယ်လိုအားကြောင့် ပဲခူးရိုးမတောအတွင်းမှ ကြသောင်းဝါးများကို နေ့စဉ်အမြောက်အမြား ခုတ်ယူလျက်ရှိသည်။

ကြသောင်းဝါးသည် နေအိမ်ခြံစည်းရိုး၊ ဝါးထရံ၊ နေအိမ်ကြမ်းခင်းတို့ ပြုလုပ်ရာတွင်လည်းကောင်း၊ အခြားသောနေအိမ်အသုံးအဆောင်ပစ္စည်းများပြုလုပ်ရာတွင်လည်းကောင်း များစွာအသုံးဝင်သည်။ ပဲခူးရိုးမအုတ်တွင်း-ပေါက်ခေါင်းကားလမ်းတစ်လျှောက်နှင့် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်းများမှ အဓိကထုတ်ယူသည်ကိုတွေ့ရသည်။

အဆိုပါဝါးများကို အလုံးလိုက်တင်ပို့ခြင်းအပြင် ဝါးကပ်၊ ဝါးကုလားထိုင်များနှင့်အခြားသော အသုံးအဆောင်ပစ္စည်းများအား ရေတာရှည်မြို့နယ် ဆွာမြို့တောင်ဘက် ရွှေသပြေကျေးရွာတွင် ထုတ်လုပ်ရောင်းချသည်။ သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်းမိုင်တိုင် ၄၄ ကျောက်မဆင်သစ်တောကြိုးဝိုင်းနယ်တွင် ဝါးခုတ်သူများစွာကိုတွေ့ရပြီး ဝါးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက "ကျွန်တော်တို့က ပေါက်ချောင်းရွာကနေ လာလုပ်ကြတာ။ဝါးကဟိုးအရင်ကလို မပေါတော့ ငွေသိပ်မရဘူး။ တစ်နေ့မှ ငွေကျပ် ၃၅၀၀ လောက်ပဲရတယ်" ဟု ပြောပြသည်။ ဝါးခုတ်သူများအနေဖြင့် ဝါးအဝယ်ဒိုင်များမှ ကြိုတင်ငွေများထုတ်ယူပြီး စားရိက္ခာနှင့်အခြားသောကုန်ပစ္စည်းများ ဝယ်ယူကာ တောထဲတွင် လနှဲချီ၍ နေထိုင်လုပ်ကိုင်ကြရသည်ဟု အထက်ပါဝါးလုပ်ငန်းလုပ်ကိုင်သူကပင် ရှင်းပြသည်။ လက်ရှိပေါက်ဈေးအရ ဝါးအရွယ်အစားပေါ်မူတည်၍ ကြသောင်းဝါးတစ်လုံးလျှင် ငွေကျပ် ၄၀၀ မှ ၆၀၀ အထိရောင်းချလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြိုးလွင်အောင်

အခွင့်အခွင့်ပေးကြလို့ တာဝန်ကိုယ်စီကျေကြစို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်တွင် ဆောက်လုပ်မည့် စုစုပေါင်းကြမ်းခင်းဧရိယာ ၁၂၀၀၀၀ စတုရန်းပေရှိ လေးထပ်ရုံးအဆောက်အအုံသစ် ဆောက်လုပ်ခြင်းလုပ်ငန်းအားမြန်မာကျပ်ငွေဖြင့်လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၁၇-၂-၂၀၁၄ရက် ၀၉း၃၀ နာရီ
တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန် - ၂၄-၂-၂၀၁၄ရက် ၁၆း၃၀ နာရီ
Technical Proposal နှင့်Price Proposal
နောက်ဆုံးထား၍တင်သွင်းရမည့်ရက်၊အချိန် - ၃၁-၃-၂၀၁၄ရက် ၁၆း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကိုရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၃၀၀၀၀ နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါပါလုပ်ငန်းနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်အား ၂၇-၂-၂၀၁၄ ရက် ၁၃း၀၀နာရီတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ် ၂၇ ၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ တင်ဒါဝယ်ယူထားသော ကုမ္ပဏီများအနေဖြင့် မပျက်မကွက်တက်ရောက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ယုယမောင် ၇/ပမန(နိုင်)၁၂၄၆၀၃၏ BST, PSC & B, SSA လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၃၆၆၀၆၄၉**

ဂျုံဖွဲကြမ်း (၃၈၂)တန် အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်း** - ဂျုံဖွဲကြမ်း
၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၈-၂-၂၀၁၄ ရက်၊ ညနေ ၄း၀၀ နာရီ
၃။ ပစ္စည်းပေးသွင်းရမည့်အရေအတွက်

စက်ရုံ/စခန်းအမည်	**အရေအတွက်**
အမှတ်(၁)၊ ဆေးဝါးစက်ရုံ (ရန်ကုန်)	၂၃၀ တန်
မြင်းနှင့်သိုးမွေးမြူရေးစခန်း (ရန်ပယ်)	၈၂ တန်
မြင်းမွေးမြူရေးဌာန (ဟဲဟိုး)	၇၀ တန်

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

တယ်လီဖုန်းအမှတ်
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) ၀၆၇-၄၀၈၀၇၆
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန နေပြည်တော် ၀၆၇-၄၀၈၃၅၄

ကုန်ကြမ်းနှင့်ထုပ်ပိုးပစ္စည်း (၁၄)မျိုး အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်** - ကုန်ကြမ်းနှင့် ထုပ်ပိုးပစ္စည်း(၁၄)မျိုး
၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၈-၂-၂၀၁၄ ရက် ညနေ ၄ နာရီ
၃။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

တယ်လီဖုန်းအမှတ်
ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) **ဖုန်း-၀၆၇-၄၀၈၀၇၆**
ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန **ဖုန်း-၀၆၇-၄၀၈၃၅၄**
နေပြည်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၅

ဦးမောင်ကျော် နှင့် ဦးသန်းစိန်
တရားလို **တရားပြိုင်**

မန္တလေးမြို့၊ ၇၄×၇၅ကြား၊ ၃၃×၃၄ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေ ဦးသန်းစိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၆)၊ ဦးပိုင်(၄)မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ ပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် မတ် ၆ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးဝင်း)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

လူကုန်ကူး ရောင်းစားရန် ပို့ဆောင်သူများကို အရေးယူ

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မှ အမျိုးသမီးငယ်တစ်ဦးကို တရုတ်ပြည်တွင် အလုပ်အကိုင်ကောင်းပြီး အုတ်စက်ရုံတွင် အလုပ်ရနိုင်မည်ဟု စည်းရုံးပြောဆိုကာ တရုတ်အမျိုးသားနှင့်အိမ်ထောင်ချပေးရန် ခေါ်ဆောင်လာစဉ် ကွမ်းလုံမြို့ အေးရှားဝေါလ်တိုးဂိတ်၌သတင်းအရ ဖမ်းဆီးရမိသဖြင့် ခေါ်ဆောင်လာသူများကို ချင်းရွှေဟော်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၁ နာရီခွဲက လားရှိုးမှ ချင်းရွှေဟော်သို့ ဝင်ရောက်လာသော သံလွင်ယာဉ်လိုင်းမှ ယာဉ်အမှတ်---- ယာဉ်ပေါ်တွင် ပါရှိလာသော ခရီးသည်များအနက် လူကုန်ကူးမှုနှင့်ပတ်သက်၍ မသင်္ကာသူများကို တားဆီးထားကြောင်း ကွမ်းလုံမြို့ အေးရှားဝေါလ်တိုးဂိတ် လုံခြုံရေးဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များ၏ အကြောင်းကြားချက်အရ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(ချင်းရွှေဟော်)မှ မသင်္ကာသူ အမျိုးသမီးတစ်ဦးနှင့်အမျိုးသားသုံးဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။

တွေ့ဆုံမေးမြန်းချက်များအရ ရှမ်းပြည်နယ် ကွမ်းလုံမြို့နယ်နေ ခင်လွင်သည် ညီဝမ်းကွဲတော်စပ်သူ ဒလနေ ထွန်းကျော်၊ တူတော်သူ အောင်မျိုးတို့နှင့်အတူ တရုတ်နိုင်ငံ မိန်းတိန်ရှိ ခရမ်းခြံတွင် အလုပ်လုပ်ကိုင်ခဲ့ဖူးကြောင်း၊ ခင်လွင်မှ ထွန်းကျော်ကို တရုတ်အမျိုးသားများနှင့် လက်ထပ်ပေးစားရန် အမျိုးသမီးများရှာဖွေခိုင်းခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် ထွန်းကျော်၏ဖုန်းဖြင့် အကြောင်းကြားချက်အရ ခင်လွင်သည် ဒလမြို့သို့ရောက်ရှိခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ထွန်းကျော်နှင့်အောင်မျိုးတို့က ဒလမြို့နယ်မှ အမျိုးသမီးငယ်တစ်ဦးနှင့်မောင်တင်ဆန်းလင်းတို့ကို တရုတ်ပြည်တွင် အလုပ်ကောင်းပြီး အုတ်စက်ရုံတွင်အလုပ်ရနိုင်သည်ဟု စည်းရုံးပြောဆိုကာ ကြိုတင်ငွေအဖြစ် ငွေကျပ် ၅၀၀၀၀ ကို အမျိုးသမီးငယ်အား ထုတ်ပေးခဲ့ကြောင်း၊ ခင်လွင်၊ ထွန်းကျော်၊ အောင်မျိုး၊ ဒလမြို့နယ်မှ အမျိုးသမီးငယ်တစ်ဦး၊ မောင်တင်ဆန်းလင်း၊ မောင်အေးခိုင်တို့သည် ဖေဖော်ဝါရီ ၁၃ ရက်တွင် ရန်ကုန်မှ နေပြည်တော်သို့ ထွက်ခဲ့ကြောင်း၊ လမ်းတွင်အမျိုးသမီးငယ်နှင့်အောင်မျိုးတို့ ချစ်သူဖြစ်ခဲ့ကြောင်း၊ နေပြည်တော်တွင် တစ်ရက်တည်းခိုစဉ် ထွန်းကျော်က အမျိုးသမီးငယ်အား တရုတ်နိုင်ငံ အုတ်စက်ရုံတွင် အလုပ်လုပ်ရမည်မဟုတ်ဘဲ တရုတ်ယောကျ်ားယူရမည်ဖြစ်ကြောင်း၊ အများဆုံး သုံးလပေါင်းသင်းရမည်၊ ငွေစုဆောင်းရန်နှင့် သုံးလပြည့်ပါက ဖုန်းလှမ်းဆက်ခေါ်ပေးမည်ဟု စည်းရုံးတိုက်တွန်းခဲ့ကြောင်း၊ ယခင်ကလည်း အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ပို့ဆောင်ပြီး တရုတ်ယောကျ်ားနှင့်ယူစေခဲ့ကြောင်း၊ ယခုထိုအမျိုးသမီးမှာ ငွေစုမိနေပြီဖြစ်၍ သွားခေါ်တော့မည်ဖြစ်ကြောင်း၊ အောင်မျိုးကလည်း တရုတ်ယောကျ်ားနှင့်သုံးလပေါင်းသင်းပြီး ပြန်လာပါက လက်ထပ်ယူမည်ဟု စည်းရုံးပြောဆိုခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် ခင်လွင်၊ အောင်မျိုးတို့သည် အမျိုးသမီးငယ်နှင့်မောင်တင်ဆန်းလင်းတို့ကို နေပြည်တော်မှ လားရှိုးသို့ခေါ်ဆောင်လာခဲ့ကြောင်း၊ မောင်အေးခိုင်ကို နောက်တစ်ခေါက်မှ လာခေါ်မည်ပြောပြီး နေပြည်တော်တွင် ထွန်းကျော်နှင့်အတူ ထားခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၇ နာရီတွင် လားရှိုးသို့ ရောက်ရှိပြီး မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ကွမ်းလုံမြို့ အေးရှားဝေါလ်တိုးဂိတ်၌ ယခုကဲ့သို့ စစ်ဆေးမေးမြန်းခြင်းခံရကြောင်း သိရသည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ဒလမြို့နယ်မှ အမျိုးသမီးငယ်တစ်ဦးကို တရုတ်အမျိုးသားနှင့်လက်ထပ်ရန် တရုတ်နိုင်ငံသို့ပို့ဆောင်စဉ် အေးရှားဝေါလ်တိုးဂိတ်၌ ဖမ်းဆီးရမိသူ ခင်လွင်(၃၃ နှစ်) ကွမ်းလုံမြို့နယ် ရှမ်းပြည်နယ်၊ အောင်မျိုး(၂၀ နှစ်) ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နှင့် ထွန်းကျော်တို့ သုံးဦးအပေါ် ဥပဒေအရ အရေးယူပေးရန် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(ချင်းရွှေဟော်)က တရားလိုပြုလုပ်၍ တိုင်တန်းခဲ့ရာ ဖေဖော်ဝါရီ ၁၅ ရက်တွင် ချင်းရွှေဟော်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

လူကုန်ကူးခံရသူ အမျိုးသမီးငယ်နှင့်သက်သေ မောင်တင်ဆန်းလင်းတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(ချင်းရွှေဟော်)တွင် ခေတ္တထားရှိပြီး တရားရုံးသက်သေခံပြီးပါက မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုရူပ**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့၌ ဖေဖော်ဝါရီ ၁၆ ရက်က ပညာအလင်းရောင်စာကြည့်တိုက်ကို ဆရာတော်သံဃာတော်များနှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
နေလင်း(ညောင်လေးပင်)

ရပ်ထားသော ယာဉ်ကို အငှားယာဉ်ဝင်တိုက်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အင်းစိန်လမ်းမကြီး၏ ပလက်ဖောင်းဘေးရပ်ထားသော လိုက်ထရပ် အဖြူရောင် ကိုယ်ပိုင်ယာဉ်ကို မာစတာ အဖြူရောင် အငှားယာဉ်က ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်က တိုက်မှုဖြစ်ပွားကြောင်း သိရသည်။ ဖြစ်ပွားပုံမှာ မင်္ဂလာဒုံမြို့နယ် ၂/(က)ရပ်ကွက် ကာယသုခ အပြင်လမ်းနေ ကိုအောင်ဇေကျော် (၃၄နှစ်) သည် ၆ယ/---မာစတာ(ဆလွန်း) အဖြူရောင် အငှားယာဉ်ကို ရန်ကုန်အင်းစိန်လမ်းမကြီးအတိုင်း တောင်မှမြောက်သို့ အရှိန်ဖြင့် မောင်းနှင်လာစဉ် ကုလားကျောင်းမှတ်တိုင်အနီး တကောင်ဘွားလမ်းထိပ်အရောက် လမ်းဖြတ်ကူးလာသူ အမျိုးသမီးငယ်သုံးဦးကို လျှပ်တစ်ပြက်ရှောင်တိမ်းရင်း အသက်(၅၀)ကျော် ဝန်းကျင်ခန့်ရှိ အမျိုးသားတစ်ဦး လမ်းဘေးရပ်နေသည်ကို ဝင်တိုက်မိပြီး ကားမှာ ရှေ့ပလက်ဖောင်းဘေးရပ်ထားသော ၈ဆ/---လိုက်ထရပ်(ပစ်ကပ်)အဖြူရောင် ကိုယ်ပိုင်ယာဉ်နောက်သို့ အရှိန်ဖြင့် တိုက်မိလိုက်သဖြင့် အငှားယာဉ် ဦးခေါင်းလေကာမှန်များ ကြေမွပျက်စီးသွားခဲ့သည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထွေးနှင့် ယာဉ်မှုစစ်တို့ စစ်ဆေးမှု ပြုလုပ်ရာအငှားယာဉ်မောင်းနှင့် ခရီးသည် အမျိုးသမီးတစ်ဦး ထိခိုက်မှုမရှိသော်လည်း အသက်(၅၀)ကျော်ခန့် အမျိုးသားမှာ ယာဉ်တိုက်မှုကြောင့် ဒဏ်ရာဖြင့် (မစိုးရိမ်ရ) အင်းစိန်ဆေးရုံသို့ တင်ပို့ ကုသလျက်ရှိကြောင်း သိရသည်။ **(၀၁၅)**

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရှမ်းပြည်နယ် အမှတ်(၂၂)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မူဆယ်)မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က မူးယစ်ဆေးဝါးသတင်းအရ နမ့်ခမ်းမြို့မှ တရုတ်နိုင်ငံ နောင်တောင်းမြို့သို့သွားသည့် မန့်ဟောင်းကူးတို့ဆိပ်တွင် စောင့်နေစဉ် ကွတ်ခိုင်မြို့နယ်နေသူများဖြစ်ကြသည့် မော်ဆင်ဝမ်(၂၀ နှစ်) မောင်းနှင်ပြီး နောက်မှ ကျိုးဖန်ကတ်(၁၈ နှစ်)လိုက်ပါလာသည့်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ ၄င်းတို့၏ခရီးဆောင်အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၄၃၇၅၀ တန်ဖိုးငွေကျပ် ၄၈၇၅ သိန်းနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မော်ဆင်ဝမ်နှင့် ကျိုးဖန်ကတ်တို့နှစ်ဦးကို နမ့်ခမ်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ဘိန်းစိမ်းများဖမ်းဆီးရမိ

အမှတ်(၇)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(တမူး)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ ဈေးတန်း(၉)ရပ်ကွက်နေ မလမ်ခိုဟတ်(၅၀ နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေစဉ် မလမ်ခိုဟတ်မှာ ပလတ်စတစ်ခြင်းတောင်းကို နေအိမ်ပေါ်မှ အနောက်ဘက်ခြံဝင်းအတွင်းသို့ ပစ်ချလိုက်သည်ကိုတွေ့ရသဖြင့် စစ်ဆေးရာ ခြင်းတောင်းအတွင်းမှ ဘိန်းစိမ်းလေးကီလို တန်ဖိုးငွေကျပ်သိန်း ၁၂၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် မလမ်ခိုဟတ်ကို တမူးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ပဥ္စမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် စိုက်ပျိုးရေးဝန်ထမ်းဟောင်းများတွေ့ဆုံပွဲ

ယခင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်) ယခု စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)တွင် သက်ပြည့်+နှစ်ပြည့်တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၇၅)နှစ်နှင့်အထက် အငြိမ်းစားဝန်ထမ်းဟောင်းများ ပူဇော်ပွဲနှင့် ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲကျင်းပပါမည်။ အငြိမ်းစားဝန်ထမ်းဟောင်းများအားလုံး ဖိတ်စာမရခဲ့ပါလျှင် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ယင်းနေ့တွင် နံနက် ၁၁နာရီမှစ၍ ဖယ်ရီကားများ မူလပုံမှန်လမ်းကြောင်းအတိုင်း ပို့ဆောင်ပါမည်။

နေ့ရက် - ၂၂-၂-၂၀၁၄ ရက် (စနေနေ့)
အချိန် - မွန်းလွဲ ၁း၃၀ နာရီ
နေရာ - မျိုးစေ့ဌာနခွဲစည်းဝေးခန်းမ၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်
ဦးကိုကိုကြီး ရန်ကုန်တိုင်းဒေသကြီးရုံး ဖုန်း-၀၉-၅၁၉၉၅၉၃
ဦးလှရှိန် ဒဂုံမြောက် ဖုန်း-၀၉-၃၁၁၃၇၁၃၃
ဦးခိုင်ထွန်းအောင် ဗဟန်း ဖုန်း-၀၉-၂၅၆၀၇၅၁၇၇

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

Yangon တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်

1. Front Office Department — 15 Position
   Receptionist/ Bell Boy/ Security
2. House-Keeping Department — 14 Position
   Supervisor/Room Attendant/ Cleaner
3. F & B Department — 10 Position
   Chef/ Assistant/ Helper/ Steward/ Bar Tender/ Waiter/ Waitress
4. M & E Department — 3 Position
6. Purchasing — 1 Position
7. Account Department — 3 Position
   Cashier/ Accountant/ Night Auditor
8. Hotel Manager — 1 Position
9. Sales and Marketing — 1 Position
10. Reservation — 1 Position
11. Security — 5 Position

လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါ မိတ္တူများနှင့်အတူ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ CV၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ အလုပ်သမားမှတ်ပုံတင်၊ ဓာတ်ပုံတစ်ပုံ၊

www.PVRngapali.com

S-5, အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်
(City Mart & Home Decoration အပေါ်ထပ်) ဖုန်း-၀၉-၇၃၁၆၀၃၀၆၊ ၃၉၃၂၀၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၈ U-9၊ လူနေရပ်ကွက်အမှတ် အဆင့်မြင့်၊ မြေကွက်အမှတ် ၇၅၊ ဧရိယာ ၀ဒသမ ၁၂၃ဧက၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၇၅၊ စွယ်တော်ဖူး ၁လမ်း၊ (၄၈ U-9)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဦးမျိုးဝင်း ၁၂/ကတတ(နိုင်)၀၁၆၉၇၈၊ MUN-၁၈၅၄၂၃မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးဟိန်းသူကောင်း — **အထက်တန်းရှေ့နေ (စဉ်-၃၆၂၆၇)**
ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိရန်

ကျွန်တော် ဦးခင်ဝင်း ၁၂/ပသန(နိုင်)၀၁၃၅၀၃ သည် ဦးဉာဏ်မြင့်ဦး ၁၂/တမန(နိုင်)၀၈၁၆၂၉၊ ဦးမောင်မောင်ဦး ၁၂/ကတန(နိုင်)၀၉၀၇၉၉ ရောင်းသူအသိသက်သေ ကိုဇော်ဝင်း ၁၂/သဃက(နိုင်)၀၁၃၀၈၄ ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှတ် ၂၂၄၊ ကျိုက္ကဆံလမ်းရှိ ဆောက်လုပ်ဆဲရှိသော မြေညီထပ်တိုက်ခန်းအား အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူထားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးခင်ဝင်း
ဖုန်း-၂၅၂၉၆၄၊ ၀၉-၅၁၀၁၃၉၁

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/9381၊ TOYOTA MARKII Gx110 SALOON (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိမ့်နီခင် ၁၂/အစန(နိုင်)၀၁၅၅၈၀၀ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

အများသိစေရန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ လှည်းတန်း-ရန်ကင်းရပ်ကွက်၊ မေတ္တာလမ်းနှင့် (၁၂)လမ်းထောင့်နေ ဒေါ်ရီရီချို ၃/ဘအန(နိုင်)၀၅၀၄၉၁၈၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မုံရွာမြို့နယ်၊ လှည်းတန်း-ရန်ကင်းရပ်ကွက်၊ ကွင်းအမှတ် ၆၇၃၊ ထန်းတောကွင်း၊ ဦးပိုင်အမှတ်(၆၅-က)၊ ဧရိယာ ၀ဒသမ ၀၅၆ဧကရှိသော မြေကွက်မှာ ကျွန်ုပ်၏အမှုသည် ဒေါ်ရီရီချို အမည်ပေါက် နှစ် ၃၀ ဂရန်မြေကွက်ဖြစ်ပါသည်။ ယခုအခါ နှစ် ၃၀ မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိနေအိမ်တို့ကို ကျွန်ုပ်အမှုသည်၏ ခွင့်ပြုချက်မရရှိဘဲ မည်သူကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်း လွှဲပြောင်းခြင်း စသည့်ကိစ္စရပ်များကို ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ရီရီချို(ဘ)ဦးထွန်းညို၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုင်းဝဏ္ဏဇော် LL.B (စဉ်-၃၂၆၀၃)
ဒေါ်ခိုင်ဇင်အောင် LL.B, LL.M (စဉ်-၃၄၉၂၈)
အထက်တန်းရှေ့နေများ
အမှတ်(၆/၁၀၇)၊ ရှမ်းတန်း ၅လမ်း၊ မြို့သစ် (ဂ)ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၈၁၂၉၅၂၁၊ ၀၉-၃၁၄၂၁၂၃၂

ကျန်းမာရေးဆောင်းပါး

ကင်ဆာရောဂါ ကြောက်စရာ ကြိုတင်ကာကွယ်ပါ

ဒေါက်တာဘီရော်

ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူများ၏ သွားလာနေထိုင်စားသောက်ပုံ လူမှုဘဝပုံစံများသည် တူညီလာရာ ယခင်က ဖွံ့ဖြိုးပြီးအနောက်နိုင်ငံများတွင်သာ အဖြစ်များခဲ့သော နှလုံးရောဂါ၊ ကင်ဆာရောဂါ စသောရောဂါများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုမိုထူပြောလာနေပါသည်။ တစ်ကမ္ဘာလုံးတွင် ကင်ဆာအမျိုးမျိုးကြောင့် သေဆုံးသူဦးရေသည် ၂၀၁၂ ခုနှစ်တွင် ၈ ဒသမ ၂ သန်းရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ ကြေညာခဲ့ပါသည်။ သေဆုံးသူအများစုမှာ ရင်သားကင်ဆာကြောင့် ဖြစ်ပြီး အနောက်နိုင်ငံများတွင် စောစောသိ စောစောကုနိုင်သည့် ကုထုံးများကြောင့် ရင်သားကင်ဆာရောဂါသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အမြစ်တွယ်ကျန်ရှိနေပါသည်။

တစ်ကမ္ဘာလုံးတွင် ကင်ဆာအမျိုးမျိုးကြောင့် သေဆုံးသူဦးရေသည် ၂၀၀၈ ခုနှစ်တွင် ၇ ဒသမ ၆ သန်းရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ၈ ဒသမ ၂ သန်းအထိ ရှိလာသောကြောင့် ရှစ်ရာခိုင်နှုန်း တိုးလာခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် ရင်သားကင်ဆာကြောင့် သေဆုံးသူ အမျိုးသမီးဦးရေမှာ တစ်ကမ္ဘာလုံးတွင် ၅၂၂၀၀၀ ဦးရေရှိပေရာ ၂၀၀၈ ခုနှစ်ထက် ၁၄ ရာခိုင်နှုန်း ပိုများလာခဲ့သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်က ထုတ်ပြန်ခဲ့သော GLOBOCAN 2012 ဟုခေါ်သည့် (IARC)၏ အစီရင်ခံစာသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၄ နိုင်ငံတွင် ယနေ့ဖြစ်ပွားနေသော ကင်ဆာအမျိုးအစားပေါင်း ၂၈ မျိုးအတွက် နောက်ဆုံးပေါ် ခန့်မှန်းခြေကို ပြဆိုထားပြီး ကမ္ဘာပေါ်တွင် ကျရောက်နေသော ကင်ဆာဝန်ထုပ်ဝန်ပိုးကြီးကို မီးမောင်းထိုးပြထားပါသည်။

ယနေ့ တစ်ကမ္ဘာလုံးတွင် အမျိုးသား၊ အမျိုးသမီးအားလုံး၌ ဖြစ်ပွားနေသော ကင်ဆာအမျိုးအစားများမှာ အဖြစ်များရာမှ နည်းရာသို့ အဆုတ်ကင်ဆာ၊ ရင်သားကင်ဆာနှင့် အူမကြီးကင်ဆာတို့ဖြစ်သည်။ အများဆုံး သေဆုံးရသော ကင်ဆာရောဂါမှာ များရာမှ နည်းရာသို့ အဆုတ်ကင်ဆာ၊ အသည်းကင်ဆာနှင့် အစာအိမ်ကင်ဆာတို့ဖြစ်သည်။

IARC မှ ကျွမ်းကျင်သူပညာရှင်များသည် ၂၀၂၅ ခုနှစ်ရောက်လျှင် တစ်ကမ္ဘာလုံးတွင် ကင်ဆာဖြစ်ပွားသူဦးရေသည် ၁၉ ဒသမ ၃ သန်းအထိ မြင့်တက်လာမည်ဟု ရှေ့သို့ကြိုမျှော်ခန့်မှန်းထားပါသည်။

ကင်ဆာရောဂါ ဖြစ်ပွားပါက “အသက်ကိုညာဏ်စောင့်” ဟူသော စကားရှိနေရာ လူတိုင်းလိုက်နာကျင့်ကြံ ရှောင်ကျဉ်အပ်သော အချက်အချို့ကို တင်ပြပါမည်။

> ## ၂၀၂၅ ခုနှစ်တွင် တစ်ကမ္ဘာလုံး၌ ကင်ဆာရောဂါရှင် ၁၉ သန်းကျော်အထိ မြင့်တက်လာနိုင်. . .

အဆုတ်ကင်ဆာ

အဆုတ်ကင်ဆာဖြစ်ပွားသူများအားလုံး၏ ၉၀ ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်သူများဖြစ်သည်။ စီးကရက်သည် ဆေးပေါ့လိပ်ထက် ဆိုးသည်။ ဆေးပြင်းလိပ်က အဆိုးဆုံးဖြစ်သည်။ ဆေးလိပ်ငွေ့တွင် နီကိုတင်းနှင့်တကွ အဆုတ်ကင်ဆာဖြစ်စေနိုင်သည့် ဓာတုပစ္စည်းအမျိုးပေါင်း ထောင်ချီပါဝင်သည်။ အမေရိကန်နိုင်ငံ တစ်ခုတည်းမှာပင် ဆေးလိပ်ကြောင့် အဆုတ်ကင်ဆာဖြင့် သေဆုံးနှုန်းမှာ နှစ်စဉ် ၁၆၀၀၀၀ ရှိပါသည်။ ယင်းအရေအတွက်မှာ ရင်သားကင်ဆာ၊ ပရောစတိတ်(ယောကျ်ားအကျိတ်)ကင်ဆာနှင့် အူမကြီးကင်ဆာတို့ကြောင့် သေဆုံးသူထက်ပင် ပိုများပါသည်။

မိမိကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း သူတစ်ပါးသောက်သော ဆေးလိပ်ငွေ့ကို ရှူမိခြင်းကြောင့် အဆုတ်ကင်ဆာဖြစ်၍ သေဆုံးမှုနှုန်းမှာ နှစ်စဉ် ၅၀၀၀ ရှိသည်။ တစ်နေ့ ဆေးလိပ် အလိပ် ၂၀ သောက်သော အမျိုးသားများနှင့် ဇနီးများတွင် အဆုတ်ကင်ဆာဖြစ်ပွားနှုန်းမှာ နှစ်ဆပိုများကြောင်းတွေ့ရှိရပါသည်။ “ဆေးလိပ်နှင့် ကျန်းမာရေး သင်ကြိုက်ရာရွေး” ဟု ဆိုထားရာ ဘေးဖြစ်စေတတ်သော ဆေးလိပ်ကိုဖြတ်ကြပါရန် တိုက်တွန်းအပ်ပါသည်။

အသည်းကင်ဆာ

အရက်သောက်သူများတွင် အသည်းကင်ဆာအဖြစ်များပါသည်။ အသည်းရောင်အသားဝါ ဘီပိုးနှင့် စီပိုးကူးစက်ခံရပါက အသည်းကင်ဆာ ဖြစ်နိုင်ပါသည်။ ဘီပိုးအတွက် ကာကွယ်ဆေးရှိသော်လည်း စီပိုးအတွက်တော့မရှိပါ။ မျက်လုံးဝါ၊ ဆီးဝါ၊ အစားအသောက်ပျက်၊ နေထိုင်မကောင်းဖြစ်ပါက ဆရာဝန်နှင့်ပြ၍ အမြန်ဆုံး ဆေးဝါးကုသမှုခံယူပါ။ စောစောကုလျှင် စိုးရိမ်ရန်မလိုပါ။ အသည်းသည် အရက်တွင်ပါသော အဆိပ်ဖြစ်စေတတ်သည့် ဓာတုပစ္စည်းများကို ချေဖျက်ပေးရပါသည်။ အစားအစာများတွင် ဓာတုဗေဒဆိုးဆေးများ ပါဝင်က အသည်းကပင် ချေဖျက်ပေးရသဖြင့် အသည်းကင်ဆာဖြစ်နိုင်ခြေသည် တိုး၍လာပါသည်။ ထို့ကြောင့် ဆိုးဆေးပါသော အစားအစာများကို မစားသုံးပဲ သဘာဝအစားအစာများကိုသာစားပါ။ ဟင်းသီးဟင်းရွက်များတွင် ဓာတုပိုးသတ်ဆေးများ ပါဝင်နိုင်သဖြင့် ရေဖြင့်အထပ်ထပ်ဆေးပြီးမှ ချက်ပြုတ်ပါ။ သဘာဝအသီးများဖြစ်သော သံပုရာသီး၊ ရှောက်သီး၊ မန်ကျည်းသီးစသည်တို့ဖြင့် အချဉ်ပြုလုပ်သင့်ပြီး ဓာတုဗေဒဆေးအချဉ်ကို အသုံးမပြုသင့်ပါ။ တာရှည်ခံသည့် အစားအစာများကို မစားပါနှင့်။ အသည်းကင်ဆာဖြစ်ပွားတတ်သည်။

အစာအိမ်ကင်ဆာ

“အစားမတော်တစ်လုပ်” ဟူသော စကားသည် အစာအိမ်ကင်ဆာဖြစ်ပွားမှုအတွက် မှန်ကန်သည်။ ပူလွန်း၊ စပ်လွန်း၊ ငန်လွန်းသော အစာများကို ရှောင်ကျဉ်ပါ။ နူးညံ့သော အစာအိမ်မှာ ရေရှည်တွင် ထိခိုက်ပျက်စီးမှုဒဏ်ကို ဖြစ်ပွားနိုင်စေသည်။ အသည်းကင်ဆာဖြစ်စေသည့် အစားအစာများသည် အစာအိမ်ကင်ဆာ ကိုလည်း ဖြစ်စေနိုင်သည်။ အရက်၊ ဘီယာနှင့် ကွမ်းတို့တွင်ပါဝင်သည့် ဆေးရွက်ကြီး၊ ထုံးတို့သည်လည်း အစာအိမ်ကို ထိခိုက်စေနိုင်သည်။ အစားစားရာတွင် ကြေညက်စွာ အချိန်ယူစားသောက်ရမည်။ အမြန်စားပါက အစာမကြေနိုင်ပါ။ အချိန်ယူဝါးစားခြင်းသည် အစားများများ မစားမိစေခြင်းကြောင့် အဝလွန်ခြင်းမှလည်း ကာကွယ်သည်။

အူမကြီးကင်ဆာ

ဝမ်းမှန်မှန်သွားလျှင် အူမကြီး ကင်ဆာမဖြစ်နိုင်ပါ။ ဝမ်းချုပ်၍ ဝမ်းနုတ်ဆေး ပုံမှန်သောက်နေရလျှင် မကောင်းပါ။ အမျှင်ဓာတ်ပါဝင်သော သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးရမည်။ ဗူးရွက်၊ ဖရုံရွက်၊ ကန်စွန်းရွက်တို့ကို အရိုးပါမကျန် စားရမည်။ သို့မှသာ ဖိုင်ဘာအမျှင်ဓာတ်ရရှိ၍ ဝမ်းမှန်စေမည်။ ဥသျှစ်သီး၊ ငှက်ပျောသီးတို့သည်လည်း အမျှင်ဓာတ်ရသည်။ ဝမ်းမချုပ်ပါက အူမကြီး ကင်ဆာဘေးမှ ကင်းဝေးနိုင်ပါမည်။

ကင်ဆာဘေးမှ ကင်းဝေးစေရန် အရက်၊ ဆေးလိပ်၊ ကွမ်းယာဖြတ်ပါ။ ကိုယ်လက်လှုပ်ရှားမှုအားကစားတစ်ခု ပုံမှန်ပြုလုပ်ပါ။ အဆီများသောအစားကို ရှောင်ပါ။ ကြာရှည်စွာ အထိုင်များခြင်းမှ လျှော့ချပါ။ အိပ်ရေးဝဝ အိပ်ပါ။

ကင်ဆာရောဂါကာကွယ်သည့် အစားအစာရှစ်မျိုး

- ခရမ်းသီး
- ဘူးခါးသီး
- ပင်လယ်ကျောက်ပွင့်၊ ပင်လယ်ရေမှော်
- ကန်စွန်းဥ
- ရွှေဖရုံသီး
- ဂျုံဖွဲနု
- မုန်လာဥ(အဖြူ)
- ကီဝီသီး

စက္ကူသုံးလုပ်ငန်းများ အရည်အသွေးကိုအဓိကထား လုပ်ကိုင်လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်တွင်းစက္ကူ ဈေးကွက်အတွင်း နိုင်ငံခြားမှတင်သွင်းရောင်းချနေသည့် စက္ကူများအရောင်းအဝယ် သွက်လျက်ရှိကြောင်း ရန်ကုန်မြို့(၃၁)လမ်းရှိ စက္ကူဈေးကွက်မှ လေ့လာသိရှိရသည်။

စက္ကူဈေးကွက်၌ ယခင်က ပြည်တွင်းမှ ထုတ်လုပ်နေသည့် စစ်တောင်းစက္ကူများကို တွင်ကျယ်စွာ ရောင်းချနေခဲ့သော်လည်း ယခုအခါ ပြည်ပမှ တင်သွင်းလာသည့် A Plus၊ IK Plus ESIFY ၊ Paper one စသည့်စက္ကူအမျိုးအစားများ ဈေးကွက်အတွင်း ရောက်ရှိလာခဲ့ပြီးနောက် စာအုပ်ထုတ်ဝေရေးလုပ်ငန်းများ၊ မိတ္တူနှင့် ကွန်ပျူတာဆိုင်များ၊ ကြော်ငြာပိုစတာလုပ်ငန်းများ၊ ပုဂ္ဂလိက လုပ်ငန်းကုမ္ပဏီများ၊ စာရွက်စာတမ်းများနှင့် လုပ်ကိုင်ဆောင်ရွက်ရသည့် လုပ်ငန်းများက အသုံးပြုနေကြသဖြင့် ဈေးကွက် တွင်ကျယ်လာခဲ့ခြင်းဖြစ်သည်။ အရည်သွေးနှင့် မျက်မြင်ကောင်းမွန်မှုအခြေအနေများအရ နိုင်ငံခြားစက္ကူများကို ပြောင်းလဲအသုံးပြုလာခဲ့ကြခြင်းဖြစ်သည်။

တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံများမှ တင်သွင်းရောင်းချနေပြီး အင်ဒိုနီးရှားနိုင်ငံထုတ်စက္ကူများမှာ ပိုမိုအရောင်းအဝယ်ဖြစ်ပြီး A Plus တစ်ထုပ်လျှင် ငွေကျပ် ၂၃၅၀ နှင့် IK Plus တစ်ထုပ်လျှင် ငွေကျပ် ၂၄၅၀ ဈေးနှုန်းရှိကြောင်း သိရသည်။ **မင်းသစ္စာလှိုင်**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါက်တာမြင့်လွင်(စက်မှုဆေးဝါး ညွှန်မှူး-ငြိမ်း)
အချိန်ပိုင်းပါမောက္ခဆေးဝါးတက္ကသိုလ်၊ ရန်ကုန်
အကြံပေးပုဂ္ဂိုလ်(တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်)-
ဒေါ်ခင်မျိုးရီ (တပ်မတော်မိုးရေကာဖျင်-ငြိမ်း)တို့၏သားကြီး

မောင်ကျော်မျိုးလွင်

B.Sc (Physics) (Microsoft Certified IT Professional)
(Burger King, Singapore)

နှင့်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ ဦးကျော်သိန်း (မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ-ငြိမ်း)
(ပစ်တိုင်းထောင်မိတ္တူ၊ ကွန်ပျူတာစာစီစာရိုက်နှင့်စတိုး၊ ရွှေပြည်သာမြို့)-
ဒေါ်ဆွေဆွေမြင့် (မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)တို့၏သမီးငယ်

မခင်နန်းမော်

B.C. Sc (Honours) (Computer Science - UCSY, Yangon, Myanmar)
Post. G. Dip (System Analyst-ISS, NUS, Singapore)
(Technical Consultant: AFON Pte.Ltd, Singapore)

တို့သည် နှစ်ဖက်သော မိဘများရှေ့၌ ၁၅-၂-၂၀၁၄ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ကျော်မျိုးလွင်-မခင်နန်းမော်

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄E၊ မြေကွက်အမှတ် ၈၃-အေ၊ မြေကွက်တည်နေရာအမှတ် ၉၈၊ သမိန်ဗရမ်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ ဒေါ်ကြူကြူဝင်း၊ ဒေါ်အေးအေးဝင်း(ခ)ဥမ္မာဝင်း၊ ဒေါ်နိုင်နိုင်ဝင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ကြူကြူဝင်း(မိခင်)၊ ဦးသောင်းဝင်း(ဖခင်)နှင့် ဦးကျော်ကျော်ဝင်း(သားတစ်ဦး-လူပျိုကြီးဘဝဖြင့်)အသီးသီး ကွယ်လွန်သဖြင့် ဒေါ်ဥမ္မာဝင်း ၁၂/တမန(နိုင်)၀၇၁၂၁၉၊ ဒေါ်နိုင်နိုင်ဝင်း ၁၂/တမန(နိုင်)၀၆၉၇၀၄တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍အမွေဆက်ခံပိုင်ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

MPA ကျောင်းသားကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်ညစာစားပွဲဖိတ်ကြားခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကြီးမှူးဖွင့်လှစ်သော MPA နှင့် EMPA အပတ်စဉ်များ၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲနှင့် အာစရိယပူဇော်ပွဲအခမ်းအနားကို ၁-၃-၂၀၁၄ရက် (စနေနေ့) ညနေ ၆နာရီတွင် ရန်ကုန်မြို့၊ ကန်တော်ကြီးစောင်းရှိ Royal Garden Restaurant တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် MPA နှင့် EMPA အပတ်စဉ်များမှ ကျောင်းသားကျောင်းသူများအားလုံး စုံစုံညီညီတက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

MPA အပတ်စဉ်အားလုံးကိုယ်စား ဆက်သွယ်ရမည့်သူများ၏ အမည်နှင့်ဖုန်းနံပါတ်မှာ-

EMPA 1st Batch	ကိုသန့်ဇင်	ဖုန်း-၀၉-၅၁၄၂၂၇၅
EMPA 2nd Batch	ကိုမင်းသီဟ	ဖုန်း-၀၉-၅၀၅၆၉၂၇
EMPA 3rd Batch	မခင်မာလာအေး	ဖုန်း-၀၉-၅၁၄၅၀၃၃
EMPA 5th Batch	ကိုထွန်းအောင်လွင်ကြည်	ဖုန်း-၀၉-၅၁၀၃၀၀၂
EMPA 10th Batch	နန်းသီရိထက်	ဖုန်း-၀၉-၅၁၂၁၆၈၀
EMPA 13th Batch	ကိုဖြိုးဇော်အောင်	ဖုန်း-၀၉-၅၀၅၉၉၃၂

EMPA အပတ်စဉ်လိုက်ဆက်သွယ်ရမည့်သူများ၏ အမည်နှင့်ဖုန်းနံပါတ်မှာ-

EMPA 1st Batch	ဦးဘိုဘို	ဖုန်း-၀၉-၅၁၄၈၉၄၂
EMPA 2nd Batch	ဦးမောင်မောင်စိုး	ဖုန်း-၀၉-၇၃၂၀၃၁၃၁
EMPA 3rd Batch	ဒေါ်သွေးသွေးမောင်	ဖုန်း-၀၉-၅၁၈၄၀၀၄
EMPA 4th Batch	ဒေါ်ခင်အေးမူ	ဖုန်း-၀၉-၅၀၅၆၉၇၀
EMPA 5th Batch	ဒေါ်စန္ဒာမွေး	ဖုန်း-၀၉-၇၃၀၇၇၇၃၇
EMPA 6th Batch	ဦးနန္ဒာလှမြင့်	ဖုန်း-၀၉-၅၁၆၅၂၃၅၊ ၀၉-၄၉၃၃၉၄၂၂
EMPA 7th Batch	ဦးဝင်းသော်	ဖုန်း-၀၉-၅၁၃၆၉၇၈
EMPA 8th Batch	ဒေါ်ခိုင်သန္တာအောင်	ဖုန်း-၀၉-၇၃၀၆၃၅၁၇
EMPA 9th Batch	ဦးစိုးနိုင်	ဖုန်း-၀၉-၅၂၀၀၅၈၄
EMPA 10th Batch	ကိုပေါလ်	ဖုန်း-၀၉-၅၇၃၁၀၅၆၅၅
EMPA 11th Batch	ဦးချစ်ကို	ဖုန်း-၀၉-၃၁၀၆၇၈၆၄
EMPA 12th Batch	ဦးရဲမင်းဦး	ဖုန်း-၀၉-၈၆၀၀၆၅၄

ပါမောက္ခဦးခင်မောင်ဝင်း ၏ ကျန်းမာရေးဟောပြောပို့ချ

ပါမောက္ခဦးခင်မောင်ဝင်း(အသည်း)၏ အသည်းရောင်အသားဝါနောက်ဆုံးပေါ်ကုသနည်းဟောပြောပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်၍ မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၁-၂-၂၀၁၄ရက် (သောကြာနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီ
ကျင်းပမည့်နေရာ - UMFCCI ခန်းမ
မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ် ၇၇၆၊ မြေကွက်တည်နေရာအမှတ် ၇၇၆၊ သုမိတ္တာ (၉)လမ်း၊ (၁)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ် ဦးထွန်းလွင် ၁၂/ဥကမ(နိုင်)၀၇၃၇၇၇ အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှထွန်း ၁၄/ကပန(နိုင်)၀၅၈၄၉၅ နှစ်ဦးအနက် အမည်ပေါက် ဦးလှထွန်း(ဖခင်)၊ ဒေါ်ခင်ကြည်(မိခင်) တို့ ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းဦး ၁၄/ကပန(နိုင်) ၀၅၈၄၆၂ က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဦးလှထွန်း အစုအတွက် ပူးတွဲ အမည်ပေါက် ဦးထွန်းလွင်နှင့်အတူ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၉၁၄ (၁၆-၁၂-၁၃)ဖြင့်ရရှိသူဒေါ်ခင်ခင်ရီ ၁၂/စခန(နိုင်)၀၅၄၄၇၉ က ပါဝါမရုပ်သိမ်းကြောင်းနှင့်ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၈၊ မြေကွက်အမှတ် ၁၃၆၊ မြေကွက်တည်နေရာအမှတ် ၁၃၆၊၁၃၈ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဒေါ်ကြူကြူဆွေ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ကြူကြူဆွေ ၁၂/သလန(နိုင်)၀၁၂၅၅၇ မှ ပါမစ်ပျောက်ဆုံးကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံတကာစံညွှန်းနှင့်ကိုက်ညီသော နည်းပညာများ မျှဝေပေးရန် သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုအသင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကို အဓိကလုပ်ဆောင်သည့် မြန်မာပိုင်ကုမ္ပဏီများစုပေါင်းဖွဲ့စည်းထားသော မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းရှင်များက အတွေ့အကြုံ၊ အသိပညာများကို အသင်းဝင်လုပ်ငန်းရှင်များအား မျှဝေကာ အကူအညီများ ပေးမည်ဖြစ်ပြီး ပြည်ပကုမ္ပဏီများနှင့် ဒေသခံများအကြား အဆင်ပြေမှုရှိရေး၊ မျိုးဆက်သစ်အင်ဂျင်နီယာများအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုင်းဆိုင်ရာသင်တန်းများပို့ချခြင်းနှင့် အလုပ်အကိုင်ရရှိစေရေးအကူအညီများ ပေးအပ်သွားမည်ဖြစ်သည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် နိုင်ငံခြားဝင်ငွေရရှိမှု ဒုတိယအများဆုံးဖြစ်ပြီး သဘာဝဓာတ်ငွေ့ရောင်းချရမှုဝင်ငွေမှာ အမြင့်ဆုံးတွင်ရှိနေသည်။

"နိုင်ငံတကာစံနှုန်းနဲ့ တိုင်းတာကြည့်မယ်ဆိုရင် ရေနံနဲ့သဘာဝဓာတ်ငွေ့လုပ်ငန်းတွေမှာ လုပ်ကိုင်တဲ့ အင်ဂျင်နီယာတွေရဲ့ဝင်ငွေက တစ်နေ့ကို ဒေါ်လာ ၁၀၀၀ ကနေ ၁၅၀၀ ကြားမှာရရှိပါတယ်။ ကျွန်တော်တို့ မြန်မာအင်ဂျင်နီယာတွေကိုလည်း အဲဒီလို ရရှိနိုင်အောင်မြှင့်တင်ပေးဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့ အသင်းက အသင်းဝင်ကုမ္ပဏီတွေအနေနဲ့ သူတို့လိုအပ်တဲ့အရည်အချင်းရှိတဲ့ အင်ဂျင်နီယာတွေ ခေါ်ယူပေးဖို့ ပြောပါတယ်။ တကယ်လည်း လိုအပ်နေတာကြောင့် ကျွန်တော်တို့ အသင်းနဲ့ဆက်သွယ်ပါ။ အသင်းဝင် ကုမ္ပဏီတွေကိုလည်း ကျွန်တော်တို့ရဲ့ အနှစ် ၂၀ ကျော်က ကြုံတွေ့ခဲ့တဲ့ အတွေ့အကြုံတွေ၊ အခက်အခဲတွေ ဖြေရှင်းရင်းနဲ့သိရှိလာတဲ့ အသိပညာတွေ ဖြန့်ဖြူးပေးမှာ ဖြစ်ပါတယ်။ တာဝန်ခံနိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေဖြစ်ဖို့ အကူအညီပေးသွားပါမယ်"ဟု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ပိုင်ဆိုင်မှုမှာ ပြည်တွင်းကုမ္ပဏီများက ၂၀ ရာခိုင်နှုန်းသာရှိပြီး ပြည်ပကုမ္ပဏီများက ၈၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ပြည်တွင်းကုမ္ပဏီများအနေဖြင့် နည်းပညာရပ်များမြင့်မားရန်၊ ငွေကြေးခိုင်မာမှုရှိရန်နှင့် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာလုပ်ငန်းများတွင် အဆင့်မြှင့်ရန် လိုအပ်ချက်များ ရှိနေသည်။

မြန်မာနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုအသင်းကို ၂၀၁၃ ခုနှစ် မေလက ဖွဲ့စည်းခဲ့ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်မှုလုပ်ငန်းများ၌ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသော ဝန်ဆောင်မှုများပေးရေး၊ တိုင်းရင်းသားပိုင်ကုမ္ပဏီများ ပိုမိုပါဝင်နိုင်စေရေး၊ ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေး ပညာပေးလေ့ကျင့်မှုများ ဆောင်ရွက်ရေး၊ ထိခိုက်မှုအန္တရာယ်အနည်းဆုံး လုပ်ငန်းခွင်ဖြစ်စေရေး၊ လုပ်ငန်းအားလုံးတွင် ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းသော လုပ်ငန်းခွင်ဖြစ်စေရေးတို့အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ **မြတ်စန္ဒီသင်းဇော်**

နယ်သတင်းတိုများ

လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

ကမ္ဘာ့ဘဏ်၏ထောက်ပံ့မှုဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို ကန်ပက်လက်မြို့၊ နမ့်ဆန်မြို့နှင့် ကွန်းစုမြို့နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးရွာများအနေဖြင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ကျေးရွာအုပ်စုအဆင့်၊ ကျေးရွာအဆင့် စီမံကိန်းအထောက်အကူပြုကော်မတီများဖွဲ့စည်းခြင်း၊ ကော်မတီခွဲများဖွဲ့စည်းခြင်း၊ ကျေးရွာအုပ်စုအတွက် ဘဏ်စာရင်းဖွင့်လှစ်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း၊ အစီအစဉ်များကို ကျေးရွာအုပ်စုအဆင့်သို့ တင်ပြ၍ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲထားခဲ့သည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နည်းပညာအကူအညီပေးရေးအဖွဲ့မှ အကြံပေးများ၊ လူထုစည်းရုံးရေးမှူးများက ပြည်ထောင်စုအဆင့် စီမံကိန်းရုံးမှတာဝန်ရှိသူများနှင့် နည်းပညာအကူအညီပေးရေးအဖွဲ့ဝင်များပူးပေါင်းပြီး စီမံကိန်းမြို့နယ်အသီးသီးသို့ သွားရောက်၍ လူထုစည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ စီမံကိန်းအကောင်အထည်ဖော်မည့် ကျေးရွာများတွင် ကျေးရွာလူထုကိုယ်တိုင် စီမံကိန်းလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်စေရန် ဆွေးနွေးပေးကြောင်း သိရသည်။ **သိမ့်သိမ့်မိုး**

ချောင်းရေတိုက်စားခံရသည့် ထိုမာရေသွင်းမြောင်းကို စက်ယန္တရားကြီးများဖြင့်ပြန်လည်ပြုပြင်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ထိုမာရေသွင်းမြောင်းသည် ၂၀၁၃ ခုနှစ်စက်တင်ဘာလအတွင်းက ထူးကဲမိုးရွာသွန်းမှုကြောင့် မြောင်းအရှည် (၂၅၀)ပေခန့်ချောင်းရေတိုက်စားကာ ကျိုးပြတ်သွားခဲ့မှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး၏ လမ်းညွှန်မှာကြားချက်အတိုင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးမောင်ထူးသည် အနီးကပ်ကြီးကြပ်ကာ လုပ်ငန်းများ အမြန်ပြီးစီးရေး ဆောင်ရွက်လျက်ရှိသည်။ အဆိုပါမြောင်းကို စက်ယန္တယားကြီးများဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ထိုမာရေသွင်းမြောင်းသည် လယ်ဧက(၂၁၀)ကျော်အား နှစ်စဉ်နွေစပါး၊ မိုးစပါးအတွက် စိုက်ပျိုးရေပေးဝေလျက်ရှိသော ရေသွင်းမြောင်းဖြစ်ရာ မြောင်းကိုကြံ့ခိုင်ကောင်းမွန်စေရေးအတွက် ဘောင်ဖို့ခြင်းလုပ်ငန်းများအပြင် လယ်မြေဧက(၂၀၀)ကျော်အား ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် တာဘောင်တစ်ခုအဖြစ် စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချောင်းရေတိုက်စားမှုမှ ကာကွယ်ရန် ရေသွင်းမြောင်း၏ အပြင်တွင် မျှောပိုင်ရိုက်ခြင်း၊ မျှောပိုင်များအား ချုပ်တန်းများထည့်ကာ ကျောက်ဖြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ ရေသွင်းမြောင်း ပြန်လည်ပြုပြင်နိုင်ရန်အတွက် နိုင်ငံတော်သီးသန့်ရန်ပုံငွေမှ ကျပ်သန်း(၁၀ ဒသမ ၆)သန်း အကုန်အကျခံဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုဘဏ္ဍာနှစ် အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။ **သျှင်နေမင်း**

လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအတွက် လိုင်စင်များထုတ်ပေးနေသဖြင့် လာရောက်လျှောက်ထားသူများပြားလာ

ဖျာပုံ ဖေဖော်ဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၈ ရက်မှစတင်၍ သာသနာ့ဗိမာန်တော်ကြီးတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မအူပင်ခရိုင် အကောက်ခွန် ဦးစီးမှူး၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လုပ်ဆောင်ပေးလျက်ရှိသည်။

လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များမှတ်ပုံတင်ခြင်းလုပ်ငန်းကို လုပ်ဆောင်ပေးရာတွင် မအူပင်ခရိုင်အတွင်းရှိ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ၊ မအူပင်မြို့နယ်များမှ ပြည်သူများ၏ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအပြင် ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များမှ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကိုလည်း မှတ်ပုံတင်ခြင်းလုပ်ငန်းများလုပ်ဆောင်ပေးမည်ဖြစ်သည်။ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ထွန်းက "ကျွန်တော်တို့ တာဝန်ရှိတဲ့ဌာနဆိုင်ရာတွေပူးပေါင်းပြီး စီမံချက်ကာလမှာ ရုံးဖွင့်ရက် ရက် ၉၀ အတွင်း နေ့စဉ် နံနက် ၉ နာရီကနေ ညနေ ၄ နာရီခွဲအထိ တာဝန်ယူ လုပ်ဆောင်ပေးမှာပါ။ လိုင်စင်မဲ့ဆိုင်ကယ်ပိုင်ရှင်တွေက မိမိတို့ဆိုင်ကယ်တွေကို အချိန်စောစောလာရောက်မှတ်ပုံတင်မယ်ဆိုရင် တန်းစီရတဲ့အချိန်နည်းပြီး အချိန်တိုတိုအတွင်း စိတ်ချမ်းသာစွာ လုပ်ဆောင်နိုင်မှာပါ။ သတ်မှတ်ရက်ကုန်ခါနီးမှ ရက်ကပ်ပြီး မှတ်ပုံတင်ခြင်းလုပ်ငန်း လုပ်မယ်ဆိုရင် ဆိုင်ကယ်စီးရေများပြီး အချိန်ပေးတန်းစီရတာတွေကြုံနိုင်ပါတယ်" ဟုပြောကြားသည်။ **ချမ်းသာ(ဖျာပုံ)**

ကျိုက်လတ်မြို့နယ် ကျေးလက်လမ်းတံတား တည်ဆောက်ရေးဆောင်ရွက်

ကျိုက်လတ် ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်အတွင်းရှိ ဆောင်ရွက်လျက်ရှိသော လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးကြည်စောနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၇ ရက်က ကွင်းဆင်းကြီး ကြပ်ခဲ့သည်။အဆိုပါ ကျုံကျိုက်-ကျောင်းစုလမ်းမှာ အရှည်ပေ ၇၀ ရှိ သံကူ ကွန်ကရစ်တံတားတစ်စင်းကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၅ ဒသမ ၀၀ သန်းဖြင့် ရွှေနွယ်ဘွားဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး အဆိုပါတံတားပြီးစီးသွားပါက ထိုဒေသအတွင်းရှိ အိမ်ထောင်စု ၃၆ စုနှင့် လူဦးရေ ၁၉၇ဦးတို့ကို အကျိုးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ဇော်မင်း(iprd)**

၁၂-၂-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍ စာမျက်နှာ (၄)တွင် ဒေါ်ထွေးကြည်နှင့် အများသိစေရန် ကြေညာချက်နှင့်ပတ်သက်၍ ဦးအေးကိုကို ၆/ထဝန(နိုင်)၀၀၂၁၁၄နှင့် တရားလွှတ်တော်ရှေ့နေ ဦးဝင်းမြင့်(လက်ပံတန်း)အပါအဝင်

အများသိစေရန် ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ် ၁၆၀(အေ)-ပထမထပ်တွင် နေထိုင်သူ ဒေါ်ထွေးကြည် ၁၂/မဂတ(နိုင်)၀၁၇၄၁၂၏ လွှဲအပ်ညွှန်ကြားချက်အရ ရှင်းလင်းကြေညာအပ်ပါသည်။

၁။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ် ၁၆၀(အေ)၊ သတ္တမထပ် (၇-အေ)တိုက်ခန်းနှင့်ပတ်သက်ပြီး ဦးအေးကိုကို၏ လွှဲအပ်ချက်အရ အထက်ပါရှေ့နေကြီးက ဒေါ်ထွေးကြည်ထံ ၇-၂-၂၀၁၄ရက်စွဲပါ အကြောင်းကြားစာဖြင့် အကြောင်းကြားခဲ့သဖြင့် ဒေါ်ထွေးကြည်ကလည်း ၁၃-၂-၂၀၁၄ရက်တွင် အကြောင်းပြန်ကြားပြီး ဖြစ်ပါသည်။

၂။ ယခုတစ်ဖန် အထက်ပါပုဂ္ဂိုလ်များက သတင်းစာမှ ထည့်သွင်း၍ ထပ်မံကြေညာနေခြင်းသည် မဟုတ်မမှန်လုပ်ကြံပြုလုပ်ထားသောစာချုပ်(အတု)များအား အစစ်အမှန်သဖွယ် အသုံးပြုနိုင်ရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ပါသည်။

၃။ ဒေါ်ထွေးကြည်သည် အထက်ပါစက်ရုံလမ်းရှိ မြေနှင့်အဆောက်အအုံများ၏ အမွေဆိုင်တစ်ဦးဖြစ်ပါသည်။ ဦးအေးကိုကိုနှင့် ၎င်း၏ရှေ့နေကြီးတို့မှာ လေးခန်းတွဲတိုက်ဟု မမှန်မကန်ဖော်ပြနေသော်လည်း ယင်းအမွေဆိုင်မြေပေါ်တွင် ဆောက်လုပ်ထားသည်မှာ ခြောက်ခန်းတွဲတိုက်ဖြစ်ပါသည်။

၄။ အထက်ပါ (၇-အေ)တိုက်ခန်းအပါအဝင် အမှတ် (၁၆၀-အေ)ရှိ တိုက်ခန်း ရှစ်ခန်းအား ဒေါ်ထွေးကြည်က ပိုင်ဆိုင်ပါသည်။ မည်သည့်သား/သမီးကိုမျှ အမွေခွဲပေးခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်းများ ပြုလုပ်ထားခြင်းမရှိပါ။ မည်သည့်စာချုပ်ကိုမျှလည်း ဒေါ်ထွေးကြည်က လက်မှတ်ရေးထိုးရောင်းချခြင်း၊ လွှဲပြောင်းခြင်း မပြုခဲ့ပါ။ ဒေါ်ထွေးကြည်လက်မှတ်ထိုးထားသော ၁၂-၂-၁၉၉၇ အခန်းရောင်းစာချုပ်ဟု ဦးအေးကိုကိုက ပြောနေသည်မှာ စာချုပ်အတုသာဖြစ်ပါသည်။ ဒေါ်ထွေးကြည်၏ လက်မှတ်အမှန်မဟုတ်ပါ။ ထိုနည်းတူ ကျန်သားတစ်ဦးဖြစ်သူ ဦးညွန့်အောင်မှလည်း ထိုစာချုပ်မျိုးမည်သည့်အခါမှ လက်မှတ်မထိုးခဲ့ပါ။ တိုက်ခန်းများအလွှဲအပြောင်းလုပ်လျှင် အမွေဆိုင်အားလုံး စာချုပ်တွင်လက်မှတ်ရေးထိုးမှ တရားဝင်မည်ဖြစ်ပါသည်။

၅။ ဒေါ်ထွေးကြည်သည် အမှတ် ၁၆၀-အေ ပထမထပ်တွင် နေထိုင်ပါသည်။ ဒေါ်ထွေးကြည်ပိုင်ဆိုင်သော တိုက်ခန်း ရှစ်ခန်းနှင့်ပတ်သက်၍ ဝယ်ယူခြင်း၊ လွှဲပြောင်းခြင်းကိစ္စများ အမှန်တကယ်ဆောင်ရွက်ပါလျှင် ဒေါ်ထွေးကြည်ထံမေးမြန်းစုံစမ်း၍ ရပါလျက်နှင့် ချွေးမဖြစ်သူ ဒေါ်ဇင်မာသွင်နှင့် ဦးအေးကိုကို၏ ငွေကြေးအရှုပ်အရှင်းကိစ္စများ ပေါ်ပေါက်မှ ဒေါ်ထွေးကြည်က တိုက်ခန်းရောင်းထားကြောင်း၊ လက်ရှိမပိုင်တော့ကြောင်း အများသိအောင် ကြေညာနေခြင်းသည် ဒေါ်ထွေးကြည်၏ဂုဏ်သိက္ခာကို ထိပါးနေခြင်းဖြစ်ပါသည်။

၆။ ဦးအေးကိုကိုအနေဖြင့် ဒေါ်ဇင်မာသွင်နှင့် ငွေချေးသည့်ကိစ္စများကို မိမိတို့သာလျှင် ဖြေရှင်းရန်လိုအပ်ပါသည်။ ဒေါ်ထွေးကြည်နှင့် မသက်ဆိုင်ပါ။ ဒေါ်ထွေးကြည်သည် ဦးအေးကိုကိုနှင့် ဒေါ်ဇင်မာသွင်တို့၏ ငွေကြေးကိစ္စများကို ယခင်က သိရှိခြင်းလည်းမရှိပါ။ မည်သူကမှလည်း လာရောက်မေးမြန်းခြင်းမရှိပါ။ ဒေါ်ဇင်မာသွင်နှင့် အဆက်အသွယ်မရတော့ မှ ဒေါ်ထွေးကြည်အား လာရောက်ပတ်သက်နေခြင်းသည် သဘာဝကျသောကိစ္စမဟုတ်ပါ။

၇။ ဒေါ်ထွေးကြည်သည် ယနေ့ထိဖော်ပြပါ တိုက်ခန်းရှစ်ခန်း၏ပိုင်ရှင်ဖြစ်သကဲ့သို့ လက်ရှိနေထိုင်သူလည်းဖြစ်ပါသည်။ ဦးအေးကိုကို၏ လက်ဝယ်တွင်သော်လည်းကောင်း၊ အခြားသူများ၏လက်ဝယ်တွင်သော်လည်းကောင်း၊ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်ထွေးကြည် အမည်ပါစာချုပ်စာတမ်းများရှိနေပါလျှင် ယင်းစာချုပ်များသည် ဒေါ်ထွေးကြည်ကိုယ်တိုင် ချုပ်ဆိုလက်မှတ်ရေးထိုးထားသော စာချုပ်များမဟုတ်ဘဲ ဒေါ်ထွေးကြည်၏ လက်မှတ်မှာ(အတု)သာဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်ထွေးကြည်အမည်ပါ စာချုပ်များကို အသိအမှတ်ပြုမည်မဟုတ်ကြောင်း ဦးအေးကိုကိုနှင့် အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်ထွေးကြည်၏သဘောတူညီလွှဲအပ်ချက်အရ-
ဦးဇော်ဝင်း(ဝါးခယ်မ)
တရားလွှတ်တော်ရှေ့နေ(၅၄၆၅)
အမှတ် ၂၄(၆)၊ သမိန်ဗရမ်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၄၂၅၂၈၀၅၃၄

ဒေါ်သက်ရှိ

01-544680, 01-541041

01-242215, 0973026321

အိန္ဒိယဆရာဝန်ကြီးလာရောက်မည်

India နိုင်ငံမှ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာ အထူးကုဆရာဝန်ကြီးနှင့်နှလုံးနှင့်သွေးကြော ခွဲစိတ်အထူးကုဆရာဝန်ကြီးတို့သည် မတ်လ ၁ရက်နှင့် ၂ရက်တို့တွင် လာရောက်ရန်ရှိပါသဖြင့် မြန်မာဗားတက်(စ်) ကုမ္ပဏီလီမိတက်၊ အခန်း (၁၃၀၈)၊ ပုလဲကွန်ဒို(စီ)ဆောင်၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၉-၅၁၇၃၆၇၁၊ ၀၉-၄၂၀၀၄၅၆၂၄၊ ၀၉-၄၂၁၁၂၆၄၅၂၊ ၀၉-၄၂၀၀၂၄၃၄၉၊ ၀၉-၄၂၂၄၆၉၂၀၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လစာကောင်းကောင်းပေးမည်

တောင်ဒဂုံစက်မှုဇုန်(၁)၊ သစ်အချောထည်ထုတ်လုပ်သည့်စက်ရုံတွင် Band Saw ကျွမ်းကျင် (၅)ဦး အလိုရှိသည်။ အဆောင်ပေးမည်။ ထမင်းကျွေးမည်။ **ဖုန်း-၀၉-၅၁၀၇၈၃၂၊ ၀၉-၅၁၀၇၈၃၀**

ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊၂၄ရပ်ကွက်၊ ရွှေယင်းမာ ၃လမ်း၊ ကြာကန်ဘုန်းကြီးကျောင်းရှေ့၊ နှစ်ထပ်တိုက်(အုတ်ပတ်ကား)၊ ပေ(၂၅×၆၀) ပါမစ်မြေ(ထောင့်ကွက်)၊ **ရေ၊ မီးအစုံ၊ ကျပ်သိန်း ၄၇၀။**

ဖုန်း-၀၉-၅၁၇၂၅၈၀၊ ၀၉-၇၃၀၉၉၈၇၂

ငါးပိ၊ ငါးခြောက်ကုန်သည်များ ပင်လယ်ကမ်းခြေ ရေလုပ်ငန်းဈေးကွက်သို့ တိုက်ရိုက်လာရောက်ဝယ်ယူ

ဖျာပုံ ဖေဖော်ဝါရီ ၁၉

ဖျာပုံမြို့နယ် ပင်လယ်ကမ်းခြေဒေသများရှိ အရှေ့ဖျား၊ နောက်မီး၊ ဘုန်းကြီးသောင်၊ ဂေါ်ဒူ၊ ထောင်ကြီးတန်းနှင့် ဂယက်ကြီးကျေးရွာများသို့ မြန်မာနိုင်ငံအထက်ပိုင်းဒေသများမှ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်ကုန်သည်များက တိုက်ရိုက်လာရောက်ဝယ်ယူမှုရှိကြောင်း အရှေ့ဖျားကျေးရွာမှ ပုစွန်ခြောက်ကုန်သည် ဒေါ်သောင်းငြိမ်းက ပြောကြားသည်။

မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများမှထွက်ရှိလာသည့် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များကို ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံဈေးကွက်သို့ တင်ပို့ရောင်းချကြသည်။ မြန်မာတစ်နိုင်ငံလုံးရှိ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်ကုန်သည်များမှာ ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံဈေးကွက်နှင့် သီရိမင်္ဂလာကုန်စိမ်းဈေးကြီးရှိ ငါးခြောက်ဈေးကွက်များမှဝယ်ယူကြပြီးအခြားဒေသများတွင် ပြန်လည်ရောင်းချကြသည်။ ထို့ကြောင့် ရန်ကုန်မြို့ရှိ ဘုရင့်နောင်ပွဲရုံဈေးကွက်နှင့် သီရိမင်္ဂလာကုန်စိမ်းဈေးကြီးရှိ ငါးခြောက်ဈေးကွက်များမှာ မြန်မာနိုင်ငံအထက်ပိုင်းမှ ရေထွက် ပစ္စည်းဝယ်ယူလိုသူ ကုန်သည်များနှင့် မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများမှ ပင်လယ်ရေလုပ်သားများနှင့် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်ကုန်သည်များ၏ အားထားရာ ရေလုပ်ငန်းဈေးကွက်ကြီးများဖြစ်သည်။

မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများတွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာခြင်းကြောင့် ကုန်စည်စီးဆင်းမှု အဆင်ပြေလွယ်ကူလာခဲ့သည်။ ထို့ကြောင့် မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေပင်ရင်းဈေးကွက်များမှ အထက်အညာဒေသ ဈေးကွက်များသို့လည်းကောင်း၊ အထက်အညာဒေသ ဈေးကွက်များမှလည်း ကမ်းခြေပင်ရင်းဈေးကွက်များအထိလည်းကောင်း ဘုရင့်နောင်နှင့် သီရိမင်္ဂလာဈေးကွက်များကိုကျော်ကာ တိုက်ရိုက်ဆက်သွယ် ဈေးကွက်ချဲ့ထွင်လာသည်။

ထို့ကြောင့် ပင်လယ်ရေလုပ်ငန်းရာသီသို့ ရောက်ရှိလာပါက ကမ်းခြေပင်ရင်းဈေးကွက်များတွင် အညာဒေသမှ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်ကုန်သည်များနှင့် ဈေးကွက်သွက်လက်လှုပ်ရှားနေလေ့ရှိကြောင်း သိရသည်။ အထက်အညာဒေသများမှ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်ကုန်သည်များမှာ ဘုရင့်နောင်နှင့် သီရိမင်္ဂလာ ငါးခြောက်ဈေးကွက်မှ ဝယ်ယူသည်ထက် ဈေးနှုန်းပိုမိုသက်သာသည့် ရေထွက်ကုန်များကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်သောကြောင့် ပိုမိုတွက်ခြေကိုက်ကြောင်း၊ ကမ်းခြေဒေသခံရေလုပ်သားများနှင့် ကုန်သည်တွေအနေဖြင့်လည်း ရန်ကုန်မြို့ရှိ ပွဲရုံဈေးကွက်များသို့ တင်ပို့ရောင်းချရသည်ထက် ဈေးနှုန်းပိုမိုရရှိသည့်အပြင် ပွဲရုံဈေးကွက်များသို့ တင်ပို့ရောင်းချရသည့် စရိတ်ကုန်ကျမှုများ သက်သာမှုရှိသဖြင့် ပိုမိုအဆင်ပြေတွက်ခြေကိုက်ကြကြောင်း ကမ်းခြေဒေသမှ မုံရွာမြို့တွင် ရေထွက်ကုန်ပစ္စည်း လက်ကားဆိုင်ဖွင့်လှစ်ရောင်းချနေသူ ကိုကျော်ဦးက ပြောသည်။ ယခုနှစ် ပင်လယ်ရေလုပ်ငန်းရာသီ ကမ်းခြေဈေးကွက်များတွင် အထူးသဖြင့် မုံရွာ၊မကွေး၊မန္တလေးနှင့် ရေစကြိုဒေသမှ လာရောက်ဝယ်ယူမှုများ ရှိနေကြောင်း သိရသည်။



ပင်လယ်ကမ်းခြေနှင့် မြစ်ဝကျွန်းပေါ်ဒေသများမှ ထွက်ရှိသည့် ငါးပိ၊ ငါးခြောက်နှင့် ပုစွန်ခြောက်များကို မြန်မာနိုင်ငံအရပ်ရပ်သို့ တင်ပို့ရောင်းချလျက်ရှိသည်။

သတင်းနှင့်ဓာတ်ပုံ-မင်းသစ္စာလှိုင်

ခင်မကန်နှင့် တဲရွာ ကျေးရွာများ ကိုယ်ပိုင်လျှပ်စစ်မီးရယူသုံးစွဲနိုင်ပြီ

မြင်းခြံ ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ခင်မကန်ကျေးရွာနှင့်တဲရွာကျေးရွာတို့၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီး ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၅ နာရီ ၂၀ မိနစ်က ခင်မကန်ကျေးရွာရှိ ဓာတ်အားခွဲရုံရှေ့တွင် ကျင်းပခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ မြင်းခြံခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မြင့်နှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဝန်ကြီးက ကျေးရွာနေပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် အချိန်ကာလတိုအတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် များစွာဝမ်းမြောက်ကြောင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်များတွင် လျှပ်စစ်မီးရရှိရေးသည် အဓိကအချက်တစ်ချက်အဖြစ်ပါဝင်ကြောင်း ပြောကြားခဲ့သည်။

ခင်မကန်ကျေးရွာနှင့်တဲရွာကျေးရွာတို့တွင် အိမ်ခြေပေါင်း ၃၀၀ ခန့်ရှိပြီး လျှပ်စစ်မီတာအလုံးရေ ၂၂၂ လုံးကို တပ်ဆင်အသုံးပြုလျက်ရှိသည်။ လျှပ်စစ်မီးသွယ်တန်းရေးအတွက် ကုန်ကျငွေ စုစုပေါင်းမှာ ကျပ်သိန်း ၈၅၀ ကုန်ကျခဲ့ရာ ယခုအခါတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ကမ္ဘာ့စွန်အလှပြပွဲတော်သို့ ငှက်တော်နှင့် မြွေပုံသဏ္ဌာန်စွန်များဖြင့် မြန်မာဝင်ရောက်ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မလေးရှားနိုင်ငံတွင် ကျင်းပနေသည့် ကမ္ဘာ့စွန်အလှပြပွဲတော်သို့ မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ်က သွားရောက်ပါဝင်ပြသလျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ ဂျဟိုးမြို့နှင့်ကီဒက်ရှ်မြို့တွင် ကျင်းပသည့် ကမ္ဘာ့စွန်အလှပြပွဲတော်ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ စွန်အလှနှစ်မျိုးကို သွားရောက်ပါဝင်ပြသမည်ဖြစ်သည်။

"ပြိုင်ပွဲက နှစ်မျိုးဖြစ်ပါတယ်။ ဂျဟိုးမြို့မှ (၁၉)ကြိမ်မြောက် ကမ္ဘာ့စွန်အလှ ပြိုင်ပွဲနဲ့ ကီဒက်ရှ်မှာ ကျင်းပမယ့် ပထမအကြိမ် စွန်အလှပြိုင်ပွဲတွေ ကျင်းပတာဖြစ်ပြီး မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ်က တာဝန်ရှိသူတွေ သွားရောက်ယှဉ်ပြိုင်နေပါတယ်။ စွန်အလှပညာရှင် ဦးမြင့်မောင်ရဲ့ ဖန်တီးထားတဲ့ လက်ရာငှက်တော်ပုံသဏ္ဌာန်စွန်နဲ့ မြွေပုံသဏ္ဌာန်စွန်တွေကို ပြသယှဉ်ပြိုင်လျက်ရှိပါတယ်။ အလှပြစွန်တွေကို ဝါးနဲ့ပြုလုပ်ထားတာဖြစ်ပြီး ပြိုင်ပွဲမှာ အနိုင်ရရှိဖို့လည်း မျှော်လင့်ထားပါတယ်"ဟု ရိုးရာအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြောကြားသည်။

ကမ္ဘာ့နိုင်ငံများနှင့် အာဆီယံ ၁၀ နိုင်ငံတို့ ပါဝင်ပြသယှဉ်ပြိုင်ကြသည့် ကမ္ဘာ့စွန်အလှပြပွဲတော် Pasir Gudang World Kite ပြိုင်ပွဲကို ယနေ့မှစ၍ ဖေဖော်ဝါရီ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ခင်ရတနာ

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ် -၂

ကွယ်လွန်သူ ဦးနူးမာမက် (Noon Mohameed)၏ ကျန်ရှိရစ်သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁-E မြေကွက်အမှတ် ၇၀၊ ဧရိယာ ၀.၁၁၃ဧက ၀ဒသမ၁၂၅ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၀၉)လမ်း၊ အမှတ် (၄၇)နေအိမ်နှင့် စပ်လျဉ်းသည့်အမှု

ဒေါ်စကီနာ **လျှောက်ထားသူ**

အမှတ် (၁၁)၊ ၉၆လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ နေထိုင်ခဲ့သောကွယ်လွန်သူ ဦးနူးမာမက်၏ ကျန်ရစ်သောပစ္စည်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁-E မြေကွက်အမှတ် ၇၀၊ ဧရိယာ ၀ဒသမ၁၂၅ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၄၇)၊ (၁၀၉)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟုခေါ်တွင်သော နေအိမ်အပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်စကီနာက အမွေဆက်ခံခြင်းအက် ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (၁၃၇၅ခုနှစ် တပို့တွဲလကွယ်နေ့) နံနက် ၁၀း၀၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးနူးမာမက်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အားအဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (၁၃၇၅ခုနှစ် တပို့တွဲလကွယ်နေ့) နံနက် ၁၀း၀၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်စကီနာ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မေရီ)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း (Myanmar Liquor Association) မှ အသင်းသားသစ်များ ဖိတ်ခေါ်ခြင်း

တိုင်းနှင့်ပြည်နယ်အသီးသီးတွင်ရှိကြသော ယမကာလုပ်ငန်းရှင်များ၊ ဖြန့်ဖြူးရောင်းချသော လက်လီလက်ကား လုပ်ငန်းရှင်များအနေဖြင့် အသင်းသို့အသင်းဝင်အဖြစ် ပါဝင်လိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

မြန်မာနိုင်ငံယမကာ
ထုတ်လုပ်ဖြန့်ဖြူးသူများအသင်း

စုံစမ်းမေးမြန်းဆက်သွယ်ရန်-
ဖုန်း-၀၉-၅၄၀၂၈၆၊ ၀၉-၅၁၀၈၉၃၅၊ ၀၉-၄၃၁၆၃၅၂၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄/သုဝဏ္ဏ) မြေကွက်အမှတ် ၂၈၊ လူနေရပ်ကွက်အမှတ် (သဃ်္ဃန်းကျွန်း)၊ အကျယ်အဝန်းပေ (၆၈၁၆) (၇၂/၇၇ပေ×၉၃/၉၀ပေ)ရှိ နှစ် ၆၀ဂရန်မြေအမျိုးအစား၊ သဇင်ပန်းလမ်း၊အိမ်အမှတ် (၅၄/၂၈) ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြေငှားစာချုပ်အမှတ် (၁၄၉/၉၇)၊ အမှုတွဲအမှတ် (သဃက-သစ် ၂၄၁/၉၆)ဖြင့် ဒေါ်သော်ဇင်သိန်း ၁၂/ကကန(နိုင်) ၀၀၀၉၅၉ အမည်ပေါက်ဖြစ်ပြီး လက်ရှိပိုင်ဆိုင်နေထိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဇင်ဝေမိုး	**ဒေါ်ဇာဇာဝင်း**	**ဒေါ်သဇင်နွယ်**
စဉ်-၃၉၀၀၄	**စဉ်-၄၁၁၂၃**	**စဉ်-၃၀၅၄၂**
ဖုန်း-၀၉-၇၃၁၆၁၂၃၂	**ဖုန်း-၀၉-၄၂၅၀၁၈၂၇၆**	**ဖုန်း-၀၉-၄၃၁၈၆၀၂၅**

အထက်တန်းရှေ့နေများ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁

MGS Beverages Co.,Ltd. (၎င်း၏ကိုယ်စား-ကြီးကြပ်ရေးမှူး ဒေါ်သန္တာနိုင်) အမှတ် ၇/၈၊ ဗဟိုစည်အိမ်ရာ၊ ဗိုလ်ချုပ်လမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ **နှင့်** ၁။ ဦးစိုးလွင် ဘန့်ဘွေးကုန်းကျေးရွာ၊ ဆပ်သွားတောကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၂။ ဦးဂရိတ်ဖလေးနေ(ခ)ဦးပီတာမလာထူး သန္ဓေပင်ကျေးရွာအုပ်စု၊ သံတံတားကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သံတံတားကျေးရွာ၊ သန္ဓေပင်ကျေးရွာအုပ်စုနေ(၂) တရားပြိုင် ဦးဂရိတ်ဖလေးနေ(ခ)ဦးပီတာမလာထူး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တရားလို MGS Beverages Co.,Ltd. (၎င်း၏ကိုယ်စားကြီးကြပ်ရေးမှူး ဒေါ်သန္တာနိုင်)က "မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု"အား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၃ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်တို့ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စိုးမြင့်)
တွံ့ဖက်မြို့နယ်တရားသူကြီး၊ မင်္ဂလာဒုံမြို့နယ်တရားရုံး

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သုဝဏ္ဏနေ
ဗိုလ်မှူးချုပ်မောင်ဆက်(ငြိမ်း)တပ်မတော်(လေ) - ဒေါ်တင်အေးဝင်းတို့၏သား

ဒေါက်တာအောင်ကျော်ဆက်

M.B.,B.S., M.R.C.P. (U.K)
M.R.C.P. (Geriatric Medicine) U.K.
F.R.C.P. (Edinburgh)
Consultant Stroke Physician

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဗီလာနေ
ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ လူဇင်းဘတ်နှင့် ဥရောပသမဂ္ဂဆိုင်ရာသံအမတ်ကြီး ဦးပေါ်လွင်စိန် - ဒေါ်ခင်မီမီဝင်းတို့၏သမီး

မရတနာခိုင် @ Wendy Sein

Bachelor of Business Administration,
University of the Thai Chamber of Commerce (Bangkok)
Master of Business, Australian National University (Canberra)

တို့၏ ၇-၂-၂၀၁၄ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးစိုးအောင်၊ ၉-၂-၂၀၁၄ ရက်တွင် တောင်ကြီးပရိယတ္တိစာသင်တိုက်၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ၁၅-၂-၂၀၁၄ရက်တွင် အင်းလျားကန်ဟိုတယ်မင်္ဂလာခန်းမ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ချီးမြှင့်ပါသော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်များချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီး သရေစည်သူဦးမြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးဦးဉာဏ်ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၏ဇနီးဒေါ်ခင်သက်ဌေး၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ တရားလွှတ်တော်ချုပ်တရားသူကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ လုပ်ဖော်ကိုင်ဖက်များနှင့်ဇနီးများ၊ တပ်မတော်(လေ)မှ မိသားစုများ၊ သံအမတ်ကြီးများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှအရာထမ်း၊ အမှုထမ်းများနှင့်ဇနီးများ၊ ဗိုလ်သင်တန်း (၅၄)မှ ကျောင်းဆင်းအရာရှိများနှင့်ဇနီးများ၊ ဆရာဝန်ကြီးများနှင့် ဆေးတက္ကသိုလ်မှ သူငယ်ချင်းများ၊ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများ၊ ဧည့်သည်တော်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး ဦးညွန့်ဝေ၊ မင်္ဂလာအခါတော်ပေး ဒေါ်နှင်းရည်သန့်၊ Cupid တေးဂီတအဖွဲ့နှင့်အဆိုတော်များ၊ မင်္ဂလာရှေ့ဆောင်မအေးခိုင်ဆက်နှင့် မောင်ပြည့်ကောင်းဆက်၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မဠူစိန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော အိရွှေစင်သော်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်တင့်အိမ်ခန့်၊ သတို့သားအရံ တင်မောင်မြတ်၊ သတို့သမီးအရံ သိမ့်စန္ဒီထွန်း၊ မိတ်ကပ်နှင့်ဆံပင်အလှ မေဦးမောင်(တော်ဝင်သူ)နှင့်အဖွဲ့၊ Pre-wedding မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယို Forever Group၊ ပန်းအလှ Eternal Flowers၊ အင်းလျားကန်ဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ပြည်တွင်းပြည်ပမှ မင်္ဂလာလက်ဆောင်မွန်များနှင့် သဝဏ်လွှာပေးပို့ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာအောင်ကျော်ဆက်-မရတနာခိုင်

ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အထက (၁၃)၊ တတိယတန်း (A) မှ မောင်မင်းသုတ၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်ဦး ဖြစ်ပါကြောင်း။ **ဦးသန့်ဇင်ဦး**
၁၂/မဘန(နိုင်)၀၇၄၂၉၁

SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလို ဝယ်လိုပါသလား။
SEVEN စံ နဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက် ငွေပေးချေသည်။ **(ပွဲခ လုံးဝမယူပါ။)**
ဖုန်း-၀၁-၂၀၅၇၄၈
၀၉-၃၃၃၃၃၅၁၄
၀၉-၇၃၁၁၉၀၉၉

မင်္ဂလာဆုတောင်း

မောင်ဝဏ္ဏရဲမင်းဦး နှင့် **မသီရိဇော်**တို့၏ ၁၅-၂-၂၀၁၄ရက် Chatrium Hotel တွင် ကျင်းပသော မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၀၀)တိုင်အောင် ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင်နှင့် ဘဝခရီးလမ်းကို သာယာဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက်-

ကိုအောင်ဇော်-မနန်းကေသီလွင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/စီ၊ လူနေရပ်ကွက်အမှတ် - ၊ မြေကွက်အမှတ်-၄/၂၁၇၊ ဧရိယာ ၀ဒသမ၃၀၈ဧက၊ မြေအမျိုးအစား နှစ် ၆၀ဂရန်မြေပေါ်ရှိ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကာယ(၁၀)လမ်း၊ အမှတ် ၂၇၂ ဟုခေါ်တွင်သောမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးမျိုးခိုင် ၁၂/ဗဟန(နိုင်)၀၅၄၈၈၃ နှင့် ဒေါ်လှလှသန်း ၁၂/ဗဟန(နိုင်)၀၅၅၂၃၆ တို့ ပူးတွဲအမည်ပေါက်လျက်ရှိပြီး ခင်ပွန်းဖြစ်သူ ဦးမျိုးခိုင်ကွယ်လွန်သဖြင့် ပူးတွဲပိုင်ရှင် ဇနီးဖြစ်သူဒေါ်လှလှသန်းမှ တရားဝင်ဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးသန်းဦး **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ (စဉ်-၃၂၃၃၅) **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၆၇၃၉ Toyota Hilux LN107 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဂျက်ခမ်း ၁၃/တယန(နိုင်)၀၂၇၈၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ နေပြည်တော်**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ် ၇၁၂/က၊ မြေကွက်တည်နေရာအမှတ် ၅၃၊ ဇင်္ဂမလမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ညွန့်၊ ဒေါ်သန်းအမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်သန်းသည် အပျိုကြီးဘဝဖြင့် ကိတ္တိမ မွေးစားသားသမီးမရှိဘဲ ကွယ်လွန်ခဲ့ပါသဖြင့် ကျန်အမည်ပေါက် ဒေါ်ညွန့် မိခင်နှင့် ဖခင်ဦးကြိုင်(ခ)ဦးမောင်ကြိုင်တို့ အသီးသီးကွယ်လွန်သဖြင့် တူ၊ တူမနှင့် သားသမီးများဖြစ်သော ၁။ ဦးလှဝေ ၁၂/သကတ(နိုင်)၀၉၇၇၉၈၊ ၂။ ဦးလှမိုး ၁၂/သကတ(နိုင်)၀၉၇၆၀၆၊ ၃။ ဒေါ်ခင်ချိုဦး ၁၂/သကတ(နိုင်)၀၉၇၂၁၄၊ ၄။ ဦးခင်မောင်ထွန်း ၁၂/သကတ(နိုင်)၀၉၇၄၂၈ တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ အထက (၁၁)၊ အခြေခံပညာအထက်တန်းကျောင်း၊ တတိယတန်း(A)တွင် ပညာသင်ကြားနေသော ဦးမိုးခိုင်၏သား မောင်ကြယ်စင်လင်းအား မောင်ကောင်းဆက်ရဲရင့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းဆက်ရဲရင့်**

အမည်မှန်

ဦးအားဆန်၏သမီး ကျိုင်းတုံတက္ကသိုလ်၊ ပထမနှစ်၊ ပထဝီဝင်မှ မမီနန် ၁၃/ကတန(နိုင်)၁၃၅၃၃၀၏အမည်မှန်မှာ မအားလန် ဖြစ်ပါကြောင်း။ **မအားလန်**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ခ/၇၁၆၉ (Toyota Dyna Bu 67)ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းလီ ၁၃/ကတန(နိုင်)၁၀၆၁၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(တွဲဖက်ပြည်နယ်ရုံး)၊ ကျိုင်းတုံ

အမည်မှန်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)နေ ဦးရန်မျိုးနိုင် ၁၀/မလမ(နိုင်)၁၂၆၉၃၄၏သား အမက(၁)၊ စတုတ္ထတန်းမှ မောင်မျိုးသူရိန်လွှမ်းမိုး၏ အမည်မှန်မှာ မောင်ဟိန်းသုထက်လွှမ်းမိုး ဖြစ်ပါသည်။ **မောင်ဟိန်းသုထက်လွှမ်းမိုး**

အမည်ပြောင်း

မကွေးမြို့၊ အထက(၄) သတ္တမတန်း (A)မှ ဦးနိုင်ဝင်း ၁၂/မရက(နိုင်)၀၃၇၁၈၇၏သမီး မဆုမြတ်ရည်အား မဆုမြတ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။
မဆုမြတ်အောင်

အမည်ပြောင်း

မင်းဘူး(စကု)မြို့နယ်၊ မဲချောင်းရွာ၊ အမက (၉၈) ဒုတိယတန်းမှ ဦးဇော်လွင် ၈/မဘန(နိုင်)၁၁၆၈၉၉ ၏သား မောင်ဝေဖြိုးလွင်အား မောင်ကောင်းပြည့်ထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းပြည့်ထက်**

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်နန်းရှုန်ကြွယ် ၁၃/မဆန(နိုင်)၀၀၄၃၀၄ သည် တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ခတ္တာ ၂လမ်း၊ အိမ်အမှတ် ၄/၁၃၅၊ အလျားပေ ၈၀×အနံ ၆၂ ပေရှိ အိမ်၊ ခြံ၊ မြေနှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအား မောင်ပေါလို ၁၃/ကတန(နိုင်)၀၅၃၄၁၃ ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ ၁၀၅ ရေးကူးခွင့်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်နန်းရှုန်ကြွယ်
၁၃/မဆန(နိုင်)၀၀၄၃၀၄

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၅၁၈၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးအောင် ၉/ညဥန(နိုင်)၀၀၄၇၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၁၈၇၆၁၊ ZHI-NANG-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခန့်ဖြိုး ၁/ဗမန(နိုင်)၀၄၉၉၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
တောင်ငူခရိုင်တရားမရုံးတော်၌
၂၀၁၄ ခုနှစ် ဇာရီမှုအမှတ်-၂

မြဝတီဘဏ်လီမိတက်	နှင့်	၁။ ဦးထွန်းမြင့်
		၂။ ဒေါ်မြသိန်း
ဒီကရီရသူ		**တရားရှုံးများ**

၂၀၁၃ခုနှစ် တရားမမှုအမှတ် ၁၁တွင် စရိတ်များအပါအဝင် ငွေကျပ် ၁၉၉၅၈၈၆၂ကျပ် ၂၄ပြားအတွက် ဒီကရီအတည်ဇာရီပြုရာစာရင်း၌ ဖော်ပြထားသောပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၁၄ ခုနှစ် မတ် ၂၁ ရက် (၁၃၇၅ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာမှာ လေလံတင်ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးပစ္စည်းကို ရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါတရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင်တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့်ဆိုင်ရာ တည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျအခွင့်အရေးလွှဲအပ်သည့်ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက၊ ၎င်းတို့သို့ တစ်စုံတစ်ရာရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတည့်အလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ ဖော်ပြထားသည်။

ပစ္စည်းစာရင်း

အုတ်တွင်းမြို့၊ ကျောင်းရစ်ဆယ်ရွာ၊ အကွက်အမည် ၃၃၆-က၊ ကျောင်းရစ်ဆယ်အနောက်၊ ဦးပိုင်အမှတ် ၁၂၈/၁၄၊ မြေဧရိယာ ၀ဒသမ၁၈ဧကရှိ ဦးထွန်းမြင့်အမည်ပေါက် ဘိုးဘွားပိုင်မြေနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံအားလုံးနှင့် အကျိုးခံစားခွင့်များအားလုံး။

ကြမ်းခင်းဈေး ကျပ်သိန်း ၆၀၀။

ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာသမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မစကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။ **တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။**

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ခြင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့်ပြည့်စုံသူဖြစ်စေရမည့်အပြင် အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အတိုးမှာ နည်းပါးကြောင်း ထင်ရှား၍ လက်ခံရန်မသင့်မလျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်ကထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းအချက်တွင် ပစ္စည်းစုအသီးသီး၏ အတိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည့်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ ရက်မြောက်နေ့တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ တခြားရုံးပိတ်ရက်သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ ရက်မြောက်နေ့နောက်ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလအတွင်း ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင်၊ အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ နောက်တစ်ဖန်ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဦးရွှေ
ဒုတိယခရိုင်တရားသူကြီး(၂)
တောင်ငူခရိုင်တရားရုံး

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ဦးသူရစော B.Sc (Maths)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုန်ရိပ်သာ၊ အမှတ်(၇၀/ဈ)နေ(ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ငြိမ်း-ဒေါ်အေးရီ) တို့၏သားထွေး၊ ဦးသီဟစော(ညွှန်ကြားရေးမှူး၊ ငြိမ်း၊နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်သူဇာမြင့်ကြည်၊ ဒေါက်တာစိုပြေ-ဒေါက်တာကေသီစောတို့၏ညီ/မောင်၊ မောင်နန္ဒစောမြင့်မောင်၊ မခင်စိမ်းလန်း၊ မကြည်စင်အေး တို့၏ဦးလေးသည် ၁၇-၂-၂၀၁၄ရက် (တနင်္လာနေ့) ည ၉း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာ၊ ဘားလားစံပြကျေးရွာ၊ ကွင်းအမှတ် ၄၉၅/အေ၊ မြေကွက်အမှတ်-၂၁၄၊ အလျား ပေ ၁၀၀ အနံ ပေ ၁၂၀ ရှိ ဒေါ်ခင်စန်းရီ အက်စ်/အိုကေအေ-၀၅၂၁၁၅ အမည်ပေါက် ပါမစ်မြေကွက်အား အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဒေါ်ဝါဝါ ၁၃/တကန(နိုင်)၁၁၀၉၈၃ထံမှ ကျွန်မ၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်ဝင်းမြင့်(စဥ်-၄၉၄၂)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၆)၊ အနော်ရထာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၉-၅၁၂၀၈၅၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ ဗိုလ်စောနောင်လမ်း၊ မြေကွက်အမှတ်-၁၁၊ အလျား ပေ ၄၀×အနံပေ ၆၀ ခန့် အကျယ်အဝန်းရှိ ဦးလှရွှေ IMAG-၀၀၉၃၇၁အမည်ပေါက်သည့် မြေချပါမစ်မြေကွက်ကို ဦးလှရွှေထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းနိုင် ၁၂/ကမရ(နိုင်)၀၅၀၇၀၁ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကိုပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဆန်နီ(ပျဉ်းမနား)၊ အထက်တန်းရှေ့နေ(စဥ်-၁၆၉၅၁)
၁၀၃၇၊ သင်းဝင် ၅ လမ်း၊ ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၃၀၄၆၉၀၆၊ ၀၉-၄၃၁၃၆၁၈၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံအနောက်မြောက်ရပ်ကွက်၊ အနောက်အာဇာနည်လမ်း၊ အိမ်အမှတ်(၆)၊ (ခြောက်လွှာ)ခေါင်းရင်းခန်း၊ အကျယ်အဝန်း ပေ(၂၀×၄၀)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသူ ဒေါ်စန်းစန်း ၁၂/သဃက(နိုင်)၁၂၈၈၅၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းများ၊ စာချုပ်များဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်မျိုးသူ (စဥ်-၂၇၈၉၀) — **အထက်တန်းရှေ့နေ**
ဦးသန်းဌေး (စဥ်-၂၈၃၅၅) — **အထက်တန်းရှေ့နေ**
အမှတ် ၅၅၊ ပထမထပ်၊ အခန်း(၁၅-က)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၃၁၆၆၀၆၆၀၊၀၉-၇၃၁၈၉၉၃၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ မစိုးရိမ်ကျောင်းရှေ့၊ ရေကူးရွာမလမ်း၊ အမှတ်(၁၁၅/A)ဟုခေါ်တွင်သော အလျား ၄၈ ပေ×အနံ ၂၇ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ရီရီဆွေ ၁၂/မရက(နိုင်)၀၆၆၃၇၁ ထံမှ ကျွန်ုပ်ဝယ်ယူရန် ဖော်ပြပါ အိမ်၊ မြေ၏တန်ဖိုးတစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်၊ မြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ရီရီဝင်း
အမှတ်(၉၄/၂)၊ မြိုင်တန်းသာလမ်း၊ (၁၄/၂)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၁၀၀၁၈၈၆၊ ၀၉-၄၂၈၀၁၀၁၆၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေကွက်အမှတ် ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၆၈ရပ်ကွက်၊ ဦးတရုတ်ကြီးလမ်း၊ ပါမစ်မြေကွက်အမှတ် ၈၊ ပါမစ်အမည်ပေါက် ဒေါ်ခင်သန်းအေး၊ မြေကွက်အမှတ် ၉ အမည်ပေါက် ဒေါ်မြင့်မြင့်သန်း၊ မြေကွက်အမှတ် ၁၀ ပါမစ်အမည်ပေါက် ဒေါ်တင်လှိုင်၊ မြေကွက်အမှတ် ၁၁ ပါမစ်အမည်ပေါက် ဒေါ်မြမြ ပါမစ်မြေ ပေ(၄၀×၆၀)မြေကွက်လေးကွက်တွဲ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ပိုင်ဆိုင်သူ ဦးတင်ကိုဦး ၁၂/သဃက (နိုင်)၁၂၁၅၄၁ထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ် ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးမိုးဇော်
အမှတ် ၁၂၁၂၊ ၁၃ရပ်ကွက်၊ ရတနာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၅၉၅၆၉၊ ၀၉-၇၃၂၄၀၈၈

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အေးကြည် (ဖျာပုံ)
အသက်(၉၂)နှစ်

ရန်ကုန်မြို့နေ(ဦးမြလွင်-ဒေါ်တင်မြ)၊ ဦးခင်စိန်(စိုးစံတေးသံသွင်း)-(ဒေါ်ရီရီ)၊ (ဦးအောင်နိုင်-ဒေါ်ကျင်အေး)၊ ဦးအောင်ဝင်း-ဒေါ်ကျင်ထွေးတို့၏အစ်မကြီး၊ ဦးအောင်သူ(B.Sc Math)၊ ကိုသူရိန်ဦး-ဒေါ်ဆုမြတ်မွန် (Global Style Co., Ltd.)၊ဒေါ်အေးမြတ်မွန်(ပုံရိပ်သွင်ဓာတ်ပုံလုပ်ငန်း)၊ ဒေါက်တာမေဖြူစင်(ရွှေရောင်ခြယ် Co.,Ltd.)၊ကိုအောင်သော်(ရွှေရောင်ခြယ်Co.,Ltd.)၊ ကိုညဏ်လင်း (ရွှေရောင်ခြယ် Co.,Ltd.)၊ မခေမာမင်း (1st year B.tech, Civil)၊ မနှင်းဝေယံ(2nd year၊ဆေး-၁)တို့၏အဘွား၊ မသွန်းရတီ၏ဘွားဘွားကြီးသည် ၁၈-၂-၂၀၁၄ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် နှင်းဆီကုန်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။ [အမှတ် ၆၅-E၊ ဗဟိုလမ်း၊ (၃-ခ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းကြည် (ဂုဏ်ပိုးထည်တိုက်)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁၆-စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးလှကြည်-ဒေါ်နှင်းညွန့်)(ဂုဏ်ပိုးထည်တိုက်)တို့၏သမီးကြီး၊(စည်သူ ဦးအေးကျော်)၏ဇနီး၊ (ဦးထွန်းအောင်ကျော်၊ လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၊ ဒေါ်ခင်ဥမ္မာသိန်း (ဒု-ကြီးကြပ်ရေးမှူး၊ ကြေးနန်း၊ဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း)၊ဒေါ်နုနုအေးတို့၏မိခင်ကြီး၊ မောင်စိုးဝေယံထွန်း(ဒုတိယနှစ်၊ ဆေး-၁)၊ မမြတ်သဉ္ဇာကျော်(အထက-၂၊ ဗဟန်း)တို့၏အဘွားသည် ၁၈-၂-၂၀၁၄ရက်(အင်္ဂါနေ့)နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၂- ၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းကြည် (ဂုဏ်ပိုးထည်တိုက်)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁၆-စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးလှကြည်-ဒေါ်နှင်းညွန့်)(ဂုဏ်ပိုးထည်တိုက်)တို့၏သမီးကြီး၊(စည်သူ ဦးအေးကျော်)၏ဇနီး၊ (ဦးညွန့်မောင်-ဒေါ်ကြည်ကြည်)၊ (ဦးကျော် ညွန့်)-ဒေါ်တင်ညွန့်တို့၏ညီမ၊ (ဒေါ်အမာ-ဦးဘုန်းမြင့်)၊ (ဦးညွန့်အောင်-ဒေါ်မြင့်မြင့်)၊ ဒေါ်တင်ကြည်၊ ဦးမောင်မောင်-ဒေါ်ဖူဂျီကိုတို့၏အစ်မကြီးသည် ၁၈-၂-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၂- ၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ပါမောက္ခ ဒေါ်အုံးကြည် (ငြိမ်း)
သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်
(အချိန်ပိုင်းပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)
အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊အမှတ် ၁၂၇(အေ)နေ (ဦးလှအောင်-ဒေါ်ညွန့်ညွန့်)တို့၏သမီးချွေးမ၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးမြင့်၏ဇနီး၊ (ဦးတင်အောင်မြင့်)၊ ဒေါက်တာသန်းမေဦး (လက်ထောက်ဆေးရုံအုပ်ကြီး၊ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ မန္တလေး)၊ ဒေါက်တာရဲထွဋ်(Salisbury Hospital, UK)၊ ဒေါက်တာသီတာမြင့် (John Tasker House Surgery-UK)၊ ဦးသက်တင် (Aviat Networks, S'pore)၊ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်နီတာ(Joy Connection,S'Pore)၊ ဒေါက်တာဇင်အောင်မြင့်(လက်ထောက်ဆရာဝန်၊ သင်္ကန်းကျွန်း၊ စံပြဆေးရုံကြီး)၊ ဒေါ်ခင်စိုးနွယ်(City mart Co., Ltd.)တို့၏မိခင်ကြီး၊ ဒေါက်တာအိအိဖြူထွဋ်(Broomfield Hospital, UK)၊ ဒေါက်တာမြတ်နိုးထင်အောင်မြင့်(မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးရုံး)၊ မစိုးသက်သက်အုံး(ခ)အိနီတာသက် (Service Source international S'pore)၊ မအိငယ်ထွဋ် (Cambridge University UK)၊ မအိသဉ္ဇာအောင်(Final Part II ဆေး-၁)၊ (ဦးဖေဝင်း-ဒေါ်ခင်ခင်စိန်)၊ ဦးဝင်း-[ဒေါ်ဇင်သွယ်(ခ)ဒေါ်ညွန့်ရွှေ]၊ ဦးမြကြွယ်-ဒေါ်ညွန့်ရည်တို့၏အစ်မကြီး၊ တူ၊ တူမ ကိုးယောက်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၇-၂-၂၀၁၄ရက် (တနင်္လာနေ့)မွန်းလွဲ ၁၂း၅၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၄ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးခင်ဇော်
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၈၃၊ဖားဂရာလမ်းနေ(ဦးကြီးမြင့်)-ဒေါ်သန်းနွဲ့ တို့၏သားကြီး၊(ဦးဘိုးအောင်-ဒေါ်ခင်ကြည်ကြည်) တို့၏သားသမက်၊ ဒေါ်နွယ်နွယ်အောင်(အမက-၁၀၊ လ/ခွဲ၊ လှိုင်)၏ခင်ပွန်း၊ ဦးထွန်းလင်း-ဒေါ်ဖြူဖြူမြင့်(ထ-၃၊စမ်းချောင်း)တို့၏မောင်၊ဦးဝင်းဇော်-ဒေါ်မြတ်သွယ်၊ (ဦးအောင်နိုင်)၏အစ်ကို၊ ဒေါက်တာအောင်ပြည့်ဖြိုး(လက်ထောက်ဆရာဝန်၊ မအူပင်ပြည်သူ့ဆေးရုံ)၏ ဖခင်၊ ဒေါက်တာဖြိုးမြတ်၊ မောင်ဘုန်းမြတ်သူ (ဆေး-၁)၊ မသဉ္ဇာထွန်းလင်း (C.B ဘဏ်ရုံးချုပ်)၊ မခြူးစိမ့်သွယ်(ထ/၁၊ ကြည့်မြင်တိုင်) တို့၏ဘကြီးသည် ၁၈-၂-၂၀၁၄ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄E ၊ မြေကွက်အမှတ် ၃၇၃၊ မြေကွက်တည်နေရာအမှတ်-၆၆၊ ၁၅၇လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက် ဒေါ်ကြူကြူဝင်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ကြူကြူဝင်း(မိခင်)၊ ဦးသောင်းဝင်း(ဖခင်)နှင့် ဦးကျော်ကျော်ဝင်း(သားတစ်ဦး-လူပျိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်သဖြင့် ဒေါ်ဥမ္မာဝင်း ၁၂/တမန(နိုင်)၀၇၁၂၁၉၊ ဒေါ်နိုင်နိုင်ဝင်း ၁၂/တမန(နိုင်)၀၆၉၇၀၄ တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀န၊ မြေကွက်အမှတ် ၂၉၇၊ မြေကွက်တည်နေရာအမှတ်(၃၃)၊ သီရိဇေယျာလမ်း၊ ၈၀နရပ်ကွက်၊ သဃ်န်းကျွန်း ဒေါ်ဖြူအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ဖြူထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ၁။ ဦးရဲလွင် ၁၂/သဃက(နိုင်)၁၄၃၃၁၁၊ ၂။ ဦးထွန်းကျော် ၁၂/သဃက(နိုင်)၁၃၉၂၉၁၊ ၃။ ဒေါ်မြင့်မြင့်ကြည် ၁၂/သဃက(နိုင်)၁၄၀၂၄၆ တို့က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒုတိယဗိုလ်မှူးကြီးသန်းဌေး (ငြိမ်း)
လူမှုထူးချွန် (တတိယဆင့်) D.T.S (30)
အသက် (၇၈) နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေဒီ (၇) လမ်း၊ အမှတ် ၆/၅၉ နေ ဒုတိယဗိုလ်မှူးကြီးသန်းဌေး (ငြိမ်း) သည် [illegible] ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲပါကြောင်း။

D.T.S (30) သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

အမေအရင်းကဲ့သို့ ချစ်ခင်လေးစားအားကိုးခဲ့ရသော ရန်ကုန်မြို့နေ ဒေါက်တာဦးတင်ဝင်း [ခွဲစိတ်ကုဆရာဝန်ကြီး(ငြိမ်း)]၏ဇနီး အမိုးနော်တကောဖော[အထက်တန်းသူနာပြုဆရာမကြီး(ငြိမ်း)] အသက် (၇၄)နှစ်သည် ၁၄-၂-၂၀၁၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရပါသဖြင့် ညီငယ်များဖြစ်သော ဗိုလ်ကြီးကျော်ဆန်းဝင်း(ငြိမ်း)၊ ဒေါက်တာကျော်ဝင်းအောင် [MRCS(ED)] (ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မိုးညှင်းပြည်သူ့ဆေးရုံ)၊ ညီငယ် အောင်အောင်တို့နှင့်အတူထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။ **ဗိုလ်မှူးအောင်ကျော်မိုး(ငြိမ်း)-ဒေါ်ညိုညိုလွင်မိသားစု**

မန္တလေးမြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးဇော်မင်း
မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း
အကောက်ခွန်ဦးစီးအရာရှိ(ငြိမ်း)
အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ ဒေါက်တာဦးသန်းထွဋ်-ဒေါက်တာဒေါ်တင်နိုင်မင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးဇော်မင်း အသက်(၇၃)နှစ်သည် ၁၄-၂-၂၀၁၄ ရက် ည ၁၁း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။ **ဒေါက်တာပြည့်ဖြိုးမောင်၊ ဒေါက်တာမေသူသူသစ်လွင်၊ ဒေါက်တာဖူးငုံ၊ ဒေါက်တာရည်မွန်၊** S/S**ဒေါ်ယုယု၊** S/N **ငြိမ်းငြိမ်း၊** T/N **ဖြူဖြူဝင်း၊ ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်အေးအေးပြုံး၊ ဒေါ်ဇင်မာထွန်း**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ထွေးဖြူ(လှိုင်ကော်)
အသက် (၆၆)နှစ်

အောင်ဆန်း(၇) တရားရေးအရာရှိသင်တန်းဆင်း သူငယ်ချင်း ဦးဝင်းဖေ၏ဇနီး ဒေါ်ထွေးဖြူသည် ၁၄-၂-၂၀၁၄ရက်(သောကြာနေ့) နံနက် ၈း၃၀နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အောင်ဆန်း(၇) တရားရေးအရာရှိ
သင်တန်းဆင်း သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးမြင့်စိုး အသက် (၆၀)
(Second Mate) Managing Director, Grand City Company Ltd.
[illegible]

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးမျိုးထွန်း(ငြိမ်း)
အသက်(၄၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်၊ အမှတ် ၂၀၉ နေ ဒုတိယဗိုလ်မှူးကြီးမျိုးထွန်း(ငြိမ်း) (စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း)သည် ၁၂-၂-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု
အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၁၂၆၄မှ ၁၂၇၉ထိ (၁၆)ကွက်၊ မြေကွက်တည်နေရာ (၀၂၆၉) မ/ဒဂုံH-001 ထူးထရေးဒင်းကုမ္ပဏီလီမိတက် အမည်ပေါက်မြေအား အမည်ပေါက်(၀၂၆၉) မ/ဒဂုံ H-001 ထူးထရေးဒင်းကုမ္ပဏီလီမိတက် ဦးတေဇ(ကိုယ်စား) ဦးအောင်ပြည့်ဖြိုးဦး ၁၂/ဒဂန(နိုင်)၀၃၂၆၆၄က စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ထူးထရေးဒင်းကုမ္ပဏီလီမိတက်သို့ စက်သုံးဆီအရောင်းဆိုင် အမှတ် ၀၂၆၉၊ မြောက်ဒဂုံမြို့နယ်အား ပုဂ္ဂလိကပိုင် လွှဲပြောင်းပေးအပ်ရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး (အရှေ့ပိုင်းဒေသ)၏ လွှဲပြောင်းပြီးစီးမှုမှတ်တမ်းတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ် (ဂရန်သစ်) လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

